မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၈၃)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၁ ရက်၊ တနင်္လာနေ့။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

တိမ်အသင့်အတင့်

၁-၄-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုဘိုင်းဖုန်းဆင်းမ်ကတ်များ အသက်သာဆုံးကျပ်ငွေနှုန်းထားဖြင့် ရောင်းချပေးသွားမည်

တိုင်းပြည်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဘက်ဘက်မှ အထောက်အကူများရရှိနေ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဆူပူမှုဖြစ်နေလျှင် အခွင့်အလမ်းတွေ ဆုံးရှုံးသွားမည်ဖြစ် မိဘပြည်သူများအားလုံးက တည်ငြိမ်အေးချမ်းအောင် ကူညီဆောင်ရွက်ပေးဖို့ မေတ္တာရပ်

နိုင်ငံတော်သမ္မတ လစဉ်ပြောကြားသည့် ရေဒီယိုမိန့်ခွန်း

၃၁-၃-၂၀၁၃

မိဘပြည်သူများခင်ဗျား-

ကျွန်တော့်အနေဖြင့် လစဉ် ရေဒီယိုမှတစ်ဆင့် ပြည်သူများအား အသိပေးပြောကြားသင့်သည်များကို ပြောကြားလျက်ရှိရာရှေးဦးစွာ မိဘပြည်သူများ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ပထမအချက်အနေနဲ့ကတော့ ပြည်သူအများ မျှော်လင့်စောင့်စားနေကြတဲ့ မိုဘိုင်းတယ်လီဖုန်းကိစ္စဖြစ်ပါတယ်။ မိုဘိုင်းတယ်လီဖုန်း ဆင်းမ်ကတ်များကို ယခုဧပြီလမှစပြီး သက်ဆိုင်ရာ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ လိုအပ်သည့်အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပြီး အသက်သာဆုံး ကျပ်ငွေနှုန်းထားဖြင့် ကျွန်တော်ကတိပေးပြောကြားထားသည့်အတိုင်း ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။

မိုဘိုင်းတယ်လီဖုန်းဆင်းမ်ကတ်ရောင်းချရာမှာ တည်ဆောက်ပြီးဖြစ်တဲ့ အခြေခံအဆောက်အအုံ၊ တပ်ဆင်ထားပြီးဖြစ်သည့် လိုင်းအင်အားနှင့် ဝင်ဆံ့သည့် မိုဘိုင်းတယ်လီဖုန်းအရေအတွက်ကို တွက်ချက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး မျှမျှတတဖြစ်စေရန် ဖြန့်ခွဲရောင်းချပေးသွားမှာဖြစ်ပါတယ်။ ၎င်းအပြင် အခြေခံတယ်လီဖုန်းအဆောက်အအုံများနဲ့ တယ်လီဖုန်းလိုင်းများကို ပြည်တွင်းပြည်ပ ကုမ္ပဏီများဖြင့် လစဉ် တိုးချဲ့တပ်ဆင်သွားမည့်အပြင် မိုဘိုင်းတယ်လီဖုန်း ဆင်းမ်ကတ်များကိုလည်း လစဉ်မှန်မှန် ရောင်းချပေးသွားမှာဖြစ်တဲ့အတွက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးလက်ဒေသအထိ ဆက်သွယ်ရေးစနစ်များ တိုးတက်ကောင်းမွန်လာအောင် စီမံချက်ချမှတ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပင် လက်ရှိသုံးစွဲနေသည့် အော်တိုတယ်လီဖုန်းလိုင်းများကိုလည်း ပိုမိုကောင်းမွန်အောင် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒုတိယအချက်အနေဖြင့် ဝန်ထမ်းများ၏လစာနှင့် ထောက်ပံ့ကြေးကိစ္စဖြစ်ပါတယ်။ အဆိုပါကိစ္စနဲ့ပတ်သက်ပြီး တိုင်းပြည်ရဲ့စီးပွားရေးအခြေအနေ၊ ရငွေနဲ့သုံးစွဲရမည့်ငွေဘတ်ဂျက်အခြေအနေပေါ်မှာ တွက်ချက်ပြီး အခါအားလျော်စွာ တိုးမြှင့်ထောက်ပံ့ပေးသွားမှာဖြစ်ကြောင်း ကျွန်တော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေရငွေသုံးငွေစာရင်းမှာ ဝန်ထမ်းများအတွက် လစာနှင့်ပင်စင်တိုးမြှင့်ပေးနိုင်ရန် တွက်ချက်ပြီး ကျပ်ငွေ ၃၈၅ ဘီလီယံ ထည့်သွင်း၍ လွှတ်တော်သို့ တင်ပြတောင်းခံခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှလည်း ဝန်ထမ်းများ၏ အခက်အခဲကို စာနာပြီး ခွင့်ပြုပေးခဲ့ပါတယ်။ ဒါကြောင့် ယခင်ထောက်ပံ့ပေးထားခဲ့သည့် ကျပ်ငွေ ၃၀၀၀၀ (သုံးသောင်း)ကို ယခင်အတိုင်း ထောက်ပံ့ကြေးငွေအဖြစ် ဆက်လက်သတ်မှတ်ပြီး ယခု ကျပ်ငွေ ၂၀၀၀၀(နှစ်သောင်း) ကို လစာငွေအဖြစ် ဧပြီလမှစပြီး ထပ်မံ၍ တိုးမြှင့်ပေးသွားမှာဖြစ်ပါတယ်။

တတိယအချက်ကတော့ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ဖြစ်ပါတယ်။ "ရေမြင့်ရင် ကြာတင့်တယ်" ဆိုသလို တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရင် တိုးတက်သလောက် ပြည်သူများရဲ့ လူမှုစီးပွားဘဝဟာလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ အလုပ်အကိုင်အခွင့်အလမ်းများရရှိဖို့အတွက် အလုပ်ရုံစက်ရုံများ ထူထောင်နိုင်ရန် ကျွန်တော်တို့တိုင်းပြည်မှာ ငွေကြေးအရင်းအနှီး၊ နည်းပညာနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ လိုအပ်နေပါတယ်။ ဒီအချက်တွေ မပြည့်စုံသေးချိန်မှာ ပြည်ပမှ အရင်းအနှီးတွေ ဖိတ်ခေါ်ရမှာဖြစ်ပါတယ်။ ပြည်ပအရင်းအနှီးတွေ ဖိတ်ခေါ်ရာမှာလည်း တိုင်းပြည်ရဲ့အကျိုး၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို မထိခိုက်စေမည့် မူဝါဒများလည်း ချမှတ်ထားပြီးဖြစ်ပါတယ်။ ပြည်ပအရင်းအနှီးတွေ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့အတွက် နိုင်ငံတကာနဲ့ လိုက်လျောညီထွေရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ထုတ်ပြန်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ပြည်ပက မိမိတို့နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့တားဆီးမှုတွေ ဖြေလျှော့ပေးနိုင်ဖို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်ရာမှာ အောင်မြင်မှုအချို့ ရရှိနေပြီ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က တင်ရှိနေတဲ့ နိုင်ငံခြားကြွေးမြီများအနက်မှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၀၀၀ ကျော်ကိုလည်း လျှော်ပစ်ပယ်ဖျက်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ ODA တို့မှ အတိုးနှုန်းသက်သာတဲ့ နှစ်ရှည်ချေးငွေများကိုလည်း ရရှိတော့မှာဖြစ်ပါတယ်။ တိုင်းပြည်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ အထောက်အကူများ ရရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကလိုအပ်ချက်ကတော့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပဲဖြစ်ပါတယ်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်း၏ ကိုယ်ရေးအကျဉ်း

၁။ ဒေါက်တာ တိုနီတန်ကင်ယမ်းကို ၁၉၄၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင်စင်ကာပူနိုင်ငံ၌ မွေးဖွားခဲ့ပါသည်။ သူသည် ငယ်စဉ်က စိန့်ပီတာပတ်ခ်ကျောင်းနှင့် စိန့်ဂျိုးဇက်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ပါသည်။ ဒေါက်တာတန်သည် ၁၉၆၂ ခုနှစ်တွင် စင်ကာပူ တက္ကသိုလ်မှ ရူပဗေဒဂုဏ်ထူးဘွဲ့ရရှိခဲ့ပြီး Massachusetts နည်းပညာတက္ကသိုလ်တွင် ဆက်လက် ပညာသင်ယူခဲ့ရာ မဟာသိပ္ပံဘွဲ့ ရရှိခဲ့သည်။ ထို့နောက် ၎င်းသည် Adelaide တက္ကသိုလ်မှ သင်္ချာဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့သည်။

၂။ ဒေါက်တာတန်သည် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ၁၉၆၄ ခုနှစ်တွင် စင်ကာပူတက္ကသိုလ် ရူပဗေဒဌာနတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၁၉၆၇ ခုနှစ်တွင် ဒေါက်တာဘွဲ့ရရှိပြီးနောက် သင်္ချာဌာန၌ ကထိကအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် တက္ကသိုလ်မှ အလုပ်ထွက်ခဲ့ပြီးနောက် Overseas Chinese Banking Cooperation (OCBC) ဘဏ်သို့ဝင်ရောက်၍ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သူသည် ၁၉၇၉ ခုနှစ်တွင် နိုင်ငံရေးလောကသို့ဝင်ရောက်ရန် ဘဏ်အလုပ်မှ ထွက်ခဲ့ပါသည်။

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်း

စင်ကာပူသမ္မတနိုင်ငံ သမ္မတ၏ ဇနီး မစ္စစ် မေရီတန်

၃။ ၁၉၇၉ ခုနှစ်တွင် ဒေါက်တာတန်သည် ပါလီမန်အဖွဲ့တွင် ရွေးချယ်ခြင်းခံခဲ့ရပြီး ပညာရေးဝန်ကြီးဌာန ဝါရင့်ဒုတိယပညာရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ၁၉၈၀ ခုနှစ်၊ ဇွန်လတွင် ပညာရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရပြီး တစ်ပြိုင်တည်းမှာပင် စင်ကာပူအမျိုးသားတက္ကသိုလ် ဒုတိယအကြီးအကဲအဖြစ်လည်း ဆောင်ရွက်ခဲ့ပါသည်။ တစ်နှစ်ခန့်အကြာတွင် ဒေါက်တာတန်ကို ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ၁၉၈၃ ခုနှစ် အောက်တိုဘာလမှ ၁၉၈၅ ခုနှစ် ဇန်နဝါရီလအထိ ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအဖြစ်လည်းကောင်း ပူးတွဲတာဝန်ပေးအပ်ခြင်းခံခဲ့ရပါသည်။ ၁၉၈၅ ခုနှစ် ဇန်နဝါရီလမှ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလအထိ ပညာရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၁၉၉၁ ဒီဇင်ဘာလတွင် ဒေါက်တာတန်သည် အစိုးရဝန်ကြီးအဖွဲ့မှ နုတ်ထွက်၍ OCBC ၏ အလုပ်အမှုဆောင်အဖွဲ့အကြီးအကဲနှင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပုဂ္ဂလိကအလုပ်ကို ပြန်လည်လုပ်ဆောင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ် ဩဂုတ်လတွင် အစိုးရအဖွဲ့သို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးကာကွယ်ရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်အဖြစ် *စာမျက်နှာ ၈ ကော်လံ ၁* ❐

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အောင်မြင်ရေးလမ်းကြောင်းအတွက် အဖြေတစ်ခု

ပြဿနာတိုင်းအတွက် အဖြေရှိစမြဲဖြစ်သည်။ ပြဿနာတစ်ခု၏အဖြေကို စဉ်းစားရှာဖွေဖော်ထုတ်လျှင် အဖြေရစမြဲဖြစ်သည်။ သင်္ချာပုစ္ဆာတစ်ပုဒ်ကိုတွက်လျှင် စဉ်းစားရှာဖွေပြီးမှ အဖြေရရှိရန်တွက်ချက်ရသည်။ စဉ်းစားတွေးခေါ်ပြီး လုံ့လဝီရိယအားထုတ်၍ တွက်ချက်ကြရသည်။ ထို့ကြောင့်ပုစ္ဆာတိုင်းတွင် အဖြေရှိမြဲရှိနေသည်။

မဟော်သဓာဇာတ်တော်၌ ဆင်စားသောမြက်များကို ယူငင်စားသောက်လေ့ရှိသော ဆိတ်အား ဆင်ထိန်းသည် ပြင်းထန်စွာရိုက်၍ နှင်ခဲ့သည်။ ဆိတ်သည်မြက်ကိုစားရန် အထူးကြံစည်အားထုတ်နေ၏။ နန်းတော်၏တစ်ဖက်၌လည်း စားတော်ကဲ၏ စားဖိုဆောင်တွင် အမဲသားငါးတို့ကို ချီယူစားလေ့ရှိသောခွေးအား အစောင့်တို့သည် ပြင်းစွာရိုက်၍နှင်လိုက်ပြန်၏။ ခွေးသည်လည်း စားဖိုဆောင်အတွင်းရှိသော အမဲသား၊ ငါးတို့ကို စားရန်ကြံစည် တွေးတောနေ၏။ ခွေးနှင့်ဆိတ်တိုင်ပင်ဆွေးနွေးစဉ် အကြံကောင်းတစ်ခုပေါ်လာ၏။ ဆိတ်က ခွေးကို ပြောကြားသည်မှာ သင်သည်ဆင်တင်းကုပ်သို့သွားပါက သင့်အားဆင်ထိန်းသည် မည်သို့မျှပြုမည်မဟုတ်၊ သင်သည် မြက်စားခြင်းမဟုတ်၍ ဆင်ထိန်းက သင့်ကို စောင့်ကြည့်နေမည်မဟုတ်။ သင်သည် စားရန်ထားသောမြက်ကို ယူဆောင်လာခဲ့။ ငါသည်လည်းစားဖိုဆောင်သွားပါက စားတော်ကဲက ငါ့အား အမဲသားငါးစားသော အမျိုးမဟုတ်၍ ဝင်ထွက်ခွင့်ပြုပေလိမ့်မည်။ ငါသည်အမဲသားငါးတို့ကို ယူဆောင်လာခဲ့အံ့။ ရရှိလာသောအခါ အဆွေယူဆောင်လာသောမြက်ကို ငါ့အားပေး၍ ငါယူဆောင်လာသော အမဲသားကို အဆွေအားပေးအံ့ဟု အကြံဉာဏ်ထုတ်၍ မိမိတို့အသက်ကို မွေးမြူနေခဲ့သည်။

ပညာရရှိသည်မှာ တိရစ္ဆာန်ပင်လျှင်ကြံစည်တွေးတော အကြံကောင်းထုတ်နိုင်လျှင် လူသားအားလုံးသည် မိမိလုပ်မည့် လုပ်ငန်းအပေါ် စိတ်ကူးအကြံကောင်းထုတ်မည်ဆိုပါက အောင်မြင်ပြီး အဖြေတစ်ခု ရရှိမည်ဖြစ်ပါသည်။

စဉ်းစားတွေးခေါ်ခြင်းနှင့် ပမာတစ်ခုပြုရပါက တစ်ရံရောအခါက ငှက်တစ်ကောင်သည် အလွန်ရေဆာလောင်သဖြင့် ရေကိုရှာဖွေသော်လည်း ရေမတွေ့၊ တွေ့ပြန်သော်လည်း ရေတစ်ဝက်မျှသာရှိသော ရေကရားတစ်ခုကိုတွေ့၏။ သို့သော် ရေကိုမမီ။ အခက်အခဲတွေ့ရပြန်သည်။ ထိုပြဿနာကိုစဉ်းစားအကြံထုတ်သည်။ အမျိုးမျိုးကြံစည်စိတ်ကူးသော် ငှက်သည် အဖြေအတွက် နည်းလမ်းကောင်းရရှိခဲ့သည်။ မြေပေါ်ရှိခဲများကိုနှုတ်သီးဖြင့် တစ်လုံးပြီးတစ်လုံးချီယူကာ ကရားအတွင်းသို့ချ၍ ရေတို့သည် ကရားနှုတ်ခမ်းသို့တိုင်ရောက်လာမှ ရေကိုသောက်ရဖူးသော သာဓကတစ်ခုရှိခဲ့သည်။ သာမန်အားဖြင့် မဖြစ်နိုင်သော ပုစ္ဆာဖြစ်စေကာမူ စိတ်ကူးအားထုတ်ကြိုးစား၍ လိုရာကိုရရှိခဲ့သည်။

မျက်မှောက်ကာလတွင် ဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနေပြီး ပြည်သူကိုဗဟိုပြု၍ ပြည်သူ့အကျိုးစီးပွားတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ယနေ့နိုင်ငံ့ဝန်ထမ်းများသည်လည်း ပြည်သူ့ဘက်မှရပ်တည်ပြီး ပြည်သူများအတွက် စဉ်းစားခြင်း၊ ပြည်သူ့အကျိုးအတွက် စဉ်းစားခြင်း၊ တန်ဖိုးရှိသိက္ခာရှိသည့် စဉ်းစားမှုများဖြင့် စဉ်းစားတွေးခေါ်ပြီး လုပ်ကိုင်ကြရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းအားလုံးသည် ပြည်သူများကိုဝန်ဆောင်မှုပေးနေသည်ဟု ခံယူကြရမည်ဖြစ်သည်။ ပြည်သူများအားလုံးသည်လည်း နိုင်ငံတော်ကြီးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာတွင် မှန်ကန်သောစဉ်းစားတွေးခေါ်မှုများဖြင့် လုပ်ကိုင်ကြပါက ရည်မှန်းသည့်အောင်မြင်ရေးလမ်းကြောင်းကို ရောက်ရှိမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံခန့်ခွဲမှုစာတမ်းတင်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၃၁

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မိမိတို့ထမ်းဆောင်နေသည့် အမျိုးသားရေးတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရေး အစဉ်တစိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ မတ် ၂၉ ရက်က ကျင်းပသည့် စာတမ်းတင်သွင်းသပ်ဆွေးနွေးပွဲသည် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ လက်ခံကျင်းပရေး၌ ကြိုတင်ပြင်ဆင်ရေးကိစ္စရပ်များကို အထောက်အပံ့ပြုမှုများ ပေါ်ထွက်လာရုံသာမက နိုင်ငံ၏အမျိုးသားရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းအဖြေရှာ ဆောင်ရွက်ကြခြင်းဖြင့် အနာဂတ်မြန်မာပြည်၏ အင်အားအဖြစ် လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ကာ မိမိတို့၏ အမျိုးသားရေးတာဝန်တစ်ရပ်ကို အင်တိုက်အားတိုက် တက်ကြွစွာဆောင်ရွက်သွားရမည် ဖြစ်ကြောင်းဖြင့် ယနေ့တွင် အဆိုပါ ဝန်ကြီးရုံး၌ကျင်းပသည့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်ရမည့် အာဆီယံအစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် အချိန်နှင့်တစ်ပြေးညီ လျာထားချက်များပြည့်ဝနိုင်စေရန် ဝန်ထမ်းများ၏ Capacity Building မြှင့်တင်ရေးတို့အတွက် ရည်ရွယ်ကျင်းပသည့် စီမံခန့်ခွဲမှုစာတမ်းတင်ဆွေးနွေးပွဲ၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို အစီအစဉ်နှစ်ပိုင်းဖြင့် ကျင်းပပြီး ပထမပိုင်းတွင် စာတမ်းရှင်လေးဦးက Logistic ကဏ္ဍ၊ Reporter ကဏ္ဍ၊ အစည်းအဝေး၏ စီမံခန့်ခွဲမှုနှင့် Interpreter ၏ အရေးကြီးသောအခန်းကဏ္ဍများ၊ ဒုတိယပိုင်းအစီအစဉ်၌ စာတမ်းရှင် သုံးဦးက အတိုမှတ်ရေးသားခြင်း၊ ၂၀၁၄ ခုနှစ် အာဆီယံ အစည်းအဝေးများတွင် သံတမန်ရေးရာပြင်ဆင်မှုများ၊ ဆက်ဆံရေးအရာရှိ၏ အရေးကြီးသောအခန်းကဏ္ဍများ စသည့်ခေါင်းစဉ်များဖြင့်ဆွေးနွေးကြကာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းတို့က စာတမ်းများအပေါ် ပြန်လည်ဆွေးနွေးသုံးသပ်ခဲ့ကြသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ



တစ်ဝမ်းတစ်ခါးအတွက် ဟိုသည်ကူးလူးစီးနင်းသူများ

လူ့ဘဝသည် ရခဲလှ၏။ ရခဲလှသော လူ့ဘဝကို မထီမဲ့မြင်ပြုမူနေကြသူများလည်းရှိသည်။ မန္တလေးဘူတာကြီးမှ အစုန်အဆန်သွားလာလျက်ရှိသော မီးရထားတွဲဆိုင်းအမိုးများပေါ်တွင် သည်မှဟို ဟိုမှသည် ကူးချည်သန်းချည် လိုက်ပါစီးနင်းလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ မီးရထားခေါင်မိုးပေါ်တွင် စတန့်ထွင်ကာ စီးနင်းနေကြသူများမှာ မန္တလေးဘူတာကြီးသို့ ဝင်ရောက်လာမည့် အဝင်ရထားများမှ ခရီးသည်များကို မြို့ဟောင်းဘူတာမှနေ၍ စောင့်ဆိုင်း ကြိုဆိုရန်အတွက် ယခုကဲ့သို့ လိုက်ပါစီးနင်းကြခြင်းဖြစ်ကြောင်း၊ အများစုမှာ ဆိုင်ကယ် Taxi သမားများဖြစ်ကြောင်း၊ အသက်အန္တရာယ်ကို အလွန်စိုးရိမ်ရကြောင်း၊ တစ်ဝမ်းတစ်ခါးအတွက် ဤကဲ့သို့ စွန့်စား၍ မလိုက်သင့်ကြောင်းဖြင့် မီးရထားသံလမ်းဘေးရပ်ကွက်နေပြည်သူ တစ်ဦးက ပြောပြသည်။

မြန်မာ့မီးရထားအနေဖြင့်လည်း မီးရထားခေါင်မိုးပေါ်မှ စီးနင်းခြင်းကြောင့် အသက်ဆုံးရှုံးနိုင်ကြောင်း အသိပေး ကြေညာထားသော်လည်း လိုက်နာမှုအားနည်းကြောင်း၊ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သင့်ကြောင်း၊ အဖိုးတန်လှသော လူ့အသက်နှင့် ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများဆုံးရှုံးမှု ကင်းဝေးစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်ပေးသင့်ကြောင်းကို အန္တရာယ်ကိုစိုးရွံ့သူ ရပ်ကွက်နေပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။ **(နန္ဒ-မန္တလေး)**

လျှော့-လျှော့၊ လျှော်-လျှော်

ဈေးလျှော့ပေးပါဦး။ တဖြည်းဖြည်း လျှော့နည်းလာသည်။ ဤစကားလုံးနှစ်လုံးကို ရောထွေးပြီး ပြောင်းပြန် ရေးသားနေကြသည်ကို မကြာခဏ တွေ့ရှိရသည်။ ကြိုးကို လျှော့ပေးပါ။ ကြိုးလျှော့နေသည်။ တင်းအောင်ချည်ပါဟုသုံးလျှင် မှားသည်။ ကြိုးကို လျှော့ပေးပါ၊ ကြိုးလျှော့နေသည်။ တင်းအောင် ချည်ပါဆိုမှ မှန်ပါသည်။

ထိုနည်းတူ လျှော် နှင့် လျှော်ကိုလည်း အချို့က ပြောင်းပြန်ရေးသားနေကြပါသည်။ လျော်ကြေးငွေ တစ်သောင်းပေးရမည်။ ကျွန်တော် ပေးရန်ရှိသော အကြွေးများကို လျော်ပေးပါဟုရေးပါက မှားပါသည်။ လျော်ကြေးငွေ တစ်သောင်းပေးရမည်။ ကျွန်တော် ပေးရန်ရှိသော အကြွေးများကို လျှော်ပေးပါဆိုမှ မှန်ပါသည်။ အဝတ်များ လျှော်ဖွပ်သည်တွင်လည်း 'ဟထိုး' ပါမှ မှန်ပါသည်။

အလွန်အရေးကြီး

နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် အင်္ဂလိပ်စာအရေးအသား၊ အပြောအဆိုမှန်ကန်ကျွမ်းကျင်ရန် လိုအပ်သကဲ့သို့ မိမိ၏ မိခင်ရင်း မြန်မာဘာသာကိုလည်း စာလုံးပေါင်းသတ်ပုံမှန်ကန်စွာရေးရန် အလွန်အရေးကြီးပါသည်။ **တက္ကသိုလ်ဆရာတစ်ဦး**

ပအိုဝ်းအမျိုးသားနေ့ စည်ကားစွာ ကျင်းပ

တောင်ကြီး မတ် ၃၁

၂၀၁၃ ခုနှစ် မတ် ၂၆ ရက် ၁၃၇၄ ခုနှစ် တပေါင်းလပြည့်နေ့တွင် ကျရောက်သည့် (၆၄)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အထိမ်းအမှတ် ပဒေသာပင်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းကကျင်းပရာ ရှေးဦးစွာ အမျိုးသားဝတ်စုံများ ကိုယ်စီဝတ်ထားကြသည့် အမျိုးသား၊ အမျိုးသမီး ကြီး ငယ် လတ် အင်အား ၂၀၀၀ ခန့်သည် ဗိုလ်ချုပ်ဆောင်ဆန်းလမ်းအတိုင်း မြို့လယ်ခေတ်ဆီဆိုင်မှ တောင်ကျောင်းကြီး ပရိယတ္တိစာသင်တိုက်အထိ အတီးအမှုတ်အကအခုန်များနှင့် ပျော်ရွှင်စွာ စီတန်းလှည့်လည်ပြီး အဆိုပါ စာသင်တိုက်တွင် လှူဒါန်းရေစက်ချသည်။

သီဆိုဖျော်ဖြေခဲ့

ဆက်လက်၍ ကံကြီးရပ်ကွက်တွင်ရှိသည့် ပအိုဝ်းအမျိုးသားဘောလုံးကွင်း(ဒယ်သီလာဗွေ)တွင် ကျင်းပသည့် ရိုးရာအားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများအား လည်းကောင်း၊ ညပိုင်းတွင် ပအိုဝ်းရိုးရာယဉ်ကျေးမှု ဇာတ်/သီချင်းများဖြင့်လည်းကောင်း သီဆိုဖျော်ဖြေခဲ့သည်။

လှူဒါန်းခဲ့

အဆိုပါ ပအိုဝ်း အမျိုးသားနေ့သို့ တောင်ကြီး၊ အေးသာယာ၊ ဟိုပုံး၊ မိုင်းပျဉ်းလေး၊ ကလော၊ အောင်ပန်း စသည့်ဒေသများမှ ပအိုဝ်းတိုင်းရင်းသားများအပြင် ဒေသခံရှမ်း၊ ဓနု၊ တောင်ရိုး၊ မြန်မာစသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံလာရောက် ဆင်နွှဲလှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **နိုင်ထွန်း(TGI)**

တာအုပ်တာပေ လူ့မိတ်ဆွေ

နယ်စပ်ရေးရာဝန်ကြီးဌာန သင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် မတ် ၃၁

ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်းအမှတ်စဉ် (၂၅)နှင့် ပစ္စည်းထိန်း-၄ သင်တန်းအမှတ်စဉ်(၂) သင်တန်းများဆင်းပွဲ အခမ်းအနားများကို မတ် ၂၉ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

KMD mobile

KMD mobile Franchise ဆိုင်ခွဲ ဖွင့်လိုသူများ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

HOTLINE 09 5062156

iNFO Net
Business Solution Development

Customer service is our priority

IMEI Code

Email: infonetygn@gmail.com

ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

တိုင်းပြည် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဆူဆူပူပူဖြစ်နေရင်တော့ ကျွန်တော်တို့ တိုင်းပြည်အတွက် အခွင့်အလမ်းတွေ ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိဘပြည်သူများအားလုံးက တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

စတုတ္ထ အချက်ကတော့ ကျွန်တော်တို့တိုင်းပြည်မှာ အခြေခံအကျဆုံး လူအများစုဖြစ်တဲ့ အလုပ်သမားနဲ့ တောင်သူလယ်သမားများ ဘဝ တိုးတက်မြင့်မားရေးဖြစ်ပါတယ်။ တိုင်းပြည်လူဦးရေရဲ့အများစုဟာ ကျေးလက်မှာ နေထိုင်ကြပြီး လယ်ယာလုပ်ငန်းနဲ့ လယ်ယာလုပ်ငန်းအပေါ်မှာ အခြေခံတဲ့ လက်လုပ်လက်စားသမားများဖြစ်ပါတယ်။ လယ်ယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားရေး၊ ဝတ်ရေးနဲ့နေရေးတို့ ပြည့်စုံဖူလုံလာမှာဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများ အနေနဲ့ အလုပ်ကို ကြိုးစားလုပ်ကိုင်ကြပြီး လယ်ယာထွက်ကုန်များ ပိုမိုထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့၊ မိမိတို့ရဲ့ လယ်မြေများတန်ဖိုးမြင့်တက်လာအောင် လယ်မြေများကို ပြုပြင်ကြဖို့၊ အထွက်တိုးတဲ့ မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးကြဖို့၊ စနစ်တကျ သိပ္ပံနည်းကျစိုက်ပျိုးကြဖို့နဲ့ စက်မှုလယ်ယာ ကူးပြောင်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမား၊ အလုပ်သမားများအတွက် အဓိကလိုအပ်ချက်ဟာ ငွေကြေးအရင်းအနှီးဖြစ်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ သိရှိထားပါတယ်။ ဒါကြောင့် ငွေကြေး အရင်းအနှီးကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် အသေးစားငွေစုငွေချေးဘဏ်၊ အသေးစားငွေစုငွေချေးအသင်းများနဲ့ သမဝါယမငွေစုငွေချေး အစုအဖွဲ့များ ထူထောင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် ပြည်ပအထောက်အပံ့နဲ့ ချေးငွေများကိုလည်း ရယူဆောင်ရွက်သွားမှာ ဖြစ်ကြောင်း အသိပေး ပြောကြားလိုပါတယ်။

ပဉ္စမအချက်ကတော့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရဟန်းရှင်လူ ပြည်သူအများစုဟာ တည်ငြိမ်အေးချမ်းတဲ့ တိုင်းပြည်၊ တရားဥပဒေစိုးမိုးတဲ့ တိုင်းပြည်ဖြစ်ဖို့ အလွန်လိုလားကြပါတယ်။ တိုင်းပြည် တည်ငြိမ်အေးချမ်းမှု မရှိခဲ့လို့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့ရတာကို အားလုံးကြုံတွေ့ခဲ့ကြရပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ တိုင်းပြည်မှာ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိအောင်၊ နိုင်ငံသားတိုင်း နိုင်ငံရေးလုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်ခွင့်ရအောင် ဖန်တီးပုံဖော်ပေးခဲ့ပြီးဖြစ်ပါတယ်။ အကျဉ်းသားပေါင်းများစွာကိုလည်း အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ဖြစ်ပါတယ်။ နောက်ထပ်လည်း လွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်အောင် အကျဉ်းသားစိစစ်ရေး ကော်မတီတစ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းပြီး စီမံဆောင်ရွက်လျက်ရှိပါတယ်။ နှစ်ပေါင်း ၆၀ ကျော် ကြာညောင်းခဲ့တဲ့ တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းအောင်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် အောင်မြင်မှုရလဒ်များလည်း ရရှိနေပြီဖြစ်ပါတယ်။

သို့သော်လည်းပဲ ဒီကနေ့မှာ ကျွန်တော်တို့ ပြည်သူအချို့ဟာ ပြဿနာတစ်ရပ် ကြုံတွေ့လာရင် တရားဥပဒေနည်းလမ်းဖြင့် ဖြေရှင်းရမည့်အစား ဒေါသအလျောက် ဥပဒေကို မျက်ကွယ်ပြုပြီး လူအုပ်စုဖွဲ့ကာ အကြမ်းဖက်သတ်ဖြတ်မှု၊ မီးရှို့မှုများ ကျူးလွန်နေကြတဲ့အတွက် နိုင်ငံတကာမျက်နှာစာမှာ မျက်နှာပျက်ဖွယ်ရာများ မကြာခဏ ကြုံတွေ့နေရပါတယ်။ ပြဿနာတစ်ခုဖြစ်တိုင်း ကိုယ့်နိုင်ငံအတွင်းမှာ ဖြေရှင်းဆောင်ရွက်ရုံနဲ့မပြီးဘဲ ဒေသတွင်းမှာရော နိုင်ငံတကာနယ်ပယ်မှာပါ ရင်ဆိုင်ဖြေရှင်းနေရတဲ့အတွက် တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို များစွာထိခိုက်စေပြီး တိုင်းပြည်အတွက် အခွင့်အလမ်းများလည်း နစ်နာဆုံးရှုံးစေခဲ့ပါတယ်။ တချို့ကလည်း ပြဿနာတစ်ခု ဖြစ်လာရင် အမြန်ငြိမ်းအေးအောင် ပူးပေါင်းဆောင်ရွက်ကြရမည့်အစား ပြဿနာပိုမိုကြီးထွားအောင် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ၊ ကိုယ်တိုင်ပါဝင်လုပ်ဆောင်မှုများ ရှိနေကြပါတယ်။ ဒီမိုကရေစီကနုနု၊ မုန်တိုင်းက ထန်ထန်ဖြစ်နေရင် ပြည်သူအများလိုလားနေတဲ့ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အဟန့်အတားတွေဖြစ်စေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းရှိသော ဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးရေးတို့အတွက် ဝိုင်းဝန်းကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအား အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်များနှင့်အညီ၊ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အတတ်နိုင်ဆုံး အကာအကွယ်ပေးသွားမှာ ဖြစ်ပါတယ်။

ဆဋ္ဌမအချက်ကတော့ မတ်လ ၂၇ ရက်နေ့ဟာ (၆၈)နှစ်မြောက် တပ်မတော်နေ့ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး ရဲဘော်သုံးကျိပ်နဲ့ စတင်ထူထောင်ခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ ဖက်ဆစ်တော်လှန်ရေးကို ပြည်သူများနှင့်အတူ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရာမှာလည်း ပြည်တွင်း ပြည်ပအန္တရာယ်တွေကို တွန်းလှန်တားဆီးနိုင်ခဲ့တဲ့ သမိုင်းအစဉ်အလာကြီးမားတဲ့ တပ်မတော်ဖြစ်ပါတယ်။ ယခုအခါမှာဆိုရင်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်များကို ပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ပြီး အရေးကြီးတဲ့ အခန်းကဏ္ဍတွေက ပါဝင်ဆောင်ရွက်နေပါတယ်။ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရာမှာတပ်မတော်ရဲ့ ကောင်းမွန်တဲ့ အစဉ်အလာတွေကို အင်အားတွေအဖြစ် အသုံးပြုသွားကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဧပြီလအတွင်းမှာ ကျရောက်မည့် မြန်မာရိုးရာ နှစ်သစ်ကူး သင်္ကြန်ပွဲတော်မှာမြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာနဲ့ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲနိုင်ကြပါစေရန်နှင့်အေးချမ်းသာယာသော မင်္ဂလာရှိသော နှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများအားလုံး ဘေးဘယာကင်းဝေး၍ ကျန်းမာချမ်းသာကြပါစေ။

ရခိုင်ပြည်နယ်နှင့်ရန်ကုန်၊ မန္တလေးမြို့များ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှု ပုံမှန်ပြေးဆွဲပေးနေ

ယခုတစ်လော မိတ္ထီလာပဋိပက္ခမှစခဲ့သော သတင်းများကို မီဒီယာအမျိုးမျိုးက ရေးသားမှု မျိုးစုံဖြင့် ထုတ်လွှင့်နေကြသည်။ အချို့က မှန်ကန်မှုရှိသကဲ့သို့ အချို့မှာ ထင်ယောင်ထင်မှား ဖြစ်စေသော သတင်းများ ဖြစ်ကြသည်။ ၎င်းကြားထဲ အင်တာနက်တွင် ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ ပြည်သူများစိုးရိမ်စရာကောင်းသော သတင်းအချို့လည်း ပါဝင်သည်။ သတင်းတစ်ခုကြားရပုံမှာ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုများကို ၂၀၁၃ ခုနှစ် မတ် ၂၉ ရက်မှစ၍ ရပ်တန့်မည်ဖြစ်သည်ဟူသော သတင်းကြောင့် လူအများစိုးရိမ်စိတ်ပွားခဲ့ကြရသည်။

သတင်းသမားစိတ်က ၎င်းသတင်းမှန်၊ မမှန်စုံစမ်းရန် လှုံ့ဆော်လာသည်။ အကယ်၍ ၎င်းသတင်းသာ မှန်ခဲ့ပါက ကုန်ဈေးနှုန်းတက်လာနိုင်သည်။ ထို့ကြောင့် စစ်တွေဈေးကြီးရှိ ဆိုင်သည်ကြီးများထံ ဦးစွာ သွားရောက်ကာ စုံစမ်းမေးမြန်း ဖြစ်ခဲ့သည်။ ဆိုင်သည်တစ်ဦးက ၎င်းသတင်းကို မကြားမိကြောင်း၊ ကုန်စည်သယ်ယူမှုလည်း ပုံမှန်အတိုင်းရှိကြောင်း၊ သယ်ယူခဈေးနှုန်းလည်း ပုံမှန်အတိုင်းဖြစ်ကြောင်း၊ ပြောင်းလဲမှု မရှိကြောင်း၊ စစ်တွေမှ ဆိုင်သည်ကြီးများက အများအားဖြင့် ဈေးနှုန်းသက်သာသော လမ်းကြောင်းဖြစ်သော သင်္ဘောဖြင့်သာ ပုံမှန်ကုန်ပို့ကြကြောင်း၊ အနည်းငယ်သာ ကားလမ်းဖြင့် ပို့ဆောင်ကြကြောင်း မတ် ၃၀ ရက်က ပြောပြသည်။

ထိုမှသည် စစ်တွေအဝေးပြေးဂိတ်သို့ သွားရောက်မေးမြန်းဖြစ်ခဲ့ရာ ရွှေပြည်သစ် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းမှ ဂိတ်မှူး ဦးအေးထွန်းစိန်က "ခရီးသည်နှင့်ကုန်စည်ပို့တာ ပုံမှန်အတိုင်းပါပဲ။ ဂိတ်တိုင်းပို့နေကြတာပါ။ ကျွန်တော်တို့ လူစီးကားတွေဆို စစ်တွေမင်္ဂလာအဝေးပြေးဂိတ်နှင့် ရန်ကုန် အောင်မင်္ဂလာ အဝေးပြေးဂိတ်သို့ နေ့တိုင်းအသွားအပြန် ပုံမှန်ရှိနေတာပဲ။ ကုန်စည်တွေဆိုရင်လည်း ဘုရင့်နောင်ကုန်ကားဂိတ်သို့ နေ့တိုင်းလိုလို အပြန်အလှန် ကုန်ပို့နေကြတာပါ။ ခရီးသည်တွေဆို သင်္ကြန်အထိ ကြိုတင်လက်မှတ် ဝယ်ထားကြတာပါ။ ဆရာပြောတဲ့ သတင်းကိုတော့ မကြားမိပါ။ ဒါပေမယ့် ဆရာရယ် ခရီးသည်တွေက ကြားတယ်ထင်ပါတယ်။ တယ်လီဖုန်းဖြင့်တော့ ကားအသွားအလာ ရပ်တန့်မယ်ဆိုတာ မှန်ပါသလားလို့ ခဏခဏ မေးကြပါတယ်။ ကျွန်တော်တို့လည်း မဟုတ်ပါ။ ကားတွေပုံမှန် ပြေးဆွဲပေးနေပါတယ်။ ကုန်တွေကိုလည်း ပုံမှန်ပြေးဆွဲပေးနေပါတယ်လို့ ဖြေကြားပေးလိုက်ပါတယ်ဆရာ။ ဒါအမှန်အတိုင်းပါ။ စစ်တွေနှင့်ရန်ကုန် ကျွန်တော်တို့ အမြဲဖုန်းဆက်နေကြတာပါ။ ဘာမှ ဆက်သွယ်ပို့ဆောင်မှုမပြောင်းလဲပါ။ ဆရာ့ကိုပြောလိုက်ပါမယ်၊ ခရီးသည်သယ်ယူခလည်း အရင်အတိုင်းပါပဲ၊ ကုန်စည်ပို့ဆောင်ခလည်း အရင်အတိုင်းပါပဲ" ဟု စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြသည်။

ရန်ကုန်လမ်းကြောင်းရှင်းသွားသဖြင့်မန္တလာလမ်းကြောင်းအကြောင်းကိုသိလို၍ ရွှေလဝင်းကားဂိတ်သို့သွားရောက်မေးမြန်းဖြစ်ခဲ့ရာ သူတို့ကားဂိတ်တွင် ပုံမှန်ပြေးဆွဲပေးနေပါကြောင်း၊ ခရီးသည်ကို ဦးစားပေး၍ ကုန်ကို အနည်းငယ်သာပြေးဆွဲကြောင်း၊ မန္တလေးသို့ပြေးဆွဲနေသော တခြားဂိတ်တွေလည်း ပုံမှန်အတိုင်း ပြေးဆွဲနေကြောင်း၊ ခရီးသည်များက မကြာခဏဖုန်းဆက်၍ ကားများ ရပ်တန့်မည်ဆိုသည်မှာ မှန်ပါသလားဟု မေးကြပါကြောင်း၊ မမှန်ပါ ပုံမှန်ပြေးဆွဲပေးနေပါသည်ဟု ဖြေကြားပေးရပါကြောင်း၊ ယခု ပြောသောသတင်းက လူများကို သောကပွားအောင် ဖန်တီးခြင်းသာ ဖြစ်မည်ဟု ထင်ပါကြောင်း၊ ခရီးသည်များ ကြိုတင်လက်မှတ်ဝယ်ထားသည်လည်းရှိပါကြောင်းဖြင့် ဂိတ်မှူး ဦးထွန်းထွန်းက မတ် ၃၀ ရက် ညနေပိုင်းတွင် ပြောပြသည်။

ခုမှ စိတ်သက်သာရာရသွားသည်။ ဈေးထဲမှ သတင်း၊ ကားဂိတ်မှသတင်းများက သက်သေ တည်နေသည်။ စစ်တွေမင်္ဂလာအဝေးပြေး ဂိတ်သို့ ရိုးမအရှေ့ဘက်မှ ကားများ နေ့စဉ်ဥဒဟို ဝင်ထွက်နေကြသည်။ ခရီးသည်ကား၊ ကုန်တင်ကားစုံသည်။ ရခိုင်ပြည်နယ်မှ ထွက်ကုန်များကို ရေလမ်း၊ ကုန်းလမ်းဖြင့် ရိုးမအရှေ့သို့ ပို့ဆောင်ပေးနေကြသည်။ ပြည်နယ်အတွက် လိုအပ်သော ကုန်များကိုလည်း ၎င်းလမ်းကြောင်းများမှသာ အဓိကတင်သွင်းကြသည်။ သို့သော် ကားလမ်းများ ကောင်းမွန်မှု အပိုင်းအားနည်းနေသည်။ အချို့လမ်းပိုင်းများတွင် ခရီးသည်များ ဖုန်မှုန့်တထောင်းထောင်းဖြင့် သွားနေရသည်။ မိုးတွင်းဆိုလည်း ဗွက်ထဲ၊ ရေထဲတွင် ယာဉ်မောင်းများ ဒုက္ခတွေ့ရသော လမ်းပိုင်းများလည်းရှိသည်။ ၎င်းသည်များကို ကြံ့ကြံ့ခံ အန်တုကာ ရခိုင်ပြည်နယ်မှ ခရီးသည်နှင့်ကုန်စည်များ ပို့ဆောင်ပေးနေကြသည်။ လမ်းကောင်းလာပါက ၎င်းထက်အသွားအလာများလာပေမည်။ စာရေးသူအနေဖြင့် စစ်တွေမှရိုးမအရှေ့သို့ ခရီးသည်နှင့်ကုန်စည် ပုံမှန်ပို့ဆောင်နေမှုများကို မြင်တွေ့ခဲ့ရပါကြောင်း တင်ပြအပ်ပါသည်။ **လေးဝတီထွန်းစောခိုင်**

တိကျ၊ မှန်ကန်၊ မျှတ၊ မြန်ဆန်တဲ့
ပုဂ္ဂလိကသတင်းစာကို
စောင့်မျှော်နေသူများအတွက်
စံတော်ချိန်
The Standard Time Daily
ထွက်ရှိပါပြီ...
သတင်း၊ ဆောင်းပါး၊ ကာတွန်းများအတွက် ဆက်သွယ်ရန် –
မြန်မာ့ရိုးရာနှင့် ကြော်ငြာဌာန (ရန်ကုန်) - အမှတ်(46/A)၊ ကျိုက်ဝိုင်းဘုရားလမ်း မဟာအောင်မြေ… (ဖုန်း-၀၁-၉၀၀၀၀၃၈၊ ၉၀၀၀၀၃၉၊ ၀၉၇၃၁၉၃၁၉၈၊ ၀၉၅၀၄၀၂၅၃)
မြန်မာ့ရိုးရာနှင့် ကြော်ငြာဌာန (မန္တလေး) - အမှတ်(22/15)၊ ၆၆ လမ်း၊ ၃၉ နှင့် ၄၀ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ ဖုန်း-၀၂-၆၂၅၇၆၊ ၀၉၅၀၄၀၁၁၁၈
အယ်ဒီတာအဖွဲ့ ရုံးခန်း - အမှတ်(၁၀၀/၁၀၂)၊ ချမ်းသာယာဗလာ၊ အာဒေါင်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၆၁၀၅၈၁၊ ၈၆၁၀၅၈၂၊ ၈၆၁၀၅၈၃

နိုင်ငံတကာသတင်း

တူရကီလေတပ်တွင် တိုက်လေယာဉ်အသစ်များအစားထိုးမည်

အင်ကာရာ မတ် ၃၁

တူရကီနိုင်ငံသည်လေတပ်တွင် ပြည်တွင်းလုပ် အက်ဖ် ၁၆ ဂျက်တိုက်လေယာဉ်များဖြင့် လာမည့် ၂၀၂၃ ခုနှစ်တွင် အစားထိုးမည်ဖြစ်ကြောင်း တူရကီမီဒီယာများက မတ် ၃၀ ရက်တွင် ဖော်ပြသည်။

ဆွီဒင်နိုင်ငံမှ ဆွီဒင်ဆာ့ဗ်ကုမ္ပဏီ၏အကူအညီဖြင့် ဂျက်တိုက်လေယာဉ်အသစ်များကို ဒီဇိုင်းရေးဆွဲထုတ်လုပ်မည်ဖြစ်ကြောင်း တူရကီစစ်ဘက်မှ အရာရှိတစ်ဦးက ပြောကြားသည်။ တူရကီမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ဆွီဒင်နိုင်ငံ ဆာ့ဗ်ကုမ္ပဏီသို့ သွားရောက်ခဲ့သည်။

ထောက်ပံ့ကူညီ

ထိုသို့သွားရောက်ရာတွင် ဂျက်တိုက်လေယာဉ်များ ထုတ်လုပ်နေမှုများကိုလေ့လာခဲ့ပြီး တူရကီလေတပ်အတွက် ဂျက်တိုက်လေယာဉ်သစ်များ ထုတ်လုပ်ရာ၌ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုတစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ ဆာ့ဗ်ကုမ္ပဏီက နည်းပညာပိုင်းဆိုင်ရာများကို ထောက်ပံ့ကူညီမည်ဖြစ်သည်။

အမျိုးအစားမတူသည့် တိုက်ခိုက်ရေးလေယာဉ် အမျိုးအစားနှစ်မျိုးကို ဒီဇိုင်းထုတ်လုပ်ပြီး ဆွီဒင်နည်းပညာဖြင့်တူရကီနိုင်ငံအတွင်း ထုတ်လုပ်သွားမည်ဖြစ်သည်။

(ဆင်ဟွာ)

နှစ်ပေါင်း၃၀ကျော်အတွင်း အီဂျစ်လေယာဉ်အီရန်သို့စတင်ပျံသန်း

ကိုင်ရို မတ် ၃၁

အီဂျစ်နိုင်ငံမှ ခရီးသည်တင် လေယာဉ်တစ်စင်း အီရန်နိုင်ငံသို့ နှစ်ပေါင်း ၃၄ နှစ်အကြာ ပထမဆုံးအကြိမ်အဖြစ် ပျံသန်းဆိုက်ရောက်လာကြောင်း မတ် ၃၁ ရက်၌ သတင်းထုတ်ပြန်သည်။

အီဂျစ်နိုင်ငံ ကိုင်ရိုလေဆိပ်မှနေ၍ သံတမန်နှစ်ဦး၊ အီရန်နိုင်ငံသား ရှစ်ဦး အပါအဝင် ခရီးသည်များ တင်ဆောင်လာသော လေယာဉ်သည် အီရန်နိုင်ငံ တီဟီရန် လေဆိပ်သို့ ဆိုက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၈ ရက်က အီဂျစ်ခရီးသွားလုပ်ငန်းဝန်ကြီး ဟီရှန် ဇာမော့နှင့် အီရန်ခရီးသွားလုပ်ငန်းအဖွဲ့ အကြီးအကဲ မိုဟာမက်ရှာဖစ်မာလက်ဇာဒက်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် နှစ်နိုင်ငံခရီးသွားလုပ်ငန်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးသဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုသို့ သဘောတူညီချက်အရ နှစ်နိုင်ငံအကြား လေကြောင်းလိုင်းများ ပျံသန်းမှုကိုလည်း ဆက်တိုက် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ အီဂျစ်သမ္မတဟောင်း မူဘာရက်လက်ထက်နောက်ပိုင်း အီရန်နှင့်အီဂျစ် နှစ်နိုင်ငံ ဆက်ဆံရေးများ ပြန်လည်တိုးမြှင့်ခဲ့သည်။

လက်ရှိ အီဂျစ်သမ္မတ မိုဟာမက်မော်စီသည် ပြီးခဲ့သည့် ဩဂုတ်လက တီဟီရန်မြို့သို့ အလည်အပတ်ခရီး ရောက်ရှိခဲ့ရာ ဆယ်စုနှစ် သုံးစုကျော်အတွင်း အီဂျစ်သမ္မတတစ်ဦးအနေဖြင့် ပထမဆုံး အီရန်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

(ဆင်ဟွာ)

အိန္ဒိယမြောက်ပိုင်းတွင် မိုးကြိုးပစ်ခံရပြီး ကိုးဦးသေဆုံး

နယူးဒေလီ မတ် ၃၁

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် မတ် ၂၉ ရက်က မိုးများသည်းထန်စွာ ရွာသွန်းစဉ်အတွင်း မိုးကြိုးပစ်ခံရမှုကြောင့် ကိုးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက မတ် ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ဖြစ်ပွားမှုသည် ဥတ္တရပရာဒေ့ရှ်ပြည်နယ်အတွင်းရှိ ချန်ဒူလီ၊ ဂါဇီပါ၊ ဆမ်ဘယ်လ်နှင့် မီရတ်ခရိုင်များတွင် ဖြစ်ပွားခဲ့ပြီး ယင်းမိုးကြိုးပစ်ခံရမှုကြောင့် အခြားကိုးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒို-အာရှ သတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဥတ္တရပရာဒေ့ရှ် ပြည်နယ်သည် မိုးရွာသွန်းမှုနှင့် မုန်တိုင်းသတိပေးချက်တစ်ရပ်ထုတ်ပြန်ညွှန်ကြားပေးထားပြီး ပြီးခဲ့သည့် နှစ်ရက်အတွင်း ရုတ်တရက် ရာသီဥတုပြောင်းလဲမှုတစ်ရပ်ကို ကြုံတွေ့ခဲ့ရသည်။

သဘာဝဘေးအန္တရာယ်ထိခိုက်ခံရသည့်မိသားစုဝင်များအား ကူညီထောက်ပံ့ပေးရန် အစိုးရက ဆုံးဖြတ်ခဲ့ကြောင်း ယင်းသတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

(ဆင်ဟွာ)

မြောက်ကိုရီးယား စစ်ရေးခြိမ်းခြောက်မှု မိမိတို့အလေးအနက်ထားဟု အမေရိကန်ပြောကြား

ဝါရှင်တန် မတ် ၃၁

ကိုရီးယားကျွန်းဆွယ်တွင် စစ်ပွဲဆင်နွှဲရန် ချဉ်းနင်းဝင်ရောက်ခဲ့သည်ဆိုသည့် မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုကို အလေးအနက်ထားပြီး ၎င်းတို့၏ မဟာမိတ်ဖြစ်သည့် တောင်ကိုရီးယားနှင့်လည်း နီးနီးကပ်ကပ် ဆက်လက်ဆက်ဆံသွားမည်ဟု သန္နိဋ္ဌာန်ချထားကြောင်း အမေရိကန်နိုင်ငံက ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ အသစ်ထုတ်ပြန်သည့် အပြုသဘောမဆောင်သော အစီရင်ခံစာတစ်ရပ်ကို မိမိတို့မြင် တွေ့ခဲ့ရကြောင်း၊ ၎င်းတို့၏ ခြိမ်းခြောက်မှုကို မိမိတို့ အလေးအနက်ထားပြီး မိမိတို့၏ မဟာမိတ်ဖြစ်သည့် တောင်ကိုရီးယားနှင့်လည်း နီးနီးကပ်ကပ် ဆက်လက်ပူးပေါင်းသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်အမျိုးသားလုံခြုံရေးကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ကာတလင်ဟေဒင်က မတ် ၃၀ ရက်တွင် ပြောကြားခဲ့သည်။

(ရိုက်တာ)

တင်မောင်လွင် စုစည်းသည်

ပါကစ္စတန်၌ စာသင်ကျောင်းတိုက်ခိုက်ခံရ ကျောင်းအုပ်ကြီးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ကရာချိ မတ် ၃၁

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိဆိပ်ကမ်းမြို့ရှိ မူလတန်းကျောင်းတစ်ကျောင်းကို အမည်မသိသေနတ်သမားများကတိုက်ခိုက်ခဲ့မှုကြောင့် ကျောင်းအုပ်ဆရာကြီး သေဆုံးပြီး ကလေးငယ်ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲအရာရှိများက မတ် ၃၀ ရက်တွင် ပြောကြားသည်။

အမည်မသိ သေနတ်သမားများသည် အဆိုပါစာသင်ကျောင်း ဂိတ်ပေါက်မှနေ၍ ပစ်ခတ်ခဲ့ရာ အမျိုးသား စာသင်ကျောင်း၏ ကျောင်းအုပ်ကြီး သေဆုံးပြီး ကလေးငယ် ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ အီမာရန်ရှာကတ်၏ ပြောကြားချက်ကို အေအက်ဖ်ပီ သတင်းဌာနက ကိုးကားဖော်ပြသည်။

ပြစ်တင်ရှုတ်ချ

သေနတ်သမားများသည် ထိုသို့တိုက်ခိုက်ပြီးနောက် ဆိုင်ကယ်များ စီးနင်းပြီး ထွက်ပြေးသွားကြကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားသည်။ ယင်းတိုက်ခိုက်မှု နှင့်ပတ်သက်ပြီး မည်သည့်အုပ်စုကမျှ ၎င်းတို့လက်ချက်ဖြစ်သည်ကို အခိုင်အမာပြောကြားခြင်းမရှိသော်လည်း အစိုးရအရာရှိများအနေဖြင့် ယင်းကဲ့သို့တိုက်ခိုက်မှုများကို လုပ်ဆောင်လေ့ရှိသည့် တာလီဘန်စစ်သွေးကြွများကိုသာ ပြစ်တင်ရှုတ်ချခဲ့သည်။

(အေအက်ဖ်ပီ)

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးဦးလှထွန်း လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဧရိယာအတွင်း ကျရောက်နေသောကြောင့် ရွှေ့ပြောင်းလာသည့်ကျေးရွာသစ်များသို့ သွားရောက်ကြည့်ရှု၊ ကျေးရွာမိသားစုများ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် မတ် ၃၁

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည် ဖော်ဆောင်ရေး ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဒုတိယဝန်ကြီးများ လိုက်ပါလျက် မတ် ၃၀ ရက် နံနက်ပိုင်းတွင် စီမံကိန်းဧရိယာအတွင်းမှ ရွှေ့ပြောင်းလာသည့် ကျေးရွာသစ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ကျေးရွာသူကျေးရွာသားများအား စားသောက်ကုန်ပစ္စည်းများပေးအပ်ပြီး ကျေးရွာလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နံနက် ၈ နာရီ ၄၅ မိနစ်တွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများသည် ဝက်မွေး-ကံတောကျေးရွာသစ်ရှိ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် အဆိုပါကျောင်းတိုက်၌ ဝက်မွေး-ကံတောကျေးရွာသစ်မှ ကျေးရွာသူကျေးရွာသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ပံတောင်းတောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား ဖြည့်ဆည်း၍ အခက်အခဲများကို ကူညီပံ့ပိုးဆောင်ရွက်ပေးရန် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အညာဒေသစိမ်းလန်းစိုပြည်ရေး၊ တစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားလာအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းပြီး ကျေးရွာသူ ကျေးရွာသားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည်ဖြစ်သည့်အပြင် အစိုးရအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးရရှိအောင် ကျေးရွာသူကျေးရွာသားများ အားလုံးက တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကျေးရွာသူ ကျေးရွာသားများ၏ တင်ပြချက်များနှင့်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ အခက်အခဲအားလုံးကို မိမိတို့နှင့်အတူ လက်တွဲပြီး တက်ညီလက်ညီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျေးရွာသူ ကျေးရွာသားများထံ စားသောက်ကုန်ပစ္စည်းများ၊ ကာရာအိုကေစက်များကို ပေးအပ်ကြပြီး ကျေးရွာအတွင်းရှိ လမ်းများဖောက်လုပ်ထားမှု၊ လူနေအိမ်များ ဆောက်လုပ်ထားမှု၊ ပျိုးဥယျာဉ်၌ ပျိုးပင်များစိုက်ပျိုးနေမှုနှင့် မီးသတ်ရုံနှင့် မီးသတ်ကားကြံ့ခိုင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆည်တည်း-ဇီးတော ရွှေ့ပြောင်းကျေးရွာသစ်၌ နေအိမ်များ ဆောက်လုပ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အခက်အခဲများနှင့် လိုအပ်ချက်များမေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆည်တည်း-ဇီးတော ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာရှိ မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အခက်အခဲနှင့်လိုအပ်ချက်များကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ကျေးရွာရှိ မိသားစုများထံ စားသောက်ကုန်ပစ္စည်းများ၊ ကာရာအိုကေစက်များနှင့် မွေးမြူရေး ကြက်များကို ပေးအပ်သည်။

ထို့နောက် ကျေးရွာရှိ မိသားစုများကိုယ်စား ရပ်မိရပ်ဖ ဦးတင့်ဆန်းနှင့် ဒေါ်အမာမြင့်တို့က ရွှေ့ပြောင်းကျေးရွာများရှိ မိသားစုများ နေထိုင်၊ သွားလာ၊ လုပ်ကိုင်၊ စားသောက်ရေးတို့အတွက် အခက်အခဲများနှင့် လိုအပ်ချက်များကို ယခုကဲ့သို လာရောက်ပြီး ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားကြသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီအနေဖြင့် အဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့အနေဖြင့် အဖွဲ့ခွဲ ခြောက်ဖွဲ့ခွဲ၍ မြေတိုင်းတာခြင်းလုပ်ငန်းများ အပြီးသတ် ဆောင်ရွက်ခဲ့ပြီး မြေယာလျော်ကြေးငွေများကိုလည်း တစ်ပြိုင်တည်း ထုတ်ပေးလျက်ရှိရာ မတ် ၂၉ ရက်ထိ တောင်သူ ၅၃၆ ဦးအား လျော်ကြေးငွေကျပ်သိန်းပေါင်း ၁၆၈၁၄ သိန်းကျော် ထုတ်ပေးခဲ့သည်။ စီမံကိန်းဧရိယာ အတွင်းရှိကျေးရွာများမှ အိမ်ထောင်စု ၂၃၃ စုသည် ကျေးရွာသစ်များသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး ရေ၊ မီး၊ လမ်းစသည်တို့ကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဒေသခံပြည်သူ ၁၆၉၁ ဦးအား စီမံကိန်းလုပ်ငန်းများတွင် အလုပ်ခန့်ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-ကိုရီးယား ဒေသဆိုင်ရာသတင်းဌာနဖွင့်

ရန်ကုန် မတ် ၃၁

မြန်မာ-ကိုရီးယား ဒေသဆိုင်ရာသတင်းဌာန (Myanmar-Korea Local Knowledge Center) ဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် ရာမညဆောင်ရှိ မနုဿဗေဒဌာန၌ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေး၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ ကိုရီးယားသံရုံးမှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံ ဟန်ယန်းတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့မှ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာ-ကိုရီးယား ဒေသဆိုင်ရာသတင်းဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျန်အစီအစဉ်များကို မနုဿဗေဒဌာန၌ ဆက်လက်ကျင်းပသည်။ မြန်မာနှင့် ကိုရီးယားရှိ တက္ကသိုလ်များ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဖျက်မီးရန် စဉ်တွန်းလှန် မြန်ပြည်အေးချမ်းမည်

ယာယီကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည်များအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် တွေ့ဆုံအားပေး

နေပြည်တော် မတ် ၃၁

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် ယနေ့ မွန်းလွဲပိုင်းက မိတ္ထီလာမြို့ ခရိုင်အားကစားခန်းမအတွင်း ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ ဒုက္ခသည်များနှင့် တွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ အဆိုပါကယ်ဆယ်ရေးစခန်းအတွင်း ဒုက္ခသည်များ ကိုယ်တိုင် ချက်ပြုတ်စားသောက်နေမှုအခြေအနေများ၊ ဆေးဝါးကုသပေးနေသည့် အခြေအနေများနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ လူဦးရေစာရင်း ကောက်ယူနေမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ယင်းနောက် မိတ္ထီလာခရိုင် မီးသတ်စခန်းသို့သွားရောက်၍ မီးသတ်ယာဉ်များ၏ ကြံ့ခိုင်မှုရှိရေးနှင့် မီးသတ်ရေကန်များ ထားရှိဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်ဝတ်စုံများကိုပေးအပ်ရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက လက်ခံသည်။ ဆက်လက်၍ အမှတ် (၂) မီးသတ်စခန်း၊ စက်မှုဇုန်အရန်မီးသတ်စခန်းနှင့် ဈေးကြီးသီးသန့်မီးသတ်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆောင်းပါး

အချစ်သင်္ကြန် လွမ်းသင်္ကြန်

ခင်ဆွေမြင့် (မြန်မာစာ)

" မိုးနဲ့လေနဲ့၊ မြေသင်းနံ့တို့
သင်းပျံ့ဝေရီ၊ နွေလေပြည်တွင်
ဝါလွင်ဝင်းဖန့်၊ ပိတောက်ရနံ့တို့
ရှင်းသန့်ညင်သာ၊ လွင့်မြူးလာပြီ
အတာသင်္ကြန်ရောက်ပြီကို…"
သင်္ကြန်နီးလာပြီ။

ဟိုတစ်ကွက် သည်တစ်ကွက် ဟိုတစ်ပေါက် သည်တစ်ပေါက်ရွာတတ်သော သင်္ကြန်ဖက်ဆွတ်မိုးနှင့်အတူ မြေသင်းရနံ့များ သင်းပျံ့လာချေပြီ။

ရန်ကုန်တက္ကသိုလ်၏ သင်္ကေတဖြစ်သော ကံ့ကော်ပွင့်တို့ဝေနေလေပြီ။

ငုတွေလည်း ဝင်းဝါနေကြလေပြီ။

ပိတောက်တွေလည်း ဖူးနေပြီ။

သင်္ကြန်မိုးတစ်ပြိုက်နှစ်ပြိုက် ဖြိုင်ဖြိုင်ရွာလျှင်မူ ပိတောက်ဝါရွှေတို့သည် အပင်တိုင်း အပင်တိုင်းတွင် ဝေနေအောင် ပွင့်ကြပေဦးတော့မည်။

သင်္ကြန်ကဗျာ၊ ပိတောက်ကဗျာ၊ ငုကဗျာတွေကို မဂ္ဂဇင်း၊ စာစောင်များ၏ စာမျက်နှာများတွင် လွမ်းဖွယ်ကြည်နူးဖွယ်ဖတ်ရလေပြီ။

သင်္ကြန်တေးသံများကမူ လွှန်ခဲ့သော တစ်လခန့်ကတည်းကပင် ဈေးဝယ်စင်တာများ၊ အလှပြင်ဆိုင်များ၊ စတိုးဆိုင်များမှစ၍ လက်ဖက်ရည်ဆိုင်များ၊ ထီရောင်းသော တွန်းလှည်းများအထိ လွင့်ပျံ့၍ နေလေသည်။

ပျော်ပျော်ရွှင်ရွှင်နေတတ်သော၊ ပွဲကြိုက်သော ကျွန်မတို့ မြန်မာများသည် ရှေးမြန်မာကြီးများခေတ်ကတည်းကပင် ဆယ့်နှစ်ရာသီပွဲတော်ဟူ၍ သတ်သတ်မှတ်မှတ်ရှိခဲ့ကြသည်။

ယင်းဆယ့်နှစ်ရာသီပွဲတော်များတွင်" သင်္ကြန်" သည် ကျွန်မတို့ မြန်မာလူမျိုးများအတွက် မရိုးနိုင်၊ မမေ့နိုင်၊ မပျောက်ပျက်နိုင်သော အပျော်ကြီးပျော်ကြ အစွဲကြီးစွဲကြသည့် ရိုးရာရာသီပွဲတော်ဖြစ်ပါသည်။

အချို့သောလူမျိုးများသည် နှစ်သစ်ကို သီချင်းတွေဆိုရင်း ကခုန်ရင်း ကြိုဆိုကြသည်။ အချို့က အရက်တွေသောက်ရင်း ကားတွေ အပြိုင်မောင်းရင်း ကြိုဆိုကြသည်။ အချို့က အနီအဝါအပြာ ဆေးရည်တွေပက်ကြသည်။ အချို့က ရိုးရာနတ်တွေကို ပူဇော်ပသကြသည်။ အချို့က မုန့်တွေ လက်ဆောင်ပစ္စည်းတွေ အပြန်အလှန်ပေးကမ်းကြသည်။ စားကြသောက်ကြသည်။ လည်ကြပတ်ကြသည်။

ကျွန်မတို့ မြန်မာများကမူ ဥပုသ်တွေစောင့်ကြသည်။ ဇီဝိတဒါနပြုကြသည်။ စတုဒိသာကျွေးကြသည်။ လူကြီးသူမများအား ခေါင်းလျှော်၊ ခြေသည်း၊ လက်သည်း ညှပ်မှအစ ဝေယျာဝစ္စကိစ္စပြုပေးခြင်းဖြင့် ကုသိုလ်ယူကြသည်။ အထူးခြားဆုံးကမူ တစ်ဦးကိုတစ်ဦး ရွှဲရွှဲစိုအောင် ရေတွေပက်ကြ၊လောင်းကြ ရေကစားကြပြီး နှစ်ဟောင်းကိုဖြတ်သန်း၍ နှစ်သစ်ကိုကြိုဆိုကြခြင်း ဖြစ်ပါသည်။

သို့သော်တစ်မြို့နှင့်တစ်မြို့ တစ်နယ်နှင့်တစ်နယ်သည် ကုသိုလ်ပြုရာတွင် တူညီကြသော်လည်း ရေကစားကြပုံချင်းမတူညီကြသည်မှာမူ စိတ်ဝင်စားစရာကောင်းလှပါသည်။

တစ်ပြည်လုံးတွင် အတက်နေ့မှာ အပြင်းအထန်ရေကစားကြပြီး နှစ်ဆန်းတစ်ရက်နေ့တွင် ကုသိုလ်ပြုကြသော်လည်း ကျွန်မ၏ဇာတိမြို့ မော်လမြိုင်တွင်မူ နှစ်ဆန်းတစ်ရက်နေ့တွင် အသည်းအသန်ရေကစားကြသည်။

ကျောင်းသူဘဝကလုပ်အားပေးခရီးအဖြစ် ထားဝယ်သို့ရောက်ခဲ့ဖူးသည်။ ထားဝယ်ဒေသတွင် သင်္ကြန်အကြိုသုံးရက်ရှိပြီးပတ်ဝန်းကျင်ရွာများတွင်မူ တစ်လလုံးလုံးရေပက်ကြသည်ကို ကြုံခဲ့ရပါသည်။

Tourism သင်္ကြန်ပွဲနွှဲခဲ့ဖူးသော မန္တလေးသင်္ကြန်မှာမူ တစ်နေ့လုံးရေကစားကြပြီး ညဥ့်ဘက်တွင် မဏ္ဍပ်များစွာမှာ အကအလှပြိုင်ပွဲများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ဆိုကြ၊ ကကြ၊ ပြိုင်ကြသည်။ မမောနိုင်အောင်ဆိုကြ၊ ကကြပြီး ပရိသတ်ကလည်း မပြန်ကြေးအားပေးသော မန္တလာသင်္ကြန်ဖြစ်သည်။

စစ်တွေတက္ကသိုလ်တွင် အမှုထမ်းစဉ်က ကြုံခဲ့ဖူးသော ရခိုင်သင်္ကြန်မှာမူ လောင်းလှေကြီးများထဲ ရေဖြည့်ပြီး ရခိုင်သားများကတစ်ဖက်၊ ရခိုင်သမများကတစ်ဖက် အပြန်အလှန်ရေကစားပြိုင်ကြသည်မှာ စိတ်လှုပ်ရှားစရာ ပျော်စရာကောင်းလွန်းလှပါသည်။

ရှေးမြန်မာမင်းများလက်ထက်က ရွှေဖလား၊ ငွေဖလားများတွင် နံ့သာရေများ၊ စပယ်ပန်းပွင့်များ၊ ဇွန်ပန်းပွင့်များထည့်ပြီး သပြေခက်နှင့် ရေပက်ခဲ့ကြသည်။ လုလင်ပျိုများသည် လုံမပျိုများအား ဖြည်းဖြည်းသာသာ သွန်းလောင်းသောသင်္ကြန်ရေနှင့်အတူ အချစ်အကြင်နာတရားများ ချိုသာသိမ်မွေ့သော ချစ်စကားများကိုပါ လွှမ်းခြုံပေးခဲ့ကြပါသည်။

နံရံဆေးရေးပန်းချီများ၊ ပုရပိုက်ပန်းချီများတွင် တွေ့မြင်ရ သော ရှေးခေတ်သင်္ကြန်သည် ယဉ်ကျေးခြင်း၊ သိမ်မွေ့ခြင်း၊ နူးညံ့ခြင်း သိဂါရရသဖြင့် စိမ့်ဝင်ကြည်နူးခြင်းခံစားမှုများကို တသိမ့်သိမ့်ရရှိစွဲငြိစေပါသည်။

ကျွန်မတို့ကလေးဘဝက သင်္ကြန်နီးလျှင် သင်္ကြန်ရေကစားအဖွဲ့ ရေပက်မဏ္ဍပ်များ၏ သင်္ကြန်သီချင်းများကို ရေဒီယိုက ထုတ်လွှင့်လေ့ရှိသည်။ ကျွန်မ၏အဒေါ်များ၊ အစ်မများသည် ရေဒီယိုမှသီချင်းကို လိုက်ရေးကြ၊ လိုက်ဆိုကြ၊ လိုက်ကျက်ကြပါသည်။ အဒေါ်များ၊ အစ်မများက ထမီဆင်တူ အင်္ကျီဆင်တူဝတ်၍ ရေကစားကြသည်ကို အိမ်အပေါ်ထပ်မှကြည့်ပြီးတော့လည်း ပျော်ခဲ့ကြပါသည်။ ပုဆိုးဆင်တူဝတ်ပြီး သီချင်းတွေဆို၊ သံချပ်တွေထိုးကာ ရေကစားလာကြသော သင်္ကြန်ရေပက်ခံကားများကို ကြည့်ပြီးတော့လည်း ရယ်မောခဲ့ကြပါသည်။

သင်္ကြန်သံချပ်သည် ရှေးမြန်မာ့ရိုးရာယဉ်ကျေးမှုပစ္စည်းမဟုတ်သော်လည်း အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်ကာလများအတွင်းကပင် စပ်ခဲ့ဆိုခဲ့ကြသောကြောင့် သံချပ်နှင့် သင်္ကြန်ကို တွဲလျက်မြင်ခဲ့ကြပါသည်။

"စိန်ကြည်နော် စိန်ကြည် -င်ယူပက်စက်သည်၊ နိပွန်နော် တိုကျိုပြန်၊ ိုက်တစ်လုံးနှင့် ကျန်"

"ဘီးကျိုးပါ့မယ် မာစတာရဲ့၊ ယောရောရှိ ယောရောရှိ" စသော သံချပ်များသည် ဂျပန်ခေတ်နောက်ခံဝတ္ထုများတွင် မပါမပြီးသော ခေတ်၏လူမှုရေးနောက်ခံဝန်းကျင်အဖွဲ့များပင်ဖြစ်ခဲ့သည်။

ကျွန်မတို့သည် ခေတ်ကိုထင်ဟပ်၊ အဆင်မပြေသည်များကို သရော်၊ မသင့်လျော်သည်များကို ထောက်ပြရာတွင် စေတနာကို အရင်းခံခဲ့သော သံချပ်များကို နားထောင်ရင်း ပျော်ရွှင်ရယ်မောခဲ့ကြရပါသည်။ အသိတရား သတိတရားများလည်း ရရှိခဲ့ပါသည်။

ကျွန်မတို့၏သင်္ကြန်သည် သန့်စင်ခြင်း၊ အေးမြခြင်း၊ ငြိမ်းချမ်းခြင်းဟူသော အတိတ်ကောင်း၊ နိမိတ်ကောင်းများကိုယူသော သင်္ကြန်၊ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ ချစ်ခင်ရင်းနှီးခြင်းပုံရိပ်များကို ဖော်ကျူးသောသင်္ကြန်၊ ငယ်ရွယ်သူတို့၏ ချစ်ခြင်းမေတ္တာပုံရိပ်များကို သိမ်မွေ့စွာခံစားရရှိစေသောသင်္ကြန်ဖြစ်ပါသည်။

နှစ်ပေါင်းရာထောင်ချီ၍ ယဉ်ကျေးလှပပျော်ရွှင်စွာဖြတ်သန်းလာခဲ့သော ဤသင်္ကြန်ပုံရိပ်များသည် ယနေ့တွင်မူ ဆေးကြမ်းကြမ်း၊ စုတ်ချက်ကြမ်းကြမ်းဖြင့် ကြမ်းတမ်းစွာ၊ ရိုင်းပျစွာ၊ အရုပ်ဆိုး အကျည်းတန်စွာ ရေးဆွဲဖန်တီးနေကြသော လက်ရာကြမ်းပန်းချီကားကြီးတစ်ချပ်ဖြစ်နေပါပြီ။

> **"နှစ်သစ်မင်္ဂလာ သင်္ကြန်ပွဲ၏ ကျက်သရေရှိမှု၊ လန်းဆန်းမှု၊ ကြည်လင်မှု၊ သစ်လွင်မှု၊ ပျော်ရွှင်မှု၊ ကြည်နူးမှု၊ ယဉ်ကျေးသိမ်မွေ့မှုများကို ပြန်လည်ရရှိနိုင်အောင် အားလုံးကြိုးစားအားထုတ်သင့်"**

သင်္ကြန်အခါတော်တွင် မင်္ဂလာရှိစွာ ကုသိုလ်ပြုကြသည့်ကိစ္စများကို လူငယ်လူရွယ်များ စိတ်ဝင်စားမှု နည်းပါးလွန်းလှသည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဖြစ်မည်မှာ သေချာနေသော လူငယ်များ၊ နောင်တစ်ချိန်တွင် နိုင်ငံတော်၏တာဝန်ကို ယူကိုယူကြရမည့် လူငယ်များသည် မိမိလူမျိုး မိမိလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုပုံရိပ်သွင်ပြင်ဖြစ်သော ရိုးရာဓလေ့ထုံးစံများကို သိကိုသိကြရပါမည်။ တန်ဖိုးထားကို ထားကြရပါမည်။ ထိန်းသိမ်းစောင့်ရှောက်မှုကို ပြုကိုပြုကြရပါမည်။

မိမိလူမျိုး၏ လူမှုတန်ဖိုး (Social Value)၊ လူမှုနှုန်းစံ (Social Norm) များဖြစ်ကြောင်း၊ နိုင်ငံတကာတွင် လူမျိုးအချင်းချင်း၊ နိုင်ငံအချင်းချင်း တန်ဖိုးဖြတ်မှုအစစ်အမှန်သည် စာအရေးအသား၊ ဝတ်စားဆင်ယင်မှု၊ အတွေးခေါ်၊ အရှက်အကြောက်၊ ရိုးရာဓလေ့ထုံးစံ၊ ယုံကြည်ကိုးကွယ်မှုစသည့် ရုပ်ဝတ္ထုအကောင်အထည် မဖော်ပြနိုင်သော ဒြပ်မဲ့ယဉ်ကျေးမှု (Intengible Culture) ဖြစ်ကြောင်းကို နားလည်ကြရပါမည်။

ဗုဒ္ဓ၏ လောကကိုစောင့်ရှောက်သည့် တရားနှစ်ပါး ဟိရိနှင့် ဩတ္တပ္ပ၊ အရှက်နှင့်အကြောက်သည် ကျွန်မတို့လူမျိုး၏ ထုံးမိစံမြောက်သော လူ့ကျင့်ဝတ်ဖြစ်ပါသည်။

ယခုမူ "အသက်နှင့်လူမလုပ် အရှက်နှင့်လူလုပ်" ကြသော ကျွန်မတို့လူမျိုးများသည် လူမှုရေးမျက်နှာစာတွင် ထင်သာမြင်သာဆုံးဖြစ်သော ဝတ်စားဆင်ယင်မှုကိစ္စ၌ အဘယ်ကြောင့် အရှက်ပျောက်နေကြပါသနည်း။

ကိုယ့်လောက်မှအရှက်အကြောက်ကို အလေးအနက်မထားသော နိုင်ငံများတွင်ပင် တိုတိုပြတ်ပြတ် ဟိုက်ဟိုက်ပေါ်ပေါ် ပါးပါးလျားလျားတွေကို မဝတ်ရဟု ဥပဒေထုတ်တားမြစ်နေပြီဖြစ်ပါသည်။

ဂရမ်မီပွဲတွင်ပင် အနုပညာရှင်များအား အတိုအပြတ် ပါးပါးမဝတ်လာကြရန် ပန်ကြားနေပြီလည်း ဖြစ်ပါသည်။

ဤသို့သောအချိန်တွင် အမြဲတမ်းသူများနောက်ကလိုက်ပြီး ဖက်ရှင်လုပ်ကြသည့် ကျွန်မတို့မြန်မာအမျိုးသမီးများ၏ အဆိုးဆုံးထဲက အဆိုးဆုံးတစ်ခုမှာမူ သင်္ကြန်တွင် ရေစိုလျှင် တစ်ကိုယ်လုံးအရင်းတိုင်း မြင်လောက်အောင် "ကွဲ၊ တို၊ ပြတ်၊ ဟိုက်၊ ပါး၊ ဗလာ"အဝတ်အစားများနှင့် အကဲကြီးကဲလာကြခြင်းဖြစ်သည်။

ဗုဒ္ဓယဉ်ကျေးမှု အရိပ်အောက်မှ မြန်မာအမျိုးသမီးများဖြစ်ပါလျက် ဘီယာတွေသောက်၊ အသိလက်လွတ်မူးယစ်ပြီး ရှက်ရမှန်း၊ ကြောက်ရမှန်းကိုပင် မသိတော့ဘဲ အပြုံပြုံ အလဲလဲ ဆိုးဆိုးရွားရွားတွေ ဖြစ်ချင်တိုင်း ဖြစ်နေကြပါသည်။

ယခုရက်ပိုင်းအတွင်းတွင်ပင် အင်တာနက် Web Site တွင် အမျိုးသမီးသုံးပော်မုန်းကော်ဖီမစ်(စ်)များ ထွက်နေကြောင်း၊ သင်္ကြန်တွင် သတိထားကြစေလိုကြောင်း သတင်းတွေ တင်နေကြပါသည်။

ဘယ်သူတွေက ကြိုတင်သိပြီးဘယ်လိုရှောင်ကြပါမည်နည်း။

မိန်းကလေးများအတွက် ထိတ်လန့်တုန်လှုပ်စရာကောင်းလှပါသည်။

ကျွန်မတို့၏ နှစ်သစ်မင်္ဂလာ၊ ကျွန်မတို့ သင်္ကြန်ပွဲ၏ ကျက်သရေရှိမှု၊ လန်းဆန်းမှု၊ ကြည်လင်မှု၊ သစ်လွင်မှု၊ ပျော်ရွှင်မှု၊ ကြည်နူးမှု၊ ယဉ်ကျေးသိမ်မွေ့မှုများကို ပြန်လည်ရရှိနိုင်အောင် ကျွန်မတို့အားလုံး ကြိုးစားအားထုတ်သင့်ကြပါပြီ။

တာဝန်ရှိသူများက သင်္ကြန်ပွဲတော်တွင် ယဉ်ကျေးပျော်ရွှင်စွာ ရေကစားကြပါရန် လမ်းညွှန်ချက်များ၊ နှိုးဆော်ချက်များ ထုတ်ပြန်နေသည်ကို တွေ့နေရပါပြီ။ ကြိုတင်ကာကွယ်တားဆီးရမည့်အရာများ၊ အရေးယူရမည့်ကိစ္စများအတွက်ဆောင်ရွက်နေပြီဟု မျှော်လင့်မိပါသည်။

အမေများ၊ အဘွားများ၊ ဒွေးဒေါ်မိကြီးများကလည်း ဝိုင်းဝန်းသွန်သင်ကြရပါမည်။ စောင့်ကြည့်ကြရပါမည်။ ထိန်းသိမ်းပေးကြရပါမည်။ အပြောရခက်၍ နားမထောင်၍ ဆိုပြီး လွှတ်ထားပါလျှင် သမီးများ၊မြေးများ၊ တူမများ ဘဝပျက်ကြရပါလိမ့်မည်။ " သားကိုငယ်က၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်၏" ဟူသော ရှင်မဟာရဋ္ဌသာရ၏ ဩဝါဒစကားကို နှလုံးသွင်းကြရပါမည်။

ဆရာ၊ ဆရာမများသည်လည်း အဘက်ဘက်တွင် တပည့်များက စံထားလောက်သည့်သူများအဖြစ် မိမိကိုယ်ကို ပျိုးထောင်ပြီး တပည့်များအား " အတတ်လည်းသင်၊ ပဲ့ပြင်နိစ္စ " ဆုံးမသွန်သင်ပြီး လမ်းညွှန်မှုပေးသူများဖြစ်ကြရပါမည်။

ပြည်သူ့အကြားတွင် နာမည်ကြီးထင်ရှားသော အနုပညာရှင်များကလည်း " ကဲချင်တိုင်းကဲနိုင်ကြပါစေ" ဟူသော ဆန္ဒပြုဆုတောင်းစကားမျိုးထက် ကိုယ်ကိုတိုင်ကရုပ်ပျက်ဆင်းပျက်မပြုလုပ်ကြဘဲ နိုင်ငံတကာက စိတ်ပါဝင်စားသော၊ မျက်နှာအပြလှခဲ့သော မြန်မာ့အစဉ်အလာယဉ်ကျေးလှပသည့်သင်္ကြန်ကို အမျိုးသားရေးမျက်နှာစာမှ ဝိုင်းဝန်းဖြည့်ဆည်းသူများ ဖြစ်သင့်ပါသည်။

ကျွန်မတို့သည် ဆယ်စုနှစ်တစ်ခုမျှမကအောင် စုတ်ချက်များ၊ လက်ရာများ ကြမ်းသထက်ကြမ်းလာခဲ့သော မြန်မာ့အတာသင်္ကြန်ပန်းချီကားကြီးကို လက်ရာမြောက်ပန်းချီကားကြီးအဖြစ်သို့ ပြောင်းလဲရေးဆွဲရပါတော့မည်။

မဖွယ်မရာ ဆိုးရွားရက်စက်သော ဝတ်စားဆင်ယင်မှုများ၊ ကြမ်းတမ်းသောစကားများ၊ ရိုင်းပျသောအမူအရာများ၊ မူးယစ်သောက်စားမှုများ၊ ရန်လိုရန်ဖြစ်ခြင်းများ၊ စေတနာမပါသော ဣဿာမစ္ဆရိယသံချပ်များတို့ဖြင့် အော်ဟစ်ဆူပူသောင်းကျန်းရမ်းကားသည့် ရုက်ဖွယ်မဟာသင်္ကြန်ကို ပြည်ဖုံးကားချသင့်ပါပြီ။ လက်တွဲဖြုတ်သင့်ပါပြီ။

"မကောင်းသည်ကိုမလုပ်၊ ကောင်းသည်ကိုသာလုပ်မည်" ဟူသော စိတ်ဓာတ်ကိုယ်စီဖြင့် ပြိုင်တူတွန်းကြပါလျှင် ကာလတိုအတွင်းမှာပင် မဟာသင်္ကြန်၏ ပုံရိပ်သွင်ပြင်သည် သရုပ်ပျက်မှ သရုပ်မှန်သို့ လျင်မြန်စွာရွှေ့သွားနိုင်ပါသည်။

ကမ္ဘာပေါ်တွင် ခေတ်အစားဆုံးဖြစ်နေသော ဒီမိုကရေစီထီးရိပ်အောက်၌ လူလူသူသူဖြစ်လိုကြသော ကျွန်မတို့တစ်တွေသည် လွတ်လပ်စွာ ယုံကြည်ခွင့်၊ လွတ်လပ်စွာ သဘောကွဲလွဲခွင့်၊ လွတ်လပ်စွာ တွေးတောခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာဆုံးဖြတ်ခွင့်၊ လွတ်လပ်စွာ လုပ်ပိုင်ခွင့် စသည်များကို အဆင်ခြင်မဲ့သုံးစွဲ၍ မဖြစ်ပါချေ။

မိမိတို့၏ လူမှုတန်ဖိုးယဉ်ကျေးမှုတန်ဖိုးများကို ဖြတ်ချဖျက်ပစ်ပြီး ထင်ရာစိုင်းခြင်းသည် ဒီမိုကရေစီအခွင့်ထူးဟူ၍ ထင်မှတ်နေသည်မှာလည်း မှားလွန်းလှပါသည်။

ဒီမိုကရေစီနိုင်ငံတော်ကို အဆင့်ရှိသော၊ ယဉ်ကျေးမှု ဂုဏ်သိက္ခာရှိသော နိုင်ငံတော်အဖြစ် တည်ဆောက်ကြမှသာလျှင် နိုင်ငံသည်လည်း တင့်တယ်၊ ပြည်သူများသည်လည်း ခရီးရောက်ကြမည် ဖြစ်ပါသည်။

ကျွန်မတို့ မြန်မာလူမျိုးများအတွက် အသက်တွေ အရွယ်တွေ အဘယ်မျှပင်ကြီးသွားသည်ဖြစ်စေ၊ အဘယ်အရပ် အဘယ်ဒေသသို့ ရောက်နေသည်ဖြစ်စေ "ရင်မှာစွဲနစ်၊ သစ်မြဲသစ်သည့် အချစ်သင်္ကြန်၊ လွမ်းသင်္ကြန်" ဖြစ်သောသင်္ကြန်။

သင်္ကြန်မိုးများ၊ သင်္ကြန်ပန်းများ၊ သင်္ကြန်ကဗျာများ၊ သင်္ကြန်တေးသံများဖြင့် လန်းဆန်းမြူးကြွသော သင်္ကြန်-

"ပိတောက်ပွင့်ရက်၊ အချစ်ရက်" ဖြစ်သည့်ရက်မြတ်သင်္ကြန်ကို-

အရှက်ကင်းမဲ့စွာ ဝတ်စားဆင်ယင်ခြင်း၊

လူမြင်သူမြင်မကောင်းအောင် ဖက်ယမ်းပြုမူခြင်း၊

ယောကျ်ားသားများကလည်း နှမချင်းမစာနာခြင်း၊

မူးရူးရမ်းကား ရိုင်းစိုင်းခြင်းများကို ခဝါချလိုက်ကြခြင်းအားဖြင့် ကြည်နူးဖွယ်၊ ဂုဏ်ယူဖွယ်၊ ပျော်ရွှင်ဖွယ်သင်္ကြန်များအဖြစ် နှစ်အသချေ အသချေဖြတ်သန်းနိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ကျွန်မဆင်ခြင်မိသမျှ တင်ပြလိုက်ရပါသည်။

ပြည်တွင်းသတင်း

မြဝတီရုပ်မြင်သံကြားနှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၃၁

မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက် ညနေ ၆ နာရီ ၃၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ ကျင်းပရာ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ရှေးဦးစွာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက အကောင်းဆုံးအစီအစဉ်မှူးဆုရရှိသူ တပ်ကြပ်ကြီး (အစားခန့်) ဖူးဖူးမြင့်အောင်နှင့် တပ်ကြပ်ကြီး (အစားခန့်) နီလာတင်ထွန်း၊ အကောင်းဆုံးကင်မရာရိုက်ကူးသူဆုရရှိသူ အရာခံဗိုလ်တင်စိုးနှင့် တပ်ကြပ်အောင်အောင်၊ အကောင်းဆုံး ထုတ်လုပ်ရေးမှူးဆုရရှိသူ အရာခံဗိုလ်(အစားခန့်)ဖြူပြာချောနှင့်တပ်ကြပ်ကြီး(အစားခန့်) နှင်းအိလင်း၊ အကောင်းဆုံးသတင်းကြေညာသူဆုရရှိသူ တပ်ကြပ်ကြီး (အစားခန့်) ယုနှင်းခိုင်နှင့် တပ်ကြပ်ကြီး(အစားခန့်) ပွင့်သက်ဖြူတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးက အကောင်းဆုံးတည်းဖြတ်ဆုရရှိသူ အရာခံဗိုလ်(အစားခန့်) သီတာနှင့် တပ်ကြပ်ကြီး (အစားခန့်) ဇင်ဇင်စိုး၊ အကောင်းဆုံးဂီတဆုရရှိသူ တပ်ကြပ်ကြီး (အစားခန့်) မြင့်မြင့်အေးသိန်း၊ အကောင်းဆုံး ကွန်ပျူတာဆုရရှိသူ တပ်ကြပ်ကြီး (အစားခန့်)ဇေဇေမင်း၊ အကောင်းဆုံးဇာတ်လမ်း၊ ဇာတ်ညွှန်းဆုရရှိသူ တပ်ကြပ်ဟန်စိုးနှင့်စက်မှုဌာန ဂုဏ်ပြုဆုများကို ဗိုလ်ကြီးဟိန်းထွဋ်အောင်နှင့် ဗိုလ်ကြီးကျော်မျိုးဝင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုးက မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသော ပထမဆုရ အောင်ကျော်ထွန်း (ပုသိမ်ကြီး)၊ ဒုတိယဆုရ ထွန်းအောင်(မြန်မာစာ)၊ တတိယဆုရ ကိုကိုဆန်နီ (သီဂီရွှေရည်)၊ အထူးဆုရရှိကြသူများဖြစ်သော စောအောင်မင်း (နယူးအာရှ)၊ အေးလွင်ဦး (ရွှေပန်းချီ၊ ရမည်းသင်း)တို့အား လည်းကောင်း၊ မြဝတီမဂ္ဂဇင်းအကောင်းဆုံး ကာတွန်း ဆုရရှိသူ ကာတွန်းချစ်ဆွေနှင့် ငွေတာရီမဂ္ဂဇင်း အကောင်းဆုံး ကာတွန်းဆုရရှိသူ ကာတွန်းဖွဲ့နီတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ် မင်းသိန်းတင့်က မြဝတီမဂ္ဂဇင်းအကောင်းဆုံးကဗျာဆုရရှိသူ မောင်စိမ်းနောင်(လယ်ဝေး)၊ ငွေတာရီမဂ္ဂဇင်း အကောင်းဆုံး ကဗျာဆုရရှိသူ မြင်းမူမောင်နိုင်မိုး၊ မြဝတီမဂ္ဂဇင်း အကောင်းဆုံး ဆောင်းပါးဆုရရှိသူ မောင်ခင်မင်(ဓနုဖြူ)၊ ငွေတာရီမဂ္ဂဇင်း အကောင်းဆုံး ဆောင်းပါးဆုရရှိသူ မင်းယုဝေ(ကိုယ်စား) ဦးမောင်မောင်ကြည်၊ မြဝတီမဂ္ဂဇင်း အကောင်းဆုံး ဝတ္ထုတိုဆုရရှိသူ မောင်လှိုင်းသစ်

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး အကောင်းဆုံးအစီအစဉ်မှူးဆုရ တပ်ကြပ်ကြီး(အစားခန့်) ဖူးဖူးမြင့်အောင်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

(ချစ်စရာမြေ)၊ မြဝတီမဂ္ဂဇင်း အကောင်းဆုံး ဝတ္ထုရှည်ဆုရရှိသူ မျိုးမြတ်မြတ်မြင့်မောင်နှင့် ငွေတာရီမဂ္ဂဇင်းအကောင်းဆုံး ဝတ္ထုရှည်ဆုရရှိသူ ခြင်ကျား(မအူပင်)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဗိုလ်မှူးချုပ် သန့်ဆွေက တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝူရှူးပြိုင်ပွဲတွင် ပထမဆုရရှိကြသော မြဝတီရုပ်မြင်သံကြားမှတပ်သား အောင်ချမ်းသာနှင့် တပ်သား ချစ်ကိုကိုတို့အား လည်းကောင်း၊ (၆၈)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာခံအဆင့် ပထမဆုရရှိသူ အမှတ် (၁၃) တိုက်ပွဲဝင် စည်းရုံးရေးသင်တန်းကျောင်းမှ ဒုအရာခံဗိုလ်ဆန်းဦးနှင့် အကြပ်အဆင့် ပထမဆုရရှိသူ အမှတ် (၁၂) ပညာရေးကျောင်းမှ တပ်ကြပ်ကြီး (နည်းပြ) မောင်ဇော်တို့အား လည်းကောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မြန်မာ့သိုင်းပြိုင်ပွဲ ပထမဆုရရှိသူ အမှတ်(၄) ပညာရေးကျောင်းမှ ဒုတပ်ကြပ် သန်းဇော်လတ်၊ (၆၈)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတပ်သားအဆင့် ပထမဆုရရှိကြသော အမှတ် (၇) တိုက်ပွဲဝင် စည်းရုံးရေးသင်တန်းကျောင်းမှ တပ်သား သက်ဖြိုးအေးနှင့် အမှတ်(၄) ပညာရေးကျောင်းမှ တပ်သား အောင်ပြည့်ဖြိုးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း(အငြိမ်းစား)က (၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခေတ်အကြိုက်)ဒုတိယဆုရရှိသူ မြဝတီရုပ်မြင်သံကြားမှ တပ်ကြပ်ကြီး(အစားခန့်)ထက်ထက်အောင်၊ ပြည်သူ့တပ်မတော်စာစဉ် ဝတ္ထုတိုပြိုင်ပွဲ ဒုတိယဆုရရှိသူ မြဝတီရုပ်မြင်သံကြားမှ တပ်ကြပ်ကြီး(အစားခန့်) ခိုင်မြတ်မော်၊ (၆၈)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အကြပ်အဆင့် ရေးဖြေ/နှုတ်ဖြေပြိုင်ပွဲဒုတိယဆုရရှိသူ အမှတ်(၂)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းမှ ဒုတပ်ကြပ် ဝင်းကျော်စိုး၊ ကမ္ဘာ့ဆရာများနေ့ စာစီစာကုံးပြိုင်ပွဲ ဗဟိုအဆင့် ဒုတိယဆုရရှိသူ နေပြည်တော် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ငွေငွေကြွယ်၊ (၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ခေတ်အကြိုက်) တတိယဆုရရှိသူ မြဝတီရုပ်မြင်သံကြားမှ တပ်ကြပ်ကြီး (အစားခန့်)နန္ဒာဇော်ဝင်းနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အခြေခံပညာအထက်တန်းကျောင်းများမှ ဗဟိုအဆင့် ဘက်စုံပညာထူးချွန်ဆု လူရည်ချွန်ဆုများ ရရှိကြသော ကျောင်းသား ကျောင်းသူများကိုယ်စား မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိ ဗိုလ်မှူးရဲမြင့်အောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

အစီအစဉ်အရ တာဝန်ရှိသူများက မြဝတီရုပ်မြင်သံကြားတွင် အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့်(အသိပညာရှင် အတတ်ပညာရှင်များနှင့် မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့်)စာပေနှင့် ဓာတ်ပုံပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို နေရာအရောက်လိုက်လံ၍ ဂါရဝပြုပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များအား ညစာဖြင့် တည်ခင်းဧည့်ခံကာ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ တေးသံရှင်များနှင့် မြဝတီရုပ်မြင်သံကြားမှ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ငါးနှစ်ကနေ ခုနစ်နှစ်အထိ ကြာမှာပါ။ တာဝါတိုင်တွေဆောက်ရမယ်။ ဖိုင်ဘာလိုင်းတွေချရမယ်၊ ဒါတွေက နေ့ချင်းညချင်းလုပ်လို့မရပါဘူး။ ကျွန်တော်တို့က သုံးနှစ်အတွင်း ၅၀ ရာခိုင်နှုန်းဖြစ်ချင်တယ်။ နိုင်ငံတကာနည်းတူ တယ်လီဖုန်းကို ဈေးပေါပေါနဲ့ ရောင်းချင်တယ်။ ဒီတော့ ဒါတွေလုပ်ဖို့ တိုင်းပြည်ရဲ့ လက်ရှိအင်အားနဲ့ မဖြစ်နိုင်ဘူး။ ကိုယ့်နည်း ကိုယ့်ဟန်နဲ့လုပ်ရင် ကြာလိမ့်မယ်။ လုပ်နိုင်တဲ့နည်းလမ်းက တစ်ခုပဲရှိတယ်။ Telecom Sector ကို ပုဂ္ဂလိကကဏ္ဍက ပါဝင်ယှဉ်ပြိုင်ခွင့် ပေးလိုက်တဲ့နည်းလမ်းပါ။ စနစ်ကြီးကို လုံးဝပြောင်းလဲလိုက်တာပေါ့။ အစိုးရကပဲ အစအဆုံးလုပ်မယ့်အစား ပုဂ္ဂလိကကဏ္ဍပါဝင်ပူးပေါင်းမှု၊ နိုင်ငံတကာကပါဝင်ပူးပေါင်းမှုတွေကို ဖွင့်ပေးလိုက်မှပဲဖြစ်မယ်။ ဒီလိုဖွင့်ပေးမယ်ဆိုရင် ဒီမိုကရေစီအစိုးရဖြစ်တဲ့အတွက် ဥပဒေနဲ့အညီ လုပ်ရပါမယ်။ အဲဒါကြောင့် ဒါတွေလုပ်လို့ရအောင် ဥပဒေကို ပြင်ဆင်ရေးဆွဲပြီး လွှတ်တော်ကို တင်ပြထားပါတယ်။ တစ်ဖက်ကလည်း ပုဂ္ဂလိကကဏ္ဍတွေပါဝင်ခွင့်ရအောင် ပြင်ဆင် ဆောင်ရွက်နေပါတယ်။ နောက် သုံးလ၊ လေးလဆိုရင် ဥပဒေလည်း အတည်ပြုပြီးလောက်ပါပြီ။ ဒါဆိုရင် ပုဂ္ဂလိကကဏ္ဍက ပါဝင်ဆောင်ရွက်နိုင်တော့မှာပါ။ သူတို့အနေနဲ့ကလည်း လိုအပ်တဲ့ ပြင်ဆင်မှုတွေကို ရှစ်လ၊ ကိုးလလောက် အချိန်ယူဆောင်ရွက်ရဦးမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၄ ခုနှစ် နှစ်လယ်လောက်ဆိုရင်တော့ တယ်လီဖုန်းလောက မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဖွံ့ဖြိုးလာလိမ့်မယ်လို့ထင်ပါတယ်။

ကျွန်တော်တို့က အဲဒီအချိန်အထိ စောင့်လို့မဖြစ်ဘူး။ ပြည်သူတွေကလည်း ဖုန်းတွေလိုချင်တယ်။ သမ္မတကြီးရဲ့စေတနာကလည်း ပြည်သူတွေလိုချင်တဲ့ဖုန်းကို နိုင်ငံတကာဈေးနှုန်းအတိုင်း သက်သာတဲ့၊ ချိုသာတဲ့ဈေးနဲ့ ရောင်းပေးချင်တယ်။ ဒါကြောင့် ရေရှည်စီမံကိန်းနဲ့ စနစ်တစ်ခုလုံးပြောင်းတဲ့ ကိစ္စကတော့ သွားနေတယ်။ ဒီကြားထဲမှာ ရေတိုစီမံကိန်းအနေနဲ့ ကျွန်တော်တို့က ဖြစ်အောင်ကြိုးစားဆောင်ရွက်ရမှာပေါ့။ နောက်တစ်နှစ်ခွဲ၊ နှစ်နှစ်နေမှ ဖြစ်နိုင်မယ့်ဟာကို ကျွန်တော်တို့က အခုဖြစ်အောင်လုပ်ရမှာပါ။ အချိန်နဲ့ လူတွေနဲ့၊ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာဖို့ အစီအစဉ်တွေက ရှိပြီးသားပါ။ ရှေ့ကို တိုးလုပ်တဲ့အခါမှာ ကျွန်တော်တို့မှာ အကန့်အသတ်တွေရှိပါတယ်။ ဘတ်ဂျက်အခက်အခဲတို့၊ ဖုန်းတွေများလာလို့ လိုင်းကျပ်မှာတို့ စသဖြင့်ပေါ့။ ဈေးနှုန်းတက်ချည်၊ ကျချည်လည်းမဖြစ်အောင် လစဉ်သက်သာတဲ့ တစ်သမတ်တည်းဈေးနှုန်းနဲ့ ရောင်းပါမယ်။ ဒီလိုရောင်းရာမှာ လိုင်းမကျပ်နိုင်မယ့် အရေအတွက်ကို ကန့်သတ်ပြီးတော့ ရောင်းပေးမှာပါ။ တစ်နှစ်ခွဲကာလအတွင်းမှာ ချိန်ချိန်ဆဆနဲ့ ရောင်းပေးမယ့် သဘောမျိုးပါ။

မေး။ အခု စတင်ရောင်းချပေးမယ့် တန်ဖိုးနည်းတယ်လီဖုန်း Sim Card တွေရောင်းချတဲ့နေရာမှာ ပြည်တွင်း/ပြည်ပကုမ္ပဏီများပူးပေါင်းပါဝင်မှုရှိ /မရှိဆိုတာကိုလည်း သိချင်ပါတယ်။

ဖြေ။ (ဒုတိယဝန်ကြီးဦးသောင်းတင်) ယခုလက်ရှိရောင်းချမှုမှာ မပါသေးပါဘူး။ ကျွန်တော်တို့ဝန်ကြီးဌာနကပဲ ရောင်းပေးသွားမှာဖြစ်ပါတယ်။

မေး။ အခုအစီအစဉ်မှာ ပထမနှစ်လမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို တစ်လကို CDMA Sim Card (၃၅၀၀၀၀) ဖြန့်ဖြူးသွားမယ်လို့ အကြမ်းဖျင်းလျာထားကြောင်း သိရပါတယ်။ ဘာဖြစ်လို့ CDMA ကို ရွေးချယ်ရတာပါလဲ။ ဘာဖြစ်လို့ GSM တို့၊ WCDMA တို့ကို မရွေးချယ်ရတာလဲဆိုတာကို သိချင်ပါတယ်။

ဖြေ။ (ဒုတိယဝန်ကြီးဦးသောင်းတင်) ရေရှည်စီမံကိန်းကတော့ နိုင်ငံတကာပုံစံ 3G နဲ့ Data တွေနဲ့ အင်တာနက်လည်း ကောင်းတဲ့၊ ကွာလတီလည်းပိုကောင်းတဲ့ဟာမျိုးကို သွားဖို့ပါ။ ဒီစီမံကိန်းက ရှိပြီးသားပါ။

လတ်တလောလုပ်ဆောင်ရမယ့်ဟာကတော့ ဘယ်စက်အမျိုးအစားက လိုင်းလက်ကျန်ပိုများသလဲဆိုတာ ကြည့်ရပါတယ်။ လိုင်းကျပ်တည်းမှုမရှိအောင် အဓိကစဉ်းစားတာပါ။ CDMA က တပ်ဆင်ထားတဲ့ စခန်းတော်တော်များများရှိပြီး တစ်ပြည်လုံးလည်း ပြန့်ကျဲနေတယ်။ ရောင်းချထားတာက နည်းနေသေးတယ်။ ဒါကို စရောင်းခြင်းအားဖြင့် လိုင်းကျပ်တည်းမှုကို ဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပထမနှစ်လကို CDMA 800 ရောင်းမယ်လို့ မှန်းထားတာပါ။ သို့သော် ပထမတစ်လမှာ ဒီလိုင်းကျပ်ခဲ့ရင် တခြားလိုင်းစီစဉ်ထားတာရှိပါတယ်။ နောက်ပြီး ဒေသတစ်ခုနဲ့ တစ်ခု ရောင်းမယ့်ဖုန်းအမျိုးအစားမတူပါဘူး။ ဒေသရဲ့ ချောင်တဲ့လိုင်းအပေါ် မူတည်ပြီး ဖုန်းအမျိုးအစားခွဲခြားရောင်းချပေးသွားမှာပါ။ ရောင်းမယ့်အရေအတွက်ကတော့ တစ်လ ၃၅၀၀၀၀ ပါပဲ။ သို့သော် တချို့နေရာမှာ CDMA 800 ဖြစ်မယ်။ တချို့နေရာတွေမှာ WCDMA ဖြစ်မယ်။ ဒါမျိုးပါ။ လိုင်းချောင်တဲ့အပေါ် မူတည်ပါတယ်။

ဖြေ။ (ဒုတိယဝန်ကြီး ဦးဝင်းသန်း) နောက်ပိုင်းကာလတွေမှာတော့ ဂျီအက်စ်အမ်ကိုပဲ ဖြန့်ပေးမှာပါ။ ဘာလို့လဲဆိုတော့ အင်တာနေရှင်နယ်အရရော၊ လက်တွေ့အရရော ကျွန်တော်တို့အနေနဲ့ 3G နဲ့ အထက်ကို သွားမှာမို့ပါ။ လောလောဆယ် ပြည်သူတွေ အကျိုးရှိရှိသုံးစွဲနိုင်အောင်အတွက်သာ လိုင်းချောင်တဲ့ဖုန်းကိုပဲ ဦးစားပေးရောင်းပေးတာဖြစ်ပါတယ်။

မေး။ အခုဆိုရင်တောင် အချို့နေရာတွေမှာ လိုင်းတွေကျပ်ပြီး ခေါ်လို့မရတာတွေ တွေ့ရပါတယ်။ အခုဖုန်းတွေ ထပ်ချပေးမယ်ဆိုရင် ဖြစ်ပေါ်လာမယ့် လိုင်းအခက်အခဲကို ဘယ်လိုဝန်ဆောင်မှုတွေနဲ့ ဖြေရှင်းဆောင်ရွက်မလဲဆိုတာကို သိလိုပါတယ်။

ဖြေ။ (ဒုတိယဝန်ကြီးဦးသောင်းတင်) ကျွန်တော်တို့က တာဝါတိုင်တွေကိုလည်း ဆက်ပြီးတိုးချဲ့တည်ဆောက်နေမှာပဲ။ ဖိုင်ဘာလိုင်းတွေလည်း ချနေတာပဲ။ Equipment တွေလည်း တပ်ဆင်နေတာပဲ။ အခုဆိုရင် ပစ္စည်းဝယ်တဲ့အခါ ဂျပန်တို့၊ အမေရိကန်တို့ စတဲ့နိုင်ငံတွေကလုပ်တဲ့ ပစ္စည်းကောင်းတွေကို သုံးလာပါတယ်။ ပထမဆုံးက လိုင်းပိုချောင်တဲ့ အမျိုးအစားကို ချပေးတာပေါ့။ ဒါတောင်မှ လိုင်းကျပ်လာမယ်ဆိုရင် ဖြေရှင်းနိုင်ဖို့လည်း လုပ်ထားပါတယ်။ ဒါရောင်းရင် လိုင်းကျပ်မလားဆိုတာကို စိုးရိမ်နေတဲ့ ပြည်သူတွေအတွက် နည်းလမ်းပေါင်းစုံ ဆောင်ရွက်ပေးထားပါတယ်။

ဖြေ။ (ဒုတိယဝန်ကြီးဦးဝင်းသန်း) ကျွန်တော်တို့က ပုဂ္ဂလိကတွေနဲ့ PPP ပုံစံနဲ့ သွားနေပါတယ်။ ပုဂ္ဂလိကတွေ တာဝန်ယူသွားတဲ့အခါ သူတို့အနေနဲ့ ဖုန်းခေါ်ဆိုမှုများများရှိမှ သူတို့အကျိုးအမြတ်တွေရမှာ ဖြစ်ပါတယ်။ ဒီလိုများများ ခေါ်ဆိုနိုင်အောင်လည်း လိုင်းကောင်းအောင်၊ လိုင်းမကျပ်အောင်လုပ်မှရမယ်။ ဒါမှသာ သူတို့အကျိုးရှိမယ်။ ကျွန်တော်တို့က စစ်ဆေးကြပ်မတ်တဲ့အပိုင်းက လုပ်နေသလို သူကလည်း ဥစ္စာရင်လို ဥစ္စာရင်ခဲ သူ့ဆက်သွယ်ရေးလိုင်းတွေ ကောင်းအောင် ကြိုးပမ်းနေမှာပဲ ဖြစ်ပါတယ်။ ဒီတော့ပိုပြီး ထိရောက်မယ့်သဘော ရှိပါတယ်။ ပုဂ္ဂလိက ပါလာတာက Government Sector ချည်းပဲလုပ်တာထက်စာရင် ပိုပြီးထိရောက်လာမှာပါ။ လိုင်းတွေ ပိုကောင်းလာမှာပါ။

မေးမြန်းဖြေကြားမှုများအပြီးတွင် ကျွန်တော်တို့သတင်းအဖွဲ့က ဒုတိယဝန်ကြီးများအား ယခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။ ၄င်းတို့ကလည်း အခုလို တွေ့ဆုံမေးမြန်းပေးသည့်အတွက် ကျေးဇူးတင်ရှိနေပုံရသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အားလုံးသည် ပြည်သူ့အတွက် အလုပ်အကျွေးပြုနေခြင်းပင်မဟုတ်ပါလား။ ။

ပထမအကြိမ် နွေရာသီရေကူးသင်တန်းဆင်း

ရန်ကုန် မတ် ၃၁

ကုက္ကိုင်းရေကူးအသင်း ၂၀၁၃ ခုနှစ် ပထမအကြိမ် နွေရာသီ ရေကူးသင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်ချီးမြှင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရေကူးကန်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး ကုက္ကိုင်း ရေကူးအသင်းနာယက ဦးငြိမ်းကျော်နှင့် ဥက္ကဋ္ဌဦးသန်းထွန်းအောင်တို့က သင်တန်းနှင့် ပတ်သက်၍အမှာစကားပြောကြားကာ သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြိုင်ပွဲ၌ ဆုရရှိသူများအား ကုက္ကိုင်းရေကူးအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များက ဆုများပေးအပ်ချီးမြှင့်ကြပြီး ဒေါက်တာဇော်ဝင်းက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အသက်အငယ်ဆုံး သင်တန်းသားနှင့် အသက်အကြီးဆုံး သင်တန်းသားဆုများ ပေးအပ်ရာ အသက် (၃)နှစ် မောင်မျိုးသူရအောင်အား ဆုချီးမြှင့်ခဲ့ကြောင်းသိရသည်။

တင်စိုး(မြန်မာ့အလင်း)

မီးမလောင်ခင်

သတိယှဉ်

ကြိုတင်

ကာကွယ်ပါ

ပြည်တွင်းသတင်း

❒ ရှေ့ဖုံးမှ

ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ် ဩဂုတ်လတွင် ဒေါက်တာတန်သည် ကာကွယ်ရေးနှင့် လုံခြုံရေးညှိနှိုင်းရေးဝန်ကြီးနှင့်ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၅။ ဒေါက်တာတန်သည် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလတွင် အစိုးရအဖွဲ့မှ အနားယူခဲ့ပြီး စင်ကာပူအစိုးရ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပုဂ္ဂလိကလီမိတက် (GIC)၏ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း အမျိုးသားသုတေသနဖောင်ဒေးရှင်းဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သုတေသန၊ တီထွင်မှုဆန်းသစ်မှု လုပ်ငန်းကောင်စီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စင်ကာပူပုံနှိပ်လုပ်ငန်းလီမိတက် (SPH) ဥက္ကဋ္ဌအဖြစ်လည်းကောင်း အသီးသီးတာဝန်ယူဆောင်ခဲ့ပါသည်။

၆။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် ၎င်းသည် သမ္မတရွေးကောက်ပွဲဝင်ရန် GIC နှင့် SPH တို့မှ နုတ်ထွက်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် သမ္မတအဖြစ်ရွေးချယ်ခြင်းခံရပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၁)ရက်နေ့တွင် စင်ကာပူသမ္မတနိုင်ငံ၏ သတ္တမမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပါသည်။

၇။ ဒေါက်တာတန်သည် ၁၉၆၄ ခုနှစ်တွင် မစ္စစ် မေရီ တန်နှင့် လက်ထပ်ခဲ့ပါသည်။ မိသားစုတွင် သားသုံးဦးနှင့် သမီးတစ်ဦးထွန်းကားခဲ့ပြီး လက်ရှိတွင်မြေးငါးဦးရှိပါသည်။

စင်ကာပူသမ္မတနိုင်ငံသမ္မတ၏ဇနီး မစ္စစ် မေရီ တန်၏ ကိုယ်ရေးအကျဉ်း

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်း၏ ဇနီး မစ္စစ် မေရီ တန်ကို ၁၉၄၀ ခုနှစ် ဒီဇင်ဘာလ ၅ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ မွေးဖွားခဲ့ပါသည်။ သူမသည် ၁၉၆၂ ခုနှစ်တွင် စင်ကာပူတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ပညာရေးဒီပလိုမာဘွဲ့ ရရှိခဲ့ပါသည်။ သူမသည် အလယ်တန်းပြဆရာမ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အလုပ်မှ အနားယူကာ အိမ်ရှင်မတစ်ဦးအဖြစ် နေထိုင်ခဲ့ပါသည်။

မစ္စစ် မေရီ တန်သည် စာဖတ်ခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်းနှင့် ယဉ်ကျေးမှုကပွဲများနှင့် ပြဇာတ်များ ကြည့်ရှုခြင်းကို နှစ်သက်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ဒေသရာသီဥတုနှင့်ကိုက်ညီသော အခြေခံမျိုးစေ့လိုအပ်ချက်ကို မျိုးသန့်ဇုန်များ ထူထောင်အကောင်အထည်ဖော်၍ ဖြည့်ဆည်းပေးရန်လို

နေပြည်တော် မတ် ၃၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကြက်တက်ညောင်ပင်ကျေးရွာအုပ်စု ပိတောက်ခင်ကျေးရွာအနီးရှိ ခပေါင်းဆည်ရေသောက်စနစ် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးတင်စိုးနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့တို့နှင့်အတူ ယမန်နေ့ နံနက် ၁၀ နာရီတွင် ရောက်ရှိပြီး စပ်မျိုးစပါး အဖိုလိုင်း၊ အမလိုင်း ဝတ်မှုန်ကူးပွဲတော်ကို ဒေသခံတောင်သူများနှင့်အတူ တက်ရောက်အားပေးကာ စိုက်ခင်းအနီးရှင်းလင်းဆောင်၌ မျိုးစေ့ထုတ်လုပ်ငန်းကို လာရောက်လေ့လာကြသော တောင်သူများနှင့်တွေ့ဆုံသည်။

ကြည့်ရှုအားပေး

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးတွင် မိုးစပါးကို ဧကပေါင်း သိန်း ၃၀ ခန့် စိုက်ပျိုးလျက်ရှိရာ ဝင်ငွေတွက်ခြေကိုက်သည့် ပုလဲသွယ်စပ်မျိုးစပါးအား တောင်သူလယ်သမားများက စိုက်ပျိုးလိုသည့် စိတ်ဆန္ဒ ပြင်းပြနေသည့်အတွက် လိုအပ်သောမျိုးစေ့များ အလုံအလောက်ထုတ်ပေးနိုင်ရန် မျိုးစေ့ထုတ်စိုက်ကွင်း ဧက ၂၀၀၀ ကို တစ်ဆက်တစ်စပ်တည်း ထူထောင်ပေးသွားမည်ဖြစ်ကြောင်း၊ မျိုးကောင်းမှ ဈေးကောင်းရမည်ဖြစ်ပြီး ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်သည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ကို သုံးစွဲမှသာ ဈေးကောင်းရမည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်၏ ဒေသရာသီဥတုနှင့်ကိုက်ညီသော အခြေခံမျိုးစေ့လိုအပ်ချက်ကို မျိုးသန့်ဇုန်များ ထူထောင်အကောင်အထည်ဖော်၍ ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း မျိုးစေ့လိုအပ်ချက်များကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး စိုက်ခင်းအတွင်း ဝတ်မှုန်ကူးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

(အပေါ်ယာပုံ)

ထိုမှတစ်ဆင့် ဖြူးမြို့နယ် ညောင်ပင်သာရှိ ဖြူးဆည်ရေသောက်စနစ် ခေတ်မီစက်မှုလယ်ယာမြေ ဘက်စုံ သီးနှံဧက ၂၀၀၀ စိုက်ကွင်းသို့ရောက်ရှိပြီး တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသည့် စပ်မျိုးအစေ့ထုတ်ပြောင်း ဧက ၁၀၀၀ စိုက်ကွင်း၊ ရိတ်သိမ်း၍ စနစ်တကျ သိုလှောင်ထားရှိသောအစေ့ထုတ် ပြောင်းဖူးများ၊ ခြွေလှေ့ပြီး အစေ့ထုတ် ပြောင်းမျိုးစေ့များကို ကြည့်ရှုအားပေး၍ ပြည်ထောင်စုဝန်ကြီးက ပုလဲသွယ်စပ်မျိုးစပါးများ၊ စပ်မျိုးအစေ့ထုတ်ပြောင်းစပ်မျိုးများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်၍ တောင်သူများလက်ဝယ်ဖြန့်ဖြူးပေးရေးတာဝန်ကို စိုက်ပျိုးရေးပညာရှင်များအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တောင်သူများအတွက် အခြေခံမျိုးစေ့လိုအပ်ချက်ကို မဖြစ်မနေဖြည့်ဆည်းပေးနိုင်ရေးအတွက် လက်တွေ့ကျသော နည်းလမ်းများဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ရန်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်

ရေးအ
တာဝ
ကြား

ဗိသနိုးမြို့ဟောင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် မိမိတို့နိုင်ငံသာမက ကမ္ဘာ၌ပါ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမား

နေပြည်တော် မတ် ၃၁

မြန်မာနိုင်ငံတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုများ အဆင့်ဆင့်ထွန်းကားခဲ့ပြီးနောက် ယဉ်ကျေးမှုအဆင့်အတန်းပိုမိုမြင့်မားသော မြို့ပြနေထိုင်မှုစနစ် စတင်ပေါ်ထွန်းလာသည့် ပျူခေတ်၏ အစောဆုံး မြို့ပြများဖြစ်သည့် ဟန်လင်း၊ ဗိသနိုး၊ သရေခေတ္တရာမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ သတ်မှတ်လုပ်ငန်းစဉ်များ အတိုင်း ယဉ်ကျေးမှုဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တောင်တွင်းကြီးမြို့နယ် အင်းရွာကြီးကျေးရွာနှင့် ကုက္ကိုခွကျေးရွာများသို့ မတ် ၃၀ ရက်တွင် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် သွားရောက်၍ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဗိသနိုး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအားတွေ့ဆုံပြီး ဗိသနိုးမြို့ဟောင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် မိမိတို့နိုင်ငံသာမက ကမ္ဘာ၌ပါ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမားကြောင်း၊ အဆိုပါအမွေအနှစ်များ မပျောက်ပျက်မဆုံးရှုံးစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဒေသခံပြည်သူများက မိမိတို့ဌာနနှင့် ပူးပေါင်းပြီး တာဝန်သိသိစည်းကမ်းရှိရှိဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးစေလိုကြောင်း၊ ဗိသနိုး

ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းခြင်းအားဖြင့်ဒေသ၏ ဂုဏ်သတင်း ထင်ရှားကျော်ကြားလာသည်နှင့်အညီ ပြည်တွင်းပြည်ပ ဧည့်သည်များ လာရောက်မှုပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာပြီး လူနေမှုဘဝပိုမိုမြင့်မားလာမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဗိသနိုးရှေးဟောင်း သုတေသနပြတိုက်အတွင်း ခင်းကျင်းပြသထားမှု၊ တူးဖော်ရေးကုန်းများ ထိန်းသိမ်းထားရှိမှုနှင့် ကုန်းအမှတ်(၂၈)ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဝတ္ထုပစ္စည်းများအား ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

သာယာဝတီခရိုင်၌လုံခြုံရေး အပြည့်အဝတာဝန်ယူ၍ နယ်မြေအေးချမ်းမှုရရှိပြီး ပြည်သူများပုံမှန်အတိုင်းသွားလာရောင်းဝယ်၊ နယ်မြေတာဝန်ခံများ ပြန်လည်နေရာချ

သာယာဝတီ မတ် ၃၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်းမြို့နယ်များ၌ မတ် ၂၅ ရက်မှ စတင်ဖြစ်ပွားခဲ့သော ဆူပူမှုများသည် နယ်မြေအေးချမ်းသာယာရေးအတွက် အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီးနောက်ပိုင်း မတ် ၂၉ ရက်မှစတင်ပြီး တည်ငြိမ်အေးချမ်းမှုများရရှိခံစားနေပြီဖြစ်သည်။ တာဝန်ရှိသူ၊ တာဝန်သိသူများ၏ လုံခြုံရေးအခြေအနေကို အပြည့်အဝဆောင်ရွက်ပေးနိုင်ခဲ့မှုများကြောင့် သာယာဝတီခရိုင်အတွင်းရှိ ယင်း (၆)မြို့နယ်တွင် ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းမှုကို ခံစားနိုင်ပြီ ဖြစ်သည်။

ထို့ပြင်လုံခြုံရေးတာဝန်ကျဝန်ထမ်းများနှင့် နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများသည် ပျက်စီးခဲ့သည့် နေရာများကို ပူးပေါင်းရှင်းလင်းပေးခဲ့ကြသည်။

ယခုအခါသာယာဝတီခရိုင် မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်းမြို့နယ်များသည် အေးချမ်းတည်ငြိမ်၍ ပုံမှန်သွားလာရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း သိရှိရသည်။

နယ်မြေလုံခြုံရေးနှင့်အေးချမ်းသာယာရေးကို နှောင့်ယှက်ခဲ့သူများကို တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

မောင်ဝင်း

ခြင်ဆေးခွေသုံးလျှင်
အနီးတွင်
လောင်စာပစ္စည်း
မထားနှင့်

အစိုးရဝန်ထမ်းများ၏ လစာနှုန်း၊ ပင်စင်လစာနှင့်လုပ်ခမျ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၅၄၄/၂၀၁၃
နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရ
(၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်)

အကြောင်းအရာ။ **အစိုးရဝန်ထမ်းများ၏ လစာနှုန်း၊ ပင်စင်လစာနှင့် လုပ်ခမျ**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့်ပြည်
အစဉ်အလေးထားဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းများသည် အဓိကအ
လျက်ရှိပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသည် နိုင်ငံ့ဝန်ထမ်းများ နိုင်ငံတေ
အထောက်အကူဖြစ်စေရန်၊ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုင
ရန် ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းကို တိုးမြှင့်ပေးရန်ဆုံးဖြတ်ခဲ့ပါသည

၂။ သို့ပါ၍ အစိုးရဌာနများနှင့်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအရ ခွင့်ပြုထာ
ထမ်းဆောင်နေကြသည့် အစိုးရဝန်ထမ်းများ၏ လစာနှုန်းထားများကို အောက်ပေ
သတ်မှတ်လိုက်သည်-

အမှတ်စဉ်	လက်ရှိလစာနှုန်း	အမှတ်စဉ်	
၁	၃၅၀၀၀-၁၀၀၀-၄၀၀၀၀	၁	၅၅၀
၂	၄၁၀၀၀-၁၀၀၀-၄၆၀၀၀	၂	၆၁၀
၃	၄၇၀၀၀-၁၀၀၀-၅၂၀၀၀	၃	၆၇၀
၄	၅၃၀၀၀-၁၀၀၀-၅၈၀၀၀	၄	၇၃၀
၅	၅၉၀၀၀-၁၀၀၀-၆၄၀၀၀	၅	၇၉၀
၆	၆၅၀၀၀-၁၀၀၀-၇၀၀၀၀	၆	၈၅၀
၇	၁၀၀၀၀၀-၂၀၀၀-၁၁၀၀၀၀	၇	၁၂၀၀
၈	၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀	၈	၁၄၀၀
၉	၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀	၉	၁၆၀၀
၁၀	၁၆၀၀၀၀-၂၀၀၀-၁၇၀၀၀၀	၁၀	၁၈၀၀
၁၁	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	၁၁	၂၀၀၀
၁၂	၂၀၀၀၀၀-၂၀၀၀-၂၂၀၀၀၀	၁၂	၂၃၀၀

မှတ်ချက်။ နှစ်တိုးများကို (၂)နှစ်လျှင် တစ်ကြိမ်ခံစားခွင့်ပြုရန်

၃။ လက်ရှိလစာနှုန်းမှ တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲသွားသည့် အခါ နှစ်တိုး
နှစ်တိုးကာလများအတိုင်း ဆက်လက်ခံစားခွင့်ပြုရန်ဖြစ်ပါသည်။ တိုးမြှင့်လစာနှုန်းသ
ကျရောက်သည့်နေ့များ ပြောင်းလဲသွားခြင်းမရှိစေရ။

၄။ လက်ရှိခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေးကိုလည်း ဆက်လက်

ပင်စင်လစာ

၅။ ဝန်ထမ်းများအား လစာနှုန်းထားများ တိုးမြှင့်ခွင့်ပြုသည့်နည်းတူ
အငြိမ်းစားများအား လက်ရှိပင်စင်လစာအပြင် တိုးမြှင့်ခွင့်ပြုသည့် လစာကျပ် ၂၀၀၀
နှင့်အညီ တွက်ချက်၍ တိုးမြှင့်ခံစားခွင့်ပြုလိုက်သည်။ တိုးမြှင့်ပင်စင်လစာနှင့်စပ်လ
ပင်စင်ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်။

နေ့စားလုပ်ခ

၆။ အစိုးရဌာနအဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများလုပ်ခကို အလုပ
လက်ရှိသတ်မှတ်ထားသော လုပ်ခ ကျပ် (၁၁၀၀)မှ လုပ်ခကျပ် (၁၇၀၀)သို့ တိုးမြှ
အပြင် အပိုထောက်ပံ့ကြေးတစ်နေ့လျှင် ကျပ် ၁၀၀၀ ကိုလည်း ဆက်လက်ခံစား

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများ၏ လစာနှုန်းများ

၇။ တပ်မတော်အတွက် သတ်မှတ်ထားသော လစာနှင့်စရိတ်နှုန်းထားမျ
ဆုကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဌ
ချက် ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် ခံစားခွင့်

၈။ နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြားရေးဝန်ထမ်းများန
များသည် ပြည်ပတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ရှိခံစားနေသော လ
ခြားသုံးငွေဖြင့် ထုတ်ယူခံစားရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ
အခါတွင် မိမိရာထူးအဆင့်နှင့်လျော်ညီစွာ သတ်မှတ်ထားသော လစာနှုန်းသစ်ကို

၉။ ဤအမိန့်ကြော်ငြာစာအရ ခံစားခွင့်များကို ၂၀၁၃ ခုနှစ်၊ ဧပြီလအတွင
ရမည်။

ကို

နကို စိုက်ပျိုး
နဖြင့် ပုဂ္ဂလိက
ရှင်များ၊ နိုင်ငံ
းဖြင့် ပူးပေါင်း
ဖြစ်ကြောင်း၊
အခြေခံမျိုးစေ့
နေဖြည့်ဆည်း
လက်တွေ့ကျ
းဖြင့် ကြိုးပမ်း
ာ်ရန်မှာ တိုင်း
ယ်အစိုးရအဖွဲ့
ဖွဲ့ဖြိုး တိုးတက်

ရေးအတွက် အဓိကကျသော တာဝန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

လစာနှင့်လုပ်ခများ တိုးမြှင့်သတ်မှတ်

ာနိုင်ငံတော်အစိုးရ
ဝန်ကြီးဌာန
န်ကြီးရုံး
ဥ်ာစာ
/၂၀၁၃
ပါင်းလပြည့်ကျော် ၆ ရက်
လ ၁ ရက်)
ပင်စင်လစာနှင့် လုပ်ခများတိုးမြှင့်သတ်မှတ်ခြင်း

သည် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို
မ်းများသည် အဓိကအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်
ဝန်ထမ်းများ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင်
ဆင့်အတန်းကို အထိုက်အလျောက်မြှင့်တင်ပေးနိုင်
ပေးရန်ဆုံးဖြတ်ခဲ့ပါသည်။
ဖွဲ့စည်းပုံအရ ခွင့်ပြုထားသော ရာထူးများ၌ တာဝန်
ထားများကို အောက်ဖော်ပြပါဇယားအတိုင်းတိုးမြှင့်

အမှတ်စဉ်	တိုးမြှင့်လစာနှုန်း
၁	၅၅၀၀၀-၁၀၀၀-၆၀၀၀၀
၂	၆၁၀၀၀-၁၀၀၀-၆၆၀၀၀
၃	၆၇၀၀၀-၁၀၀၀-၇၂၀၀၀
၄	၇၃၀၀၀-၁၀၀၀-၇၈၀၀၀
၅	၇၉၀၀၀-၁၀၀၀-၈၄၀၀၀
၆	၈၅၀၀၀-၁၀၀၀-၉၀၀၀၀
၇	၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀
၈	၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀
၉	၁၆၀၀၀၀-၂၀၀၀-၁၇၀၀၀၀
၁၀	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀
၁၁	၂၀၀၀၀၀-၂၀၀၀-၂၁၀၀၀၀
၁၂	၂၃၀၀၀၀-၂၀၀၀-၂၄၀၀၀၀

ပြုရန်
ဲသွားသည့် အခါ နှစ်တိုးများကို လက်ရှိလစာနှုန်းအရ
သည်။ တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲမှုကြောင့် နှစ်တိုး

ကြွးကိုလည်း ဆက်လက်ခံစားခွင့်ပြုရန် ဖြစ်ပါသည်။

င့်ခွင့်ပြုသည့်နည်းတူ လက်ရှိပင်စင်ခံစားနေသော
သည့် လစာကျပ် ၂၀၀၀၀/-အပေါ် ပင်စင်နည်းဥပဒေ
မြှင့်ပင်စင်လစာနှင့်စပ်လျဉ်း၍ ညှိနှိုင်းရန်လိုအပ်ပါက

မားများလုပ်ခကို အလုပ်ချိန် တစ်နေ့ ၈ နာရီအတွက်
ကျပ် (၁၇၀၀)သို့ တိုးမြှင့်သတ်မှတ်လိုက်သည်။ ၎င်း
သည်း ဆက်လက်ခံစားခွင့်ပြုရန်ဖြစ်ပါသည်။
းများ
ာနှင့်စရိတ်နှုန်းထားများအပြင် အငြိမ်းစားလစာနှင့်
ကြီးဌာန၊ ကာကွယ်ရေးကောင်စီသို့တင်ပြ၍ အတည်ပြု

တွက် ခံစားခွင့်
ငံခြားရေးဝန်ထမ်းများနှင့် အခြားအလားတူဝန်ထမ်း
ာက်ရှိခံစားနေသော လစာနှုန်းများအတိုင်းသာ နိုင်ငံ
ငံသို့ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်ရသည့်
သော လစာနှုန်းသစ်ကို ခံစားရန်ဖြစ်ပါသည်။
၁၃ ခုနှစ်၊ ဧပြီလအတွက် လစာမှစ၍ ခံစားခွင့်ရှိစေ

သတင်းနှင့်စာနယ်ဇင်း နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၃၁

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဇေယျာသီရိမြို့နယ် နေပြည်တော်သတင်းစာတိုက်ဝင်းအတွင်းရှိ ဘိုးဝဇီရခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ်နှင့် သတင်းစာတိုက်(၃)တိုက်၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း/ နိုင်ငံခြား)၊ မြန်မာ့အလင်းပုံနှိပ်တိုက်နှင့် ကိုယ်ပွားသတင်းစာတိုက်များမှ ဝန်ထမ်းများ၊ နယ်သတင်းထောက်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အင်္ဂလိပ်ဘာသာသတင်းစာမူထူးချွန်ဆု ပထမဆုရ ဒေါက်တာခင်မောင်ညွန့်အား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့် ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်ရရှိခဲ့သည့်ဝန်ထမ်းများ၊ နှစ်ပတ်လည်သတင်းဓာတ်ပုံထူးချွန်ဆုရရှိကြသူများ၊ နှစ်ပတ်လည် သတင်းစာမူထူးချွန်ဆု၊ အကောင်းဆုံး သတင်းစာမူများပေးပို့နိုင်မှုထူးချွန်ဆုရရှိကြသူများ၊ အင်္ဂလိပ်ဘာသာသတင်းစာမူထူးချွန်ဆုရရှိကြသူများ၊ ဝင်ငွေအများဆုံး ရှာဖွေပေးနိုင်မှုဆု၊ နယ်သတင်းစာများ စောင်ရေတိုးမြှင့်နိုင်မှုဆုနှင့် နိုင်ငံခြားဝင်ငွေအများဆုံး ရှာဖွေပေးနိုင်မှုဆုရရှိကြသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် တက်ရောက်ခဲ့သည့် သင်တန်းများ၌ ထူးချွန်ဆုရရှိကြသူများ၊ လုပ်ငန်းစွမ်းဆောင်ရည် ဆုရရှိကြသူများ၊ နိုင်ငံတကာသတင်းဂျာနယ်ပင်တိုင်ဆောင်းပါးရှင် ဂုဏ်ပြုဆု ရရှိကြသူများ၊ နိုင်ငံတကာသတင်းဂျာနယ် ပုံမှန်ထုတ်လုပ်နိုင်မှု ထူးချွန်ဆု၊ နှစ်ပတ်လည်အထိမ်းအမှတ် အမျိုးသား ဘောလုံးနှင့် အမျိုးသမီး လွန်ဆွဲပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဝန်ထမ်းများအတွက် ဝတ်စုံများကို ထောက်ပံ့ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နှစ်ပတ်လည် သတင်းဓာတ်ပုံထူးချွန်ဆု၌ ပထမ မျိုးဝင်းထွန်း(မုံရွာ)၊ ဒုတိယ ကိုကိုစိုးညွန့်(သတင်းစဉ်)၊ တတိယ မောင်မောင်(ကျောက်မဲ)တို့ကလည်းကောင်း၊ သတင်းစာမူထူးချွန်ဆု၌ ပထမ တင်မောင်(မန္တလေး)၊ ဒုတိယ ရန်ကြီးအောင်(သတင်းစဉ်)၊ တတိယ ကိုလွင်(ဆွာ)တို့ကလည်းကောင်း၊ အကောင်းဆုံး သတင်းစာမူများပေးပို့နိုင်မှုဆု၌ ပထမ ထက်ခိုင်(စမ်းချောင်း)၊ ဒုတိယ တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ တတိယ မောင်ထွေး(သတင်းစဉ်)တို့က လည်းကောင်း၊ အင်္ဂလိပ်ဘာသာ သတင်းစာမူထူးချွန်ဆု၌ ပထမ ဒေါက်တာခင်မောင်ညွန့်၊ ဒုတိယဆရာကြီး ဦးဘသန်း၊ တတိယဆရာကြီး ဦးဘစိန်တို့က လည်းကောင်း၊ နိုင်ငံတကာသတင်းဂျာနယ် ပင်တိုင်ဆောင်းပါးရှင် ဂုဏ်ပြုဆုအဖြစ် ဦးကိုကိုလှိုင်၊ ဦးမောင်မောင်အေးနှင့် ဦးရဲတင့်တို့ကလည်းကောင်း ရရှိခဲ့ကြသည်။ **(သတင်းစဉ်)**

မိတ္ထီလာကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များအား အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့

နေပြည်တော် မတ် ၃၁

မိတ္ထီလာမြို့ အောင်ဆန်းနယ်မြေ မန်ကျည်းကုန်းရပ်ကွက် မန်ကျည်းကုန်း ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ မိသားစုအလိုက်ပေးဝေကူညီထောက်ပံ့ပေးနေမှု**(ယာပုံ)**ကို ယနေ့နံနက် ၁၀နာရီက ပြုလုပ်ခဲ့သည်။

မိတ္ထီလာမြို့၌ ယခုအခါ တည်ငြိမ်အေးချမ်းလာပြီး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်၍ သက်ဆိုင်ရာက ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်ပေးနေသည်။

သို့ဖြစ်၍ မန်ကျည်းကုန်းကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည်များအား အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးဝေကူညီထောက်ပံ့နေမှုနှင့် ပတ်သက်၍ သွားရောက်စေ့ငုခဲ့ရာ "ကျွန်မက မခင်စောမွန်ပါ။ အေးချမ်းသာယာ ရပ်ကွက်မှာနေပါတယ်။ ၂၁ရက်ကတည်းက ဒီဘုန်းတော်ကြီးကျောင်းကို ရောက်နေတာပါ။ မိသားစုလေးဦး ရှိပါတယ်။ ဒီမှာစားဝတ်နေရေးကအစ အားလုံး အဆင်ပြေပါတယ်။ ဒီနေ့မှ ဒီမှာ အဝတ်အထည်နဲ့ အသုံးအဆောင်ပစ္စည်းတွေ စဝေတာပါ။ အစားအသောက်တွေကတော့ ဖြစ်ဖြစ်ချင်း နေ့တွေကတည်းက မပူရပါဘူး။ ဘုန်းကြီးကလည်း လိုလေသေးမရှိ

ကွင်းဆင်းရေးသားသူ
စိန်လွင်အောင်(မြန်မာ့အလင်း)

အောင် ကူညီထောက်ပံ့ပါတယ်။ ဒီနေ့ဆို အဝတ်အထည်တွေရတော့ အလွန်ပျော်ပါတယ်။ ကျွန်မတို့ပစ္စည်းအားလုံးက မီးထဲပါသွားတာပါ။ အခုလိုဝေပေးတဲ့ အတွက်လည်း အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု သူမ၏ ရင်တွင်းပီတိစကားသံကို ကြားခဲ့ရသည်။

ဆက်လက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် "ကျွန်တော်တို့ဘက်က တတ်နိုင်တာအားလုံးပြည့်ပြည့်စုံစုံလုပ်ပေး နေပါတယ်။ ယခင်က အစားအသောက်၊ ယခု အဝတ်အထည်ကအစ ဖြည်းဖြည်း လုပ်ဆောင်ပေးသွားမှာပါ။ ဝေတဲ့အခါမှာလည်း ကျွန်တော်တို့ဘက်ကမဝေပါဘူး။ သူတို့စခန်းတွေအလိုက် ခေါင်းဆောင်ခန့်ထားတဲ့လူတွေကို စာရင်းဇယားနဲ့ပေးလိုက်တာပါ။ သူတို့ စိတ်ကြိုက်ဝေလို့ရအောင်ပေါ့။ အခုဆိုရင် စခန်းတွေမှာရှိတဲ့ ဒုက္ခသည်တွေအားလုံး အဆင်ပြေပြေဖြင့် အစားအသောက်၊ နေရာထိုင်ခင်း၊ စောင်၊ ခေါင်းအုံး၊ ခြင်ထောင်ကအစ သူတို့လက်ထဲရောက်ရှိနေပြီဖြစ်လို့ အားလုံးအဆင်ပြေနေကြပါပြီ "ဟု ပြောပြခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေး ဘက်စုံထူးချွန်ကျောင်းသားကျောင်းသူများအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၃၁

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ညနေ ၅ နာရီတွင် ငွေဆောင်ကမ်းခြေဘက်စုံထူးချွန်လူငယ် အပန်းဖြေစခန်း၌ ဘက်စုံထူးချွန် လူငယ်ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးမင်းနိုင်၊ ဘက်စုံထူးချွန် ကျောင်းသားကျောင်းသူများ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန် မှာကြားချက်နှင့်အညီ ဘက်စုံထူးချွန် လူငယ်ကျောင်းသားကျောင်းသူများအား ရွေးချယ်ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ ဘက်စုံထူးချွန်ဆုရရှိအောင် ကြိုးစားအားထုတ်ယှဉ်ပြိုင်မှုကို ဂုဏ်ယူပါကြောင်း၊ ဘက်စုံထူးချွန်ဆု နှစ်စဉ်ဆက်တိုက်ရရှိအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာအောင် လေ့ကျင့် မွေးမြူပေးနေခြင်းဖြစ်ကြောင်း၊ ဗလငါးတန်ပြည့်ဝပြီး ပညာပြည့်ဝ နှလုံးလှသူများဖြစ်အောင် လေ့ကျင့်အားထုတ်ကြိုးစားကြရမည်ဖြစ်ကြောင်းဖြင့် အားပေးတိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

နေပြည်တော် မတ် ၃၁

မိတ္ထီလာမြို့တွင် မကြာသေးမီက ဆူပူအကြမ်းဖက်မှု ဖြစ်ပွားခဲ့ပြီး ယခုအခါ ဒေသခံပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိတော့ဘဲ ၎င်းတို့၏ နေ့စဉ်လုပ်ငန်း ဆောင်တာများကို ပုံမှန်ပြန်လည်ဆောင်ရွက်လျက်ရှိကြသည်။

ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်း(၅)ခု၌ ဒုက္ခသည် ၇၅၇၂ ဦးနှင့် ဈေးအရှေ့ပြင်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းနှင့် အင်းကုန်းအောင်ဆန်းရပ်ကွက်ရှိ အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်းတို့၌ ဒုက္ခသည် ၁၄၃၉ ဦး ခိုလှုံလျက်ရှိကြပြီး တာဝန်ရှိသူများက ဒုက္ခသည်များ၏ နေထိုင်မှုနှင့် စားသောက်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မိတ္ထီလာမြို့ သမုန်းကုန်းဘုန်းတော်ကြီးကျောင်းတွင် ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းအား မတ် ၃၀ ရက် ညနေပိုင်းမှစတင်၍ အင်းကုန်းအောင်ဆန်းရပ်ကွက်ရှိ အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်းနှင့် ဈေးအရှေ့ပြင်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းတို့သို့ ပြောင်းရွှေ့၍ ဖွင့်လှစ်ထားကြောင်း သိရှိရသည်။

ယနေ့ နံနက်ပိုင်းတွင် အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာထွန်းတင် ဦးဆောင်သော သမားတော်များအဖွဲ့သည် ဒုက္ခသည်သက်ကြီးရွယ်အိုများအား အပူဒဏ်နှင့်ပတ်သက်၍ အခြေခံကျန်းမာရေးစစ်ဆေးပေးခြင်း၊ **(အပေါ်ပုံ)**လိုအပ်သည့်ကုသမှုပေးခြင်း၊ အရိပ်ရပြီး လေဝင် လေထွက်ကောင်းသည့်နေရာများ၌ နေထိုင်စေခြင်း၊ (၅) နှစ်အောက် ကလေးငယ်များအား အစုလိုက် လက်သည်းညှပ်ခြင်း၊ လက်ဆေးနည်းပြသခြင်း စသည့် ပြည်သူလူထုအခြေပြု ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဝမ်းပျက် ဝမ်းလျှောရောဂါကာကွယ်ရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်းနှင့်ဈေးအရှေ့ပြင်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းတို့သို့ ကယ်ဆယ်ရေးစခန်း ပြောင်းရွှေ့နေရာချထားပေးသည့် ဒုက္ခသည်များ နေရေး၊ စားရေး အဆင်ပြေပြေ နေထိုင်နိုင်ရန်အတွက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အာဆီယံ-ဂျပန် လူငယ် ပူးပေါင်းဖလှယ်ရေးအစီအစဉ်သို့ တက်ရောက်ရန် ဂျပန်သို့ထွက်ခွာ

ရန်ကုန် မတ် ၃၁

ဂျပန်နိုင်ငံ၌ မတ် ၃၀ ရက်မှ ဧပြီ ၇ ရက်အထိ ကျင်းပမည့် အာဆီယံ-ဂျပန် ပူးပေါင်းဖလှယ်ရေးအစီအစဉ်သို့ တက်ရောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊မန္တလေး)တို့မှ ကျောင်းသား ကျောင်းသူ သုံးဦးတို့သည် မတ် ၃၀ ရက် ညပိုင်းတွင်လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ်၊ ဌာနမှူးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

သမိုင်းဝင်တန်ဖိုးရှိ ရွှေပိန်းချ ပိဋကတ်သုံးပုံပေစာထုပ်များ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(မန္တလေး)သို့ ပေးအပ်လှူဒါန်း

မန္တလေး မတ် ၃၁

မန္တလေး ချမ်းအေးသာစံမြို့နယ် အနောက်ခင်မကန်တိုက်ရှိ မဟာဇောတိကအုတ်ကျောင်းတွင် ၁၂၇ နှစ်ကြာကာလအထိ ထိန်းသိမ်းလာခဲ့သော ရွှေပိန်းချပိဋကတ်သုံးပုံပေစာထုပ်များကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(မန္တလေး)သို့ ပေးအပ်လှူဒါန်းပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် မဟာဇောတိကအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒာစာရက လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပိဋကတ်သုံးပုံ ကျမ်းစာအထုပ်ကြီး ၄၆ ထုပ်နှင့် အထုပ်သေး ၈၀ တို့ကို ပေးအပ်လှူဒါန်းရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရကိုယ်စား ဆရာတော်တစ်ပါးက လက်ခံယူသည်။

အဆိုပါ ပိဋကတ်သုံးပုံကျမ်းစာသည် မဟာဇောတိကအုတ်ကျောင်း ကျောင်းတိုက်ဆရာတော် အဆက်ဆက်က ၁၃၀၀ ပြည့်နှစ်မှ ယနေ့အထိ ထိန်းသိမ်းခဲ့သော ပိဋကတ်သုံးပုံ ကျမ်းစာများဖြစ်ပြီး ယင်းကျမ်းစာများကို မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်က အုတ်ဝန်သံတော်ဆင့် မင်းကျော်ပညာသိဒ္ဓိနှင့် မိသားစုဝင်တို့က လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ပေစာထုပ်များကို ဟသ်ာပြဒါး သုတ်လိမ်း၍ ရွှေပိန်းချထားသော သစ်သားချပ် အဖုံးအအုပ်နှစ်ခုနှင့် ချုပ်ထားသည်။ အောက်ခံပျဉ်ချပ်တွင် ဖိုင်ကဲ့သို့ ပလ္လင်တိုင်နှစ်ချောင်းပါရှိပြီး ပေစာများကို အပေါက်နှစ်ပေါက်ဖောက်၍ အစီအစဉ်လိုက် ထည့်သွင်းကာ ကတ္တီပါအနီဖြင့်အုပ်၍ တစ်လက်မခန့်ချည်ထည်ကြိုး ၁၁ တောင် ၁၆ ပေခွဲနှစ်ကြိုးစီဖြင့် ချည်နှောင်ထားသည်။ ယင်း ပေစာများ၏ အပေါ်ဆုံးနှင့် အောက်ဆုံးတွင် ပေရွက်ဆယ်ရွက်စီအပိုထည့်ထားပြီး ပေရွက်အလွတ်များ၏အောက်တွင် မာတိကာစဉ် ပေရွက်ပါရှိ၍ သေသပ်လှပသော မြန်မာအက္ခရာစာလုံးများဖြင့် အမှားအယွင်းမရှိရေးထိုးထားပြီး ပိဋကတ်သုံးပုံကို ဘာသာရပ်အလိုက် သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းနှင့် ဝိနည်းငါးကျမ်းတို့ကို ခွဲခြားထုပ်ပိုးချည်နှောင်ထားကြောင်း သိရသည်။ (၀၄၀)

ရေအခက်အခဲမရှိစေရေး အေးရွာ၌စက်ရေတွင်းတူးဖော်

ကျောက်ပန်းတောင်း မတ် ၃၁

မြန်မာပြည်အလယ်ပိုင်း မိုးနည်းရေရှားဒေသကျေးရွာများတွင် သောက်သုံးရေခက်ခဲမှု မရှိစေရေးအတွက် ပူပြင်းခြောက်သွေ့သော နွေရာသီအမီ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန အစီအစဉ်ဖြင့်လည်းကောင်း၊ JICA အဖွဲ့အစီအစဉ်ဖြင့်လည်းကောင်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ညောင်ကန်ဒေါင့်ကျေးရွာအုပ်စု အေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် Soe & Sons ကုမ္ပဏီလီမိတက်က တာဝန်ယူ၍ လေးလက်မ စက်ရေတွင်းတစ်တွင်း တူးဖော်ပြီးစီးခဲ့ကြောင်း သိရသည်။

ရှင်းပြ

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၁ မြို့နယ်၊ ကျေးရွာပေါင်း ၁၅ ရွာမှာ တူးဖော်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ နယ်စပ်ရေးရာ ဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ လမ်းညွှန်မှုနဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွေရဲ့ အကူအညီကို ရယူပြီး လုပ်ငန်းအားလုံးကို သုံးလအတွင်း အပြီးဆောင်ရွက်သွားမှာပါ။ အပြီးဆိုတဲ့နေရာမှာ စက်ရေတွင်းတူးဖော်ရေးလုပ်ငန်းတစ်ခုတည်း မဟုတ်ပါဘူး။ ဂါလန် ၅၀၀၀ ဆံ့ရေစုရေဝေကန်ပါမယ်။ ရေတင်စက်၊ ပန့်စက်ပါမယ်။ အဲဒီစက်တွေထားဖို့ အဆောက်အအုံပါမယ်။ အားလုံး အပြည့်အစုံလုပ်ပေးသွားမှာပါ" ဟု Soe & Sons ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးကိုကြီးက ရှင်းပြသည်။

အေးရွာစက်ရေတွင်းကို ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်တူးဖော်ခဲ့ပြီး အနက်ပေ ၆၆၀ တွင် ရေကြောတွေ့ရှိ၍ မတ် ၂၆ ရက်တွင် ရေထုတ်ပိုက်နှင့် ပန့်ချခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ရေစုကန်တည်ဆောက်မှု မပြီးစီးခင် ကျေးရွာနေပြည်သူများ သောက်သုံးရေခက်ခဲမှု မရှိစေရေးအတွက် အချိန်သတ်မှတ်၍ ရေစက်မောင်းနှင်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၁၈)

ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်ရေးနှင့် ဉာဏ်ရည်ထက်မြက်စေရေး နွားနို့တိုက်ကျွေးပေး

မန္တလေး မတ် ၃၁

နွားနို့သည် အာဟာရတန်ဖိုးမြင့်မားသော စားသောက်ကုန်တစ်မျိုးဖြစ်ပြီး နွားနို့သောက်သုံးခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေကာ အထူးသဖြင့် ကျောင်းသားလူငယ်များ၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ဉာဏ်ရည်ထက်မြက်စေရေးအတွက် အလွန်အထောက်အကူပြုလျက်ရှိသည်။

ထို့ကြောင့် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ အနာဂတ်၏ သားကောင်းရတနာများဖြစ်သည့် မူလတန်းကျောင်းသား၊ ကျောင်းသူလေးများအား နွားနို့တိုက်ကျွေးခြင်းကို ၂၀၁၂ ခုနှစ်က ဆောင်ရွက်ခဲ့ပြီး နောင်နှစ်များတွင်လည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့အပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ပံ့ပိုးကူညီမှုဖြင့် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ မန္တလေးဘောလုံးအကယ်ဒမီ သင်တန်းကျောင်းရှိ သင်တန်းသားများအား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ နေ့စဉ်နွားနို့တိုက်ကျွေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးတွင် နို့စားနွားအကောင်ရေ ၁ ဒသမ ၁၃ သိန်း မွေးမြူထားရှိပြီး နွားနို့ထုတ်လုပ်မှုအနေဖြင့် တစ်နေ့လျှင် ၁ ဒသမ ၅ သိန်းပိဿာခန့် ထုတ်ပေးလျက်ရှိသည်။ လူတစ်ဦး၏ တစ်နှစ်အတိုင်းအတာထိ နွားနို့သောက်သုံးမှုမှာ ၁၈ ဒသမ ၀၉ ပိဿာဖြစ်သော်လည်း တိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ပြည်သူများအနေဖြင့် နွားနို့သောက်သုံးမှုမှာ အင်မတန်နည်းပါးလျက်ရှိသည်။ ယင်းသို့နည်းပါးရခြင်းမှာ အကြောင်းအချက် အမျိုးအစားများစွာရှိသည့် အနက်မှ ဈေးနှုန်းကြီးမြင့်ခြင်းက ထိုးနှက်ချက်တစ်ခုဖြစ်နေသည်။ တချို့နိုင်ငံများတွင် နွားနို့တစ်လီတာဈေးနှုန်းသည် ရေသန့်တစ်လီတာဈေးနှုန်းထက် နည်းပါးလျက်ရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် နွားနို့တစ်လီတာဈေးနှုန်းသည် ငွေကျပ် ၆၀၀ ရှိပြီး ရေသန့်တစ်လီတာ ဈေးနှုန်းမှာ ငွေကျပ် ၃၀၀ ရှိသည့်အတွက် နွားနို့ဈေးနှုန်းမှာ ကြီးမြင့်လျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ နို့ထုတ်လုပ်မှုအနေဖြင့် တစ်နှစ်လျှင်မက်ထရစ်တန်ချိန် ၁ ဒသမ ၆၃ သန်းထုတ်လုပ်နိုင်ခဲ့ပြီး လူတစ်ဦးချင်း တစ်နှစ်စားသုံးမှုသည် ၂၆ ဒသမ ၃ ကီလိုဂရမ် (၁၆ ဒသမ ၂ ပိဿာ)ခန့်ရှိသည်။ ထို့ကြောင့် ပြည်တွင်းစားသုံးမှု မလုံလောက်သည့်အတွက် ပြည်ပနိုင်ငံများမှ တန်ဖိုးမြင့်နို့ထွက်ပစ္စည်းများဖြစ်သည့် နို့မှုန့်၊ နို့ဆီ၊ ထောပတ်၊ ဒိန်ခဲ၊ နို့စိမ်းနှင့် အသင့်သောက်သုံးနိုင်သောနို့များ စုစုပေါင်းတန်ချိန် ၄၀၀၀၀ ကျော်ကို နှစ်စဉ်ဝယ်ယူတင်သွင်းနေရသဖြင့် တန်ဖိုးအားဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၄၈ သန်းနီးပါး ကုန်ကျလျက်ရှိသည်။

တင်မောင်(မန်းကိုယ်ပွား)

ပညာမြင့်မှ
လူမျိုးတင့်မည်

အကျွတ်အလွတ် ဒါနပြုပွဲကျင်းပ

ကျောက်ပန်းတောင်း မတ် ၃၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် မြို့နယ်လုံးဆိုင်ရာ လူမှုကူညီရေးအသင်းများနှင့် အလှူရှင်စေတနာရှင်များ စုပေါင်း၍ ဒုတိယအကြိမ်မြောက် အကျွတ်အလွတ်ဒါနပြုအမှုဝေပွဲကြီးကို ဧပြီ ၂ ရက်နှင့် ၃ ရက်များတွင် ကျောက်ပန်းတောင်းမြို့ အမှတ်(၁) သုသာန်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အကျွတ်အလွတ်အမှုဝေပွဲတွင် ဓမ္မဒါနအကြိုတရားပွဲအဖြစ် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော် အရှင်ဥတ္တမ (သာသနဇဓမ္မာစရိယ) က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဧပြီ ၂ ရက် ည ၇ နာရီခွဲတွင် အမှတ်(၁)သုသာန်၌ ဟောကြားချီးမြှင့်မည်ဖြစ်ပြီး ည ၁၁ နာရီတွင် မကျွတ်မလွတ်ကြသေးသည့် သူများအား အစားအစာများဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်းနှင့် ဧပြီ ၃ ရက် နံနက် ၈ နာရီတွင် ဆရာတော်သံဃာတော်များအား ပင့်ဖိတ်၍ လှူဖွယ်ဝတ္ထုအစုစုတို့ကို ကွယ်လွန်အနိစ္စရောက်ပြီးကြသူများကိုယ်စား ကုသိုလ်ပြုလှူဒါန်းကြပြီး ရေစက်ချတရားနာကြားကာ အမျှပေးဝေကြမည်ဖြစ်ကြောင်း သိရသည်။

(၄၁၈)

GOLDEN STAR Travels & Tours
Apr-12
Apr-12
Apr-12
Apr-12
Apr-12,13,17
Ph: 209200, 544383, 430480, 703448, 09-5081580

09421152677, 09421122687
125000/- Apr 12

NATURAL BREEZE Travels & Tours
April 18 ဖူးခက်
April 15 ဖူးခက်-တန်ခကောက်
April 13 မန်ခကောက်-မဏ္ဍရား
April 13 စက်ဘူ - မခလေးရှား
April 21
01 500734,09 73 211441 , 09 73 211442

Golden Luck Travels

ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်
Ph: 209077, 09-731 57000
209188, 09-731 68000

VIP Seat Scania (2+1)
ချောင်းသာ(နေ့စဉ်)
09-73143249,09-73252241

TRAVELS & TOURS CO.,LTD
Your Destinations ...... Our Creations
Apr:14
Apr:12
Apr:9/13
Apr: 13
MAI
Apr:12
Hot Line: 09421027667 , 095068894
toetoeyadanar.travels@gmail.com 01-503925 , 01-527539

ပြည်တွင်းသတင်း

အင်တာနက်ပေါ်ပါရှိသော မဟုတ်မမှန်သတင်းအား မွန်ပြည်နယ် မော်လဝီအဖွဲ့ချုပ်က ရှင်းလင်းပြောကြား

မော်လမြိုင် မတ် ၃၁

မွန်ပြည်နယ် မော်လမြိုင်မြို့ ကွင်းရပ် ရပ်ကွက် အထက်လမ်းမကြီးရှိ ပြည်နယ်မော်လဝီအဖွဲ့ချုပ်ရုံးခန်း၌ မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီက အင်တာနက်ပေါ်ပါရှိသော သတင်းနှင့်ပတ်သက်၍ မဟုတ်မမှန်ကြောင်း သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ မွန်ပြည်နယ် မော်လဝီအဖွဲ့ချုပ်ဥက္ကဋ္ဌ မော်လဝီရှကူး၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးပိုင်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မွန်ပြည်နယ်) ဥက္ကဋ္ဌ ဦးသိန်းလှိုင်နှင့် အသင်းဝင်များ၊ မွန်ပြည်နယ်မီဒီယာဥက္ကဋ္ဌ ဦးစီနားနှင့်အဖွဲ့ဝင်များ၊ ဂျာနယ်လစ်သတင်းထောက်များ စုစုပေါင်း ၂၅ ဦးခန့် တက်ရောက်ခဲ့သည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြားခဲ့

အဆိုပါ အင်တာနက်ပေါ်ပါရှိသော ဗဟုသုတဟင်းလေးအိုးကြီး ဝက်ဘ်ဆိုက်၌ တင်ထားသည့် မဟုတ်မမှန်သတင်းတွင် မလေးရှားစက်လှေတစ်စင်း မော်လမြိုင်သို့ ဝင်ကြောင်း၊ ကုန်တွေကို ညတွင်းချင်းချပြီး မနက်ငါးနာရီတွင် ပြန်ထွက်သွားကြောင်း၊ အထမ်းသမား မြန်မာဗုဒ္ဓဘာသာဝင်တစ်ဦးက ကူလီဝင်ထမ်းရာ အိတ်များအတွင်း လက်နက်များပါဝင်ကြောင်း၊ ကျည်သေတ္တာများ ပါဝင်ကြောင်း၊ လက်နက်အိတ်များကို တစ်ညလုံးထမ်းချပြီး မောင်ငံရပ်တွင်းမှ ဗလီထဲသို့ ပို့ခဲ့ရကြောင်း၊ ထိုအထမ်းသမားက ထမင်းဆိုင်တွင် နေ့လယ်စာ ထမင်းလာစားရင်း ၎င်း၏ ညအတွေ့အကြုံကို ထမင်းရောင်းသည့်ဈေးရှေ့ မိသားစုထမင်းဆိုင်မှ အဒေါ်အား ပြောပြကြောင်း၊ အဒေါ်ကြီးနှင့် အဆက်အသွယ်ရှိသော သူငယ်ချင်းကို မှူခင်းသတင်းထောက်က ဖုန်းဆက်လို့ သိရကြောင်း၊ ယခု မြန်မာနိုင်ငံရဲတပ်ဖွဲ့က လျှို့ဝှက်လူလွှတ်စုံစမ်းနေသည်ဟု သိရကြောင်းဖြင့် အင်တာနက် တင်ထားသော သတင်းနှင့် ပတ်သက်၍ ပြည်နယ်မော်လဝီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးစိုးပိုင်က မဟုတ်မမှန်ကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း(မော်လမြိုင်)

အသိပေးညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ထားဝယ် မတ် ၃၁

မြန်မာနိုင်ငံ ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၅) အကြောင်း အသိပေးညှိနှိုင်းဆွေးနွေးပွဲကို မတ် ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်က အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါ မဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၅) အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိတ်ချ်အိုင်ဗွီနှင့် နေထိုင်သူများ အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်အောင်က လူထုအခြေပြု လူမှုကူညီရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားကို ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြကြောင်း သိရှိရသည်။ **(၈၅၂)**

တောင်ပေါ်မော်တော်ကားလမ်းများ ကတ္တရာခင်းကျင်းပြီးစီး ပြည်သူများ ခရီးသွားလာမှု ပိုမိုအဆင်ပြေချောမွေ့လာ

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်ကို နိုင်ငံတော်အစိုးရက ၂၀၀၄ ခုနှစ် ဩဂုတ် ၂ ရက်မှစတင်၍ ခရိုင်အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီး ခရိုင်မြို့အဖြစ် တည်ရှိလာခဲ့သည်မှာ ၁၉ နှစ်တိုင်တိုင် ရှိခဲ့ပြီးဖြစ်ပါသည်။ လင်းခေးမြို့သည် တောင်ကြီးမြို့နှင့် ၁၂၆ မိုင်သာ ကွာဝေးသော်လည်း လမ်းပန်းဆက်သွယ်ရေးမှာ တောင်ပေါ်ချိုင့်ဝှမ်း အကွေ့အကောက်များသည်သာမက လွန်ခဲ့သောနှစ်ပေါင်းများစွာက ခင်းကျင်းထားသော ကတ္တရာလမ်းများသည် ကာလအတိုင်းအတာအားဖြင့် ပျက်စီးယိုယွင်းနေပြီဖြစ်သောကြောင့် အဆိုပါခရီးကို တစ်နေကုန်အောင် မောင်းနှင်သွားလာခဲ့ရသည်။

ထို့အပြင် နမ့်စန်-မိုးနဲ-လင်းခေး သွားလမ်း မော်တော်ကားလမ်းပိုင်းတွင် မိုးနဲမြို့နှင့် လင်းခေးမြို့၏ ခရီးအကွာအဝေးမိုင်သည် ၂၂ မိုင်သာဖြစ်သော်လည်း ခရီးသွားလာရာတွင် လိုအပ်သည်ထက် ကြာမြင့်စွာမောင်းနှင်သွားလာခဲ့ကြရသည်။ မိုးနဲမြို့နယ်နှင့် လင်းခေးမြို့နယ်တို့သည် ဒေသန္တရအားဖြင့် ဒေသထွက်စီးပွားရေးထွက်ကုန်များဖြင့် တစ်မြို့နှင့်တစ်မြို့ အပြန်အလှန် အမှီသဟဲပြုလျက်ရှိသော မြို့များလည်းဖြစ်သည်။ မိုးနဲမြို့မှ သားငါး၊ ဟင်းသီးဟင်းရွက်နှင့် ဆန်၊ လင်းခေးမြို့မှထွက်ရှိသော နှမ်း၊ မြေပဲနှင့် အခြားဆီထွက်သီးနှံနှင့် ပဲမျိုးစုံတို့ကို အချင်းချင်းဖလှယ် ကုန်သွယ်သမှုပြုခဲ့ကြရာ ယခင်က လမ်းပန်းခက်ခဲမှုအခြေအနေကြောင့် အချိန်နှင့်တစ်ပြေးညီ မသွားလာနိုင်ခဲ့ပါ။

ယခုအခါ နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးအထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ပြည်သူလူထုလမ်းပန်းဆက်သွယ်သွားလာရေး အဆင်ပြေစေရန် သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာဖြစ်သော လင်းခေးခရိုင်ဆောက်လုပ်ရေးအင်ဂျင်နီယာ၏ ကြီးကြပ်မှုဖြင့် မိုးနဲ၊ လင်းခေးမြို့နယ်တို့မှ ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ လမ်းခင်းလုပ်သားများက မတ် ၂၉ ရက်အထိ အဆိုပါလမ်းပိုင်း နှစ်ပိုင်းအတွင်း ကတ္တရာလောင်း လမ်းချောခင်းခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်သောကြောင့် လင်းခေး၊ မိုးနဲမြို့နယ်တွင် ကူးသန်းသွားလာ ကုန်သွယ်နေကြသော ပြည်သူများသာမက ဤဒေသသို့ လာရောက်ကြမည့် ပြည်သူများအားလုံးသည် ယခင်ကာလများထက် သွားလာမှု ပိုမိုအဆင်ပြေချောမွေ့လာတော့မည်ဖြစ်ပါကြောင်း ကိုယ်တိုင်ကွင်းဆင်း ရေးသားတင်ပြလိုက်ရပါသည်။ **(အပေါ်ပုံ)**

စိုင်းဇော်လတ်(လင်းခေး)

apple COSMETIC ကုမ္ပဏီရုံးခန်းပြောင်းရွှေ့အသိပေးခြင်း

အားပေးကြသောမိတ်ဟောင်းမိတ်သစ်များသို့ Apple Production Co., အား ၂၀၁၂ခုနှစ် ဧပြီလ (၁)ရက် နေ့မှစ၍ အမှတ်(A/29)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့ သို့ပြောင်းရွှေ့ပြီးဖြစ်ပါ၍ အထက်ပါလိပ်စာဖြင့် ဆက်သွယ်ကြပါရန် အသိပေးအပ်ပါသည်။

ဖုန်း:- (01) 581391, 09 49316408, 09 91020596, 09 8618081

ဂီတလောကအနုပညာရှင်မောင်နှမများ၊ မူပိုင်ခွင့်ရှိသူများ အများသိစေရန်ကြေညာခြင်း

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သည် ဂီတလောကနှင့်အနုပညာရှင် ညီအစ်ကိုမောင်နှမများ၏အကျိုးကို ရှေးရှုလျက် တေးသီချင်းများကို Ring Tune အဖြစ်သုံးစွဲခြင်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်နံတစ်လျားတွင်သာမက ပြည်ပနိုင်ငံများနှင့်ပါ မိုဘိုင်းဖုန်းစောင့်ဆိုင်း တေးသံဝန်ဆောင်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တေးသီချင်းများကို Ring Tune အဖြစ်သုံးစွဲရန်အတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)နှင့် ချုပ်ဆိုထားပြီးသော ကုမ္ပဏီများရှိပြီးဖြစ်သကဲ့သို့ ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများအထိ လုပ်ကိုင်ဆောင်ရွက်သွားရန်အတွက် ကမ်းလှမ်းသော ကုမ္ပဏီအဖွဲ့အစည်းများ ရှိပါသည်။

Ring Tune ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ဆန္ဒရှိကြသော လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများတို့သည် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)နှင့် စာချုပ်ချုပ်ဆို၍ ဆောင်ရွက်လုပ်ကိုင်နိုင်ကြပါသည်။

Ring Tune ဝန်ဆောင်မှုလုပ်ငန်းအတွက် အနုပညာရှင်ညီအစ်ကိုမောင်နှမများ၊ မူပိုင်ခွင့်ရှိသူများအနေဖြင့် ပါဝင်ဆောင်ရွက်ရန်ဆန္ဒမရှိပါက ယနေ့မှစ၍ ၃၀ရက်အတွင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သို့ အကြောင်းကြားရန်ဖြစ်ကြောင်းကို ဂီတလောကအနုပညာရှင် မောင်နှမများ၊ မူပိုင်ခွင့်ရှိသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်ဆွေ (စဥ်-၅၆၄၁)
LL.B, B.D.S, WIPO, D.L.P (Switzerland) Dip in English, P.G.D.A (Music)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၀၅၊ နှင်းဆီလမ်း၊ ၂ရပ်ကွက်၊ မရမ်းကုန်း၊
ဖုန်း-၀၉-၇၃၀၀၉၉၅၇၊ ၀၁-၇၀၉၆၀၄

အနူးအညွတ်တောင်းပန်ခြင်း

မတ် ၂၆ ရက် မြန်မာ့သံတော်ဆင့် ပြည်တွင်းသတင်းအတွဲ(၂)၊ အမှတ်(၃) မတ် ၃၀ ဧပြီ ၅/၂၀၁၂ ဂျာနယ်တွင် အောင်ပြည့်ဖြိုးဦးကုမ္ပဏီနှင့် MIP ကုမ္ပဏီ၏ သတင်းများအား မှားယွင်းစွာ ဖော်ပြမိသည့်အတွက် အနူးညွတ် တောင်းပန်အပ်ပါသည်။

ဦးဌေးလွင်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဇော်မင်းစိုး၏ ပတ်စ်ပို့အမှတ်-ဇ၆၆၄၅၆ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးသန်းဝင်း ဖုန်း-၀၉-၄၂၀၀၃၄၇၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ လမ်း၁၃၀၊ အမှတ်(၄၉)၊ မြေညီထပ်(ယာ)အခန်းကို တရားဝင်နေထိုင်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်တင်တင်အေး ၁၂/မဂတ(နိုင်)၀၁၃၇၂၀ထံမှ ကျွန်ုပ်၏အမှုသည်တစ်ဦးက ဝယ်ယူရန် အရောင်းအဝယ်တန်ဖိုး၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများတင်ပြ၍ ယနေ့မှစပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်လွင်
B.Com. (A.A)., D.E.P., R.L
တရားလွှတ်တော်ရှေ့နေ(စဥ်-၂၈၅၉)
အမှတ် ၁၉၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၇၈၃၀၊ ၂၉၄၇၄၄

သိန်းမင်း(ကားရောင်းဝယ်ရေး)

Email: cartheinminn@gmail.com / www.theinminn.com Fax:01552966

ပြည်တွင်းသတင်း

ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်သီဆိုမည့် ကုန်စည်ပြပွဲ

သတင်း-မောင်နွေသစ်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၃၁

ရန်ကုန်တွင် ခင်းကျင်းပြသလျက်ရှိသော ကုန်စည်ပြပွဲများတွင် တစ်မူထူးခြားသည့် အစီအစဉ်တစ်ရပ်အဖြစ် ရုပ်ရှင်သရုပ်ဆောင်ဟောင်း၊ သရုပ်ဆောင်သစ်များ ပါဝင်သည့် ဖျော်ဖြေတင်ဆက်မှုများဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း မြန်မာကွန်ဗင်းရှင်းစင်တာ၌ မတ် ၃၀ ရက် နံနက်က ကျင်းပသော ရန်ကုန်မဟာကုန်စည်ပြပွဲ (Yangon Mega Expo 2013)အခမ်းအနားတွင် ငါးထပ်ကွမ်းအကယ်ဒမီဒါရိုက်တာ မောင်တင်ဦးက ပြောကြားသည်။

သင်္ကြန်သီဆိုဖျော်ဖြေမှုတွေပဲ အများဆုံးတင်ဆက်သွားဖို့ စီစဉ်ထားပါတယ်။

ဒါရိုက်တာမောင်တင်ဦး

"ကျွန်တော်တို့ ဒီကုန်စည်ပြပွဲမှာ ရုပ်ရှင်နဲ့ ကြော်ငြာသရုပ်ဆောင်ပြိုင်ပွဲလည်း ထည့်သွင်းထားပါတယ်။ ဒီပြိုင်ပွဲမှာ သရုပ်ဆောင် ၁၈၀ အနက်မှ ၄၂ ဦး ဆန်ခါတင် ရွေးချယ်ယှဉ်ပြိုင်တာဖြစ်ပါတယ်၊ ဆုရတဲ့လူတွေကို ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ၇ သိန်း၊ တတိယဆု ၅ သိန်းချီးမြှင့်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် နာမည်ကြီးသရုပ်ဆောင်တွေဖြစ်တဲ့ မေသန်းနု၊ အိန္ဒြာကျော်ဇင်၊ မယ်လိုဒီ၊ လူမင်း၊ နေအောင် အစရှိတဲ့သရုပ်ဆောင်တွေလည်း လာရောက်သီဆိုဖျော်ဖြေပေးဖို့ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီပြပွဲမှာ သင်္ကြန်ကာလဖြစ်နေတော့ သင်္ကြန်သီဆိုဖျော်ဖြေမှုတွေပဲ အများဆုံး တင်ဆက်သွားဖို့ စီစဉ်ထားပါတယ်" ဟု ဒါရိုက်တာ ဦးတင်ဦးက ပြောကြားသည်။

အဆိုပါပြပွဲတွင် အိမ်ရာအဆောက်အအုံပြခန်းများ၊ အိမ်တွင်း အလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ခေတ်မီပရိဘောဂပစ္စည်းများ၊ စက်မှုလက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများ၊ ကျောက်မျက်ရတနာဆိုင်များ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ စုံလင်စွာခင်းကျင်းပြသထားသည်။

"ကျွန်တော်တို့အနေနဲ့ ဒီကုန်စည်ပြပွဲကို ပြောင်းလဲလာတဲ့ ဈေးကွက်စီးပွားရေးစနစ်အရ အဆင့်မြင့်ထုတ်ကုန်ပစ္စည်းတွေကို ပြည်သူလူထုက တိုက်ရိုက်သိရှိပြီး တစ်နေရာတည်းမှာ ဈေးနှုန်းမှန်မှန်ကန်ကန်နဲ့ ရောင်းသူဝယ်သူမျှတတဲ့ ဈေးကွက်ဖြစ်ပေါ်လာဖို့ ကျင်းပပေးခြင်းဖြစ်ပါတယ်" ဟု Dagon Exhibitions Limited မှ ဒါရိုက်တာ ကိုအောင်အောင်က ပြောကြားသည်။

ယင်းအထူးကုန်စည်ပြပွဲကို Dagon Exhibitions လီမိတက်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဧပြီ ၂ ရက်တိုင်အောင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်မဟာကုန်စည်ပြပွဲတွင် ဝယ်သူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုပူဇော်

ပဲခူး မတ် ၃၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တွင် မတ် ၂၇ ရက် နံနက် ၉ နာရီက ၂၀၁၃ ခုနှစ် ပဲခူးတိုင်းဒေသကြီးမှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုပူဇော်ပွဲကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထားသည်။

လှူဒါန်းခဲ့

ဆက်လက်၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား နေ့ဆွမ်းကပ်ကာ အစိုးရအဖွဲ့နှင့် တိုင်း အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝတ္ထုငွေ၊ ပစ္စည်းများ လှူဒါန်းရာ စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၆၅ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သန့်စင်)

ရွှေလုပ်ငန်းရှင်များအသင်း ရွှေပညာဒါနသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၃၁

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးတွင် ယနေ့မြန်မာလူငယ်များ ရွှေရောင်းဝယ်မှုများအပြင် ဆောင်ရွက်မှုလုပ်ငန်းအဝဝနှင့် အကျွမ်းတဝင်ရှိစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ရွှေပညာဒါန သင်တန်းအပတ်စဉ် (၂/၂၀၁၃)ကို မေ ၁ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်း၌ ရွှေတူးဖော်ခြင်း ရွှေသန့်စင်ခြင်း၊ ရွှေပန်းတိမ်အပ်နှံခြင်း၊ မီးလင်းရွှေ(အခေါက်)ရောင်း/ဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း၊ အထည်ပျက်ရောင်းဝယ်စစ်ဆေးခြင်း၊ ပလက်တီနမ်(ရွှေဖြူ)/ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးအတုအစစ်ခွဲခြားရောင်းဝယ်ခြင်း၊ AD ဒီဂျစ်တယ်စက်ဖြင့် ရွှေအရည်အသွေး စစ်ဆေးခြင်း၊ အလေးချိန်စစ်ဆေးခြင်း၊ ရွှေဈေးကွက်တွက်ချက်ခြင်း၊ ကျောက်မျက်ပညာရှင်များကို လက်တွေ့နှင့်ယှဉ်၍ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ် ၄၂/၅၀ တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး ဖုန်း-၀၁-၃၈၁၂၆၂ နှင့် ၀၉-၇၃၀၀၁၇၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(၀၄၂)**

ကယားနှစ်ခြင်းခရစ်ယာန် ဓမ္မသဘင် နှစ်ပတ်လည် မိတ်ဆုံစားပွဲကျင်းပ

နေပြည်တော် မတ် ၃၁

ဒီးမော့ဆိုမြို့နယ် လွိုင်နန်းဖကျေးရွာရှိ ကယားနှစ်ခြင်း ခရစ်ယာန်သာသနာနယ် (၁၂၅) နှစ်ပြည့် ယုဘီလ အထိမ်းအမှတ်နှင့် (၁၀၄)ကြိမ်မြောက် ဓမ္မသဘင်နှစ်ပတ်လည် မိတ်ဆုံစားပွဲကို မတ်၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်အားပေးချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရခိုင်သျှစ်သောင်းမြောက်ပွဲခေါ် တပေါင်းပွဲတော်ကျင်းပ

ရခိုင်သျှစ်သောင်းမြောက်ပွဲခေါ် တပေါင်းလ သဲပုံစေတီပွဲတော်ကို စစ်တွေမြို့ ပို့ဂ် ပင်လယ်ကမ်းခြေတွင် တပေါင်းလပြည့်နေ့ မတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပကြောင်း သိရသည်။ သဲပုံစေတီပွဲတော်သို့ စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ လူငယ်မောင်မယ်များ လာရောက်ပြီး ပင်လယ်သဲဖြင့် စေတီပုထိုးငယ်များ တည်ထားကာ တံခွန်၊ ကုက္ကားများ စိုက်ထူပူဇော်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** ထုလုပ်သည့် စေတီပုထိုး ပုံစံငယ်များမှာ မြောက်ဦးမြို့ ရှေးဟောင်းအံ့တော်သိမ်၊ ထုက္ကန်သိမ်၊ သျှစ်သောင်းပုထိုးတော်များ၊ ကျိုက်ထီးရိုးစေတီတော်များ၊ ကိုးနဝင်းစေတီငယ်များနှင့် လိပ်ပုံစံရုပ်များကို ထုလုပ်ပူဇော်ခဲ့ကြပြီး ရွှေရခိုင်ပန်းချီမိသားစုမှ ဆရာကြီး ဦးသန်းလှိုင်ကလည်း အမြင့်ခြောက်ပေရှိ အဘယလာဘမုနိရုပ်ပွားတော်နှင့် အမြင့်သုံးပေခန့်ရှိ ရှင်ဥပဂုတ္တ ရုပ်ပွားတော်များအား ပင်လယ်သဲဖြင့် ထုလုပ်ပူဇော်ခဲ့သည်။ ရခိုင်သျှစ်သောင်းမြောက်ပွဲခေါ် တပေါင်းပွဲတော်ကို စစ်တွေပင်လယ်ကမ်းခြေ၌ ကျင်းပခဲ့သည်မှာ ကိုးကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော် စစ်တွေပင်လယ်ကမ်းခြေမှာ သဲပန်းပုထုလုပ်ပူဇော်ခဲ့တာ ကိုးကြိမ်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ် အဘယလာဘမုနိရုပ်ပွားတော်ကို ထုလုပ်ပူဇော်ဖြစ်တဲ့ အကြောင်းက ရခိုင်ဒေသမှာ သဘာဝဘေးအန္တရာယ် အပါအဝင် အခြားအခြားသော ဘေးအန္တရာယ်များကင်းရှင်းဖို့ ရည်ရွယ်ထုလုပ်ခဲ့တာ ဖြစ်ပါတယ်"ဟု ရွှေရခိုင်ပန်းချီဆရာကြီးဦးသန်းလှိုင်က ပြောကြားသည်။ **ကစ္ဆပမီဒီယာ**

သရက်ဒွေး အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47616

(၄၇)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ ဦးကြည်မြင့် နှင့် မေမေ ဒေါ်မေမေသက်တို့၏ ၁-၄-၂၀၁၃ရက်(တနင်္လာနေ့)တွင် ကျရောက်သော (၄၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ပျော်ရွှင်ချမ်းမြေ့သောနေ့ရက်များစွာကို ချစ်သောမိသားစုနှင့်အတူ ထာဝရ ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သားသမီးများ - မြင့်စိုး-မြင့်မြင့်ကျော်
သန်းလွင်-ရီရီသက်
ဆွေဆွေသက်စိုး
ကျော်ကျော်စိုး-ခိုင်စိုးဝေ
သက်နိုင်စိုး

မြေးများ - ပြည့်ဖြိုးလွင်၊ ယမင်းမြင့်စိုး၊ လင်းလက်မြင့်စိုး၊ ဟိဏ်းစစ်နိုင်

အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာချထားမည့်ရက်အား အသိပေးကြေညာခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အင်းလေးဒေသတွင် ဟိုတယ်ဇုန်မြေနေရာများအား ဖော်ထုတ်လျက်ရှိပါသည်။
၂။ ဟိုတယ်ဇုန်တွင် လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ၏ လျှောက်လွှာများအားလည်း လက်ခံရရှိပြီးဖြစ်ပါသည်။
၃။ သို့ပါ၍ အင်းလေးဒေသ ဟိုတယ်ဇုန်မြေနေရာချထားမှုအား အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။
(က) **နေရာ** - မြို့တော်ခန်းမ၊ တောင်ကြီးမြို့
(ခ) **ရက်စွဲ** - ၈-၄-၂၀၁၃ရက်(တနင်္လာနေ့)
(ဂ) **အချိန်** - နံနက် ၀၉:၀၀ နာရီ
၄။ အသေးစိတ်သိရှိလိုပါက တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်း-၀၈၁-၂၁၂၀၀၃၊ ၀၈၁-၂၁၂၁၂၈တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အင်းလေးဟိုတယ်ဇုန်မြေနေရာချထားရေးလုပ်ငန်းကော်မတီ
တောင်ကြီးမြို့

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲ၊ မြို့ကုန်းကျေးရွာအုပ်စု ကျုံလှကျေးရွာနေ ဦးသန်းနိုင်၏သမီး မမေသဉ္ဇာဦး ၁၄/အမတ(နိုင်)၀၁၉၉၂၀နှင့် မမေသင်ဇာဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
မမေသဉ္ဇာဦး(ခ)မမေသင်ဇာဦး

အမည်မှန်

ဦးကျော်ဆန်းလင်း၏ သမီးဖြစ်သူ စစ်တွေမြို့၊ အထက-၂၊ နဝမတန်း(A)တွင် ပညာသင်ကြားနေသော မစိုးစန္ဒာလင်း၏ အမည်မှန်မှာ မစိုးစန္ဒာလှိုင်ဖြစ်ပါသည်။
မစိုးစန္ဒာလှိုင်

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၅)ရှိ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော AUNG KAN BO TRADING COMPANY LIMITED **(အောင်ကံဘို ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး ကြေညာအပ်ပါသည်။

KENBO

AUNG KAN BO TRADING COMPANY LIMITED သည် အထက်တွင် ဖော်ပြပါရှိသည့် KENBO တံဆိပ်အမည်အမှတ်အသား မော်တော်ဆိုင်ကယ် (ကျား/မစီး)အရွယ်အစား/ အမျိုးအစား အမျိုးမျိုး၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းအမျိုးမျိုးနှင့် အင်ဂျင်ဝိုင်အမျိုးအစား အမျိုးမျိုးတို့ကို ထုတ်လုပ်တပ်ဆင် ဖြန့်ဖြူးရောင်းချရန်အတွက် No.822, Konggang Ave Konggang Economic Development Zone Yubei District, Chongqing, China တွင် လုပ်ငန်းထူထောင် ဖွင့်လှစ်ထားရှိသော ချုံကင်း ရင်ရှင်း မော်တော်ဆိုင်ကယ်(အုပ်စု)ကုမ္ပဏီလီမိတက်မှ မြန်မာပြည်ဈေးကွက်အတွက် တစ်ဦးတည်း အရောင်းကိုယ်စားလှယ်အဖြစ် တရားဝင်ခန့်အပ်ထားသည့် ကုမ္ပဏီဖြစ်ပါသည်။ မိမိကုမ္ပဏီမှ တစ်ဦးတည်း တရားဝင် ထုတ်လုပ် တပ်ဆင် ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ဥပဒေများနှင့်အညီ မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်နံပါတ် (၅၄၇/၂၀၁၀)နှင့် (၅၄၈/၂၀၁၀)တို့ဖြင့် မှတ်ပုံတင်သွင်းကြေညာထားပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဈေးကွက်အတွင်း နာမည်ကောင်းသတင်းရရှိကာ မိဘပြည်သူများမှ တစ်ခဲနက် ဝယ်ယူအားပေး အသုံးပြုလျက် ရှိကြပါသည်။

သို့ဖြစ်၍မည်သူမဆို အထက်ဖော်ပြပါ တစ်ဦးတည်း တရားဝင် အရောင်းကိုယ်စားလှယ်ရရှိကာ ထုတ်လုပ်တပ်ဆင် ဖြန့်ဖြူးရောင်းချရန် မှတ်ပုံတင်သွင်း ကြေညာထားပြီးဖြစ်သည့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ ပုံတူကူးယူခြင်း၊ သွယ်ဝိုက်၍ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားများ ပြုလုပ်သုံးစွဲ၍ တရားမဝင် တင်သွင်းထုတ်လုပ်တပ်ဆင်ဖြန့်ဖြူးရောင်းချခြင်း(သို့မဟုတ်)အခြားတစ်နည်းနည်းဖြင့် တစ်ဦးတည်း တရားဝင် အရောင်းကိုယ်စားလှယ် ရရှိထားသည့် AUNG KAN BO TRADING COMPANY LIMITED ၏ လုပ်ငန်းအကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ပြုလုပ်ခြင်းများ တွေ့ရှိရပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆို၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဦး(အောင်ဥပဒေ)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၁၁)

ဒေါ်ခိုင်သူဇာသိန်း LL.B.,DBL
အထက်တန်းရှေ့နေ(စဉ်-၂၄၄၂၉)

ဦးတင်အောင်မိုး LL.B., LL.M, DLD, DBL
အထက်တန်းရှေ့နေ(စဉ်-၂၅၂၅၁)

အမှတ် ၈၆၊ ၃၁ လမ်း၊ ၇၆×၇၇ လမ်းကြား၊ ကဥ္စနာမဟီရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၀၁၃၃၉၅၊ ၀၉-၂၀၂၅၇၇၃၊ ၀၉-၂၀၃၂၅၆၄
Kenbo မှ B အဆင့် ဒုတိယတန်းစား ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းမရှိပါ

ဘုရားဖူးများနှင့် ဧည့်အဝင်အထွက်များလာ ရှင်မတောင်သနပ်ခါးဈေးကွက် ပိုမိုအရောင်းသွက်

ပခုက္ကူ မတ် ၃၁

ပွင့်လင်းရာသီကာလအတွင်း ခရီးသွားဧည့်သည်များလာခြင်း၊ ဘုရားဖူးဧည့်အလာများခြင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာခြင်းတို့ကြောင့် ပခုက္ကူဒေသ သနပ်ခါးဈေးကွက်ကြီးမားကျယ်ပြန့်လာပြီး ယခင်နှစ်များကထက် ရောင်းအားမြင့်တက်လာကြောင်း သိရသည်။ **(ယာပုံ)**

ပခုက္ကူဒေသ ရှင်မတောင်သနပ်ခါးသည် ပြည်တွင်း၌သာမက ပြည်ပအထိပျံ့နှံ့၍ ပခုက္ကူရောက်သူတိုင်း အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်ယူကြသည်။ သနပ်ခါးဈေးကွက်တွင် ကျယ်လာသည်နှင့်အမျှ သနပ်ခါးရောင်းဝယ်သူ၊ စိုက်ပျိုးသူများ တစ်နှစ်ထက်တစ်နှစ်များပြားလာသည်။ သနပ်ခါးပင်သည် လူတစ်ရပ်ခန့်ရှိပြီး အပွေးကောင်းလျှင်ကောင်းသလောက် တစ်ပင်လျှင် ငွေကျပ် ၃၀၀၀၀ မှ ငွေကျပ် ၅၀၀၀၀ ဝန်းကျင်ဈေးပေါက်လျက်ရှိပြီး သနပ်ခါးပင်ကို ပခုက္ကူဒေသရှိ ဘုန်းတော်ကြီးကျောင်းများ၊ ကျေးရွာတိုင်းအပြင် ငွေကြေးတတ်နိုင်သူများက စီးပွားဖြစ်အပင်ရေ ၃၀၀၀ မှ ၅၀၀၀ နီးပါးအထိ စိုက်ပျိုးလာကြောင်း သိရသည်။

သနပ်ခါးခြံတစ်ခြံလျှင် အပင်ရေနှင့် သက်တမ်းပေါ်မူတည်၍ ငွေကျပ်သိန်း ၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေသည်။ "သနပ်ခါးပင်က နှစ်ရှည်ပင်ဆိုတော့ ကြားထဲမှာ သီးထပ်သီးညှပ်စိုက်ထားရတယ်။ သနပ်ခါးဈေးကလည်း ကောင်းလာတဲ့အတွက် အပျောက်အရှကလည်း ရှိလာတယ်။ အစောင့်ကို မျှော်စင်နဲ့ ထားရတယ်။ အပင်သက်တမ်းရင့်ရင် ရင့်သလို ဈေးကောင်းတော့ အစောင့်တွေနဲ့ နေ့ညမပြတ်စောင့်ပေးနေရတယ်"ဟု သနပ်ခါးကို စီးပွားဖြစ် စိုက်ပျိုးသူဒေသခံတစ်ဦးက သနပ်ခါးနှင့် သူခိုးရန်အရေး ရှင်းလင်းပြောကြားသည်။

အောင်မြင်

ပခုက္ကူမြို့၌ ဦးမေဃကျောင်းဝိုင်းကြီးအပြင် မြို့မဈေးမြောက်ခြမ်းတစ်ခွင် သနပ်ခါးဈေးသည်များ ပြည့်ကျပ်လျက်ရှိသည်။ ပခုက္ကူမြို့တစ်ခွင် သနပ်ခါးပွဲရုံများနှင့် ဈေးသည်စုပေါင်းလျှင် သနပ်ခါးသည်ဦးရေ ၅၀၀ ဝန်းကျင်ခန့်ရှိလာသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဘုရားဖူးကားများ ပိုမိုရောက်ရှိလာကြ၍ဧည့်အဝင်အထွက်များပြားလာသဖြင့် ပခုက္ကူမြို့တစ်ခွင် သနပ်ခါးရောင်းဝယ်မှုများလာပြီး သနပ်ခါးရောင်းချခြင်းဖြင့် အဆင်ပြေဖူလုံရုံသာမက စီးပွားရေးဖြစ်ထွန်းအောင်မြင်လာကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

တရားမဝင်သယ်ဆောင်မှု လျော့နည်း ဂျုံတီယာဉ်ကြီး/ငယ် ၈၅ ရာခိုင်နှုန်းကျော် မှန်ကန်လာ

နောင်ချို မတ် ၃၁

နောင်ချိုမြို့နယ် အေးရှားဝေါလ်တိုးဂိတ်အနီး ယာယီအခြေပြုလျက်ရှိသော မန္တလေး-မူဆယ်လမ်းကြောင်း စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး (Mobile Team) အဖွဲ့(၁)သည် ဂျုံတီယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်ကြီး/ ငယ်များကို စစ်ဆေးရှာဖွေတားဆီးခြင်း၊ တရားမဝင်အကောက်ခွန်မဲ့ ပစ္စည်းသယ်ဆောင်မှုတားဆီးခြင်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိရာ ပထမပတ်မှစ၍ တရားမဝင်ရောနှောသယ်ဆောင်မှုများ၊ တင်သွင်းမှုများ၊ လျော့နည်းလာကြောင်းသိရသည်။ ဂျုံတီယာဉ်ကြီး/ငယ်များ၏ ၈၅ ရာခိုင်နှုန်းကျော်သည် မှန်ကန်လာကြောင်း သိရသည်။ ယခု Mobile Team အဖွဲ့(၁) အနေဖြင့် ဖေဖော်ဝါရီ ၁၄ ရက်မှ မတ် ၂၃ ရက်အထိ တားဆီးထိန်းသိမ်းခဲ့သည့် အကောက်ခွန်အမှုတွဲပေါင်း ၁၆၆ တွဲ၊ ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၇၀၀၀ ကျော်ဖိုး တားဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ တားဆီးထိန်းသိမ်းခဲ့သော အမှုတွဲများအနက် တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများအပြင် တရားမဝင်ပစ္စည်းသယ်ဆောင်ယာဉ်အစီး ၃၀ ကျော်ပါရှိကြောင်း သတင်းရရှိသည်။

သန်းသန်းထွေး

ပြည်တွင်းသတင်း

နောင်တိုးကန်မှ ငါးများ အောက်ဆီဂျင်ပြတ်လပ်၍ သေဆုံး

ကျိုင်းတုံ မတ် ၃၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏ မြို့တော်ကျိုင်းတုံတွင် မြို့၏ကျက်သရေဆောင် ကန်ကြီးတစ်ခုရှိရာ အဆိုပါကန်ကြီးပတ်လည်ရှိ အရိပ်ရသစ်ပင်၊ ပန်းမန်များနှင့် နားနေရာထိုင်ခုံများဆီသို့ လာရောက်အနားယူအပန်းဖြေကြသော နိုင်ငံခြားသားခရီးသွားများ၊ မြို့နေပြည်သူများနှင့် ကျန်းမာရေးအရ နံနက်စောစောနှင့် ညနေပိုင်း လမ်းလျှောက်ကြသူများဖြင့် နေ့စဉ် စည်ကားလျက်ရှိရာ ယခုအခါ ကန်ကြီးအတွင်းရှိရေများသည် သန့်ရှင်းမှုမရှိတော့ဘဲ အနံ့ဆိုးများထွက်ကာ ယင်းကန်အတွင်းရှိ ငါးများသည်လည်း အောက်ဆီဂျင်ပြတ်လပ်၍ အစုလိုက်၊ အပြုံလိုက်သေဆုံးနေကြောင်း မြင်တွေ့ခဲ့ရသည်။ **(အောက်ပုံ)**

"ဒီနောင်တိုးကန်ကြီးက ရေဝေရေလဲမရှိဘူး။ မိုးရွာရင်လည်း တစ်မြို့လုံးရဲ့ မသန့်ရှင်းတဲ့ရေတွေ၊ အမှိုက်သရိုက်တွေက ကန်ကြီးထဲကိုပဲ စုပြုံပြီးဝင်တယ်။ ကြာလာတော့ ရေတွေက နွံ့ညွန်တွေ၊ ငါးညှီနံ့တွေနဲ့ နံကုန်တာပဲ။ ကန်ထဲကငါးတွေဆိုရင် ရေအောက်မှာ အသက်ရှူမဝလို့ ရေပြင်ပေါ် စုပြုံတက်ပြီး အသက်ရှူနေကြရတယ်။ အခုတော့ သေတဲ့အကောင်တွေဆို ရေပြင်ပေါ်မှာ အတုံးအရုံးပဲ။ မြို့ရဲ့ကျက်သရေဆောင် ကန်ကြီးတစ်ခုကို ရေရှည်တည်တံ့ပြီး သန့်ရှင်းသာယာအောင် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ဝိုင်းဝန်းကြံဆပြီး ပူးပေါင်းလုပ်ဆောင်ဖို့လိုပါတယ်" ဟု မြို့မိမြို့ဖတစ်ဦးက တိုက်တွန်းပြောကြားသည်။

အဆိုပါ နောင်တိုးကန်ကြီးအတွင်းမှ ရေများသည် ရှမ်းစော်ဘွားများလက်ထက်က မြို့နေလူထုအတွက် သုံးရေအဖြစ် အကျိုးပြုခဲ့သော်လည်း ယခုအခါ သန့်ရှင်းမှု မရှိတော့ကြောင်း တွေ့ရသည်။

ရန်နိုင်(သီလဝ)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၃၀-၃-၂၀၁၃ရက်တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ အမျိုးသားပြတိုက်၌ အောင်မြင်စွာကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး (ဗဟို) အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲတွင် အစမှအဆုံးတိုင် အနီးကပ်ကြီးကြပ်ပေးခဲ့သော မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး အဆင့်ဆင့်ရွေးချယ်တင်မြှောက်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ရွေးချယ်တင်မြှောက်ပွဲကို စီမံဆောင်ရွက်ပေးခဲ့သော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဦးဇော်ငွေးနှင့် ဝန်ထမ်းများ၊ အမျိုးသားပြတိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြသူများနှင့် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ပန်တျာဦးမြကြည်၊ အတွင်းရေးမှူး ဦးမိုးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များအားလုံးကို ကျေးဇူးတင်စွာဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန

နိုင်ငံတကာအားကစားသတင်း

မန်စီးတီး၊ အာဆင်နယ်တို့ နိုင်ပွဲရခဲ့တဲ့ ပရီမီယာလိဂ်

မိုးမြင့်လင်းလက် စုစည်းသည်

ပရီမီယာလိဂ်ပွဲစဉ်တွေကို မတ်၁၁ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အသင်းကြီးတွေဖြစ်တဲ့ အာဆင်နယ်နဲ့မန်စီးတီးတို့ နိုင်ပွဲတွေကိုယ်စီရခဲ့တဲ့အပြင် စပါးတို့လည်း နိုင်ပွဲရရှိခဲ့တာမို့ ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ်ထိပ်ပိုင်းအသင်းတွေ အမှတ်ပြည့်သိမ်းပိုက်နိုင်ခဲ့ကြပါတယ်။

မန်စီးတီး ၄- ၀ နယူးကာဆယ်

မန်စီးတီးအသင်းဟာ ဖိဖိစီးစီးကစားခဲ့ပြီး အကြိမ်အများအပြား ထိုးဖောက်ကစားနိုင်ခဲ့တာမို့ နယူးကာဆယ်တို့ ကြိုးစားဟန့်တားခဲ့ရပါတယ်။ ပွဲအစ ပထမပိုင်းပွဲချိန်အတွင်းမှာ မန်စီးတီးတို့ ဂိုးတွေ မသွင်းနိုင်ခဲ့ကြပေမယ့် ၄၁မိနစ်မှာ တီဗက်ဇ်ကအဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ဆေးလ်ဗားက ၄၅ မိနစ်မှာ ဂိုးသွင်းယူခဲ့လို့ မန်စီးတီးတို့ ဒုတိယဂိုးရရှိခဲ့ပြန်ပါတယ်။ ဒုတိယပိုင်းပွဲချိန် အတွင်းမှာ နယူးကာဆယ်တို့ ချေပ ဂိုးမသွင်းနိုင်ခဲ့လို့ ပွဲချိန် ၅၆ မိနစ်မှာ ကွန်ပနီက တစ်ဂိုး ၆၉ မိနစ်မှာ နယူးကာဆယ်မှ ပီရက်စ်က ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားခဲ့လို့ မန်စီးတီးတို့ လက်ဆောင်ဂိုးရရှိခဲ့ပြီး ပွဲအပြီးမှာလေးဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဆောက်သမ်တန် ၂-၁ ချယ်လ်ဆီး

ဆောက်သမ်တန်အသင်းဟာ ချယ်လ်ဆီးကို ဖိအားပေးကစားနိုင်ခဲ့လို့ ချယ်လ်ဆီးတိုက်စစ်မှူးတွေ ကစားရခက်ခဲခဲ့ပါတယ်။ ဆောက်သမ်တန်တိုက်စစ်မှူး ရိုဒရီကွက်ဇ်က ပွဲချိန် ၂၁ မိနစ်မှာ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအတွက် တယ်ရီက ၃၃ မိနစ်မှာ ချေပဂိုးသွင်းယူပေးခဲ့တာမို့ တစ်ဂိုးစီဖြစ်နေခဲ့ပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ဟာ ဦးဆောင်ဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့တာမို့ ပွဲချိန် ၃၅ မိနစ်မှာ ဆောက်သမ်တန်မှ လမ်းဘတ်က တစ်ဂိုးသွင်းနိုင်ခဲ့လို့ပွဲအပြီးမှာ ဆောက်သမ်တန်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်ပါတယ်။

အာဆင်နယ် ၄-၁ ရက်ဒင်း

အာဆင်နယ်တို့ အိမ်ကွင်းမှာ ပြတ်သားတဲ့ရလဒ်ကို ဖော်ဆောင်နိုင်ဖို့အတွက် ကစားအားတင်ခဲ့ပြီး အနိုင်ရလိုစိတ်ပြင်းပြင်းနဲ့ ကစားခဲ့တာမို့ ပွဲချိန် ၁၁ မိနစ်မှာ ဂါဗင်ဟိုက တစ်ဂိုးသွင်းယူပြီး ပွဲချိန် ၄၈ မိနစ်မှာ ကာဇိုလာက တစ်ဂိုးသွင်းယူခဲ့လို့ အာဆင်နယ်တို့နှစ်ဂိုးရရှိခဲ့ပါတယ်။ ရက်ဒင်းတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ပေမယ့် ပွဲချိန် ၆၇ မိနစ်မှာ ဂီရောက်ဒ်က တစ်ဂိုးသွင်းယူခဲ့တာမို့ အာဆင်နယ်တို့ သုံးဂိုးရရှိခဲ့ပါတယ်။ ဒါပေမယ့်ပွဲချိန် ၆၈မိနစ်မှာ ရော့ဆင်ကနူးက ရက်ဒင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာမို့သုံးဂိုး-တစ်ဂိုးဖြစ်နေပေမယ့် ပွဲချိန် ၇၇ မိနစ်မှာ ပယ်နယ်တီပြစ်ဒဏ်ဘောကတစ်ဆင့် အာတီကာက ဂိုးသွင်းယူခဲ့တာမို့ ပွဲအပြီးမှာအာဆင်နယ်က လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဆီရီနာဝီလျံ ခြောက်ကြိမ်မြောက် မိုင်ယာမီဖလားဆွတ်ခူး

အမေရိကန်နာမည်ကြီး တင်းနစ်မယ် ဆီရီနာဝီလျံသည် အမေရိကန်နိုင်ငံ မိုင်ယာမီ၌ ကျင်းပသော ဆိုနီအိုးပင်းတင်းနစ်ဗိုလ်လုပွဲတွင် ရှာရာပိုဗာအား ၄-၆၊ ၆-၃၊ ၆-၀ ဖြင့်နိုင်ပြီး ခြောက်ကြိမ်မြောက် စံချိန်တင်ဖလား ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ အသက် ၃၁ နှစ်ရှိ ဆီရီနာဝီလျံသည် ကမ္ဘာ့နံပါတ်နှစ်ရှာရာပိုဗာနှင့် ဆုံတွေ့ခဲ့ရာတွင် ၁၁ ပွဲ ဆက်တိုက် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဘိုင်ယန်မြူးနစ်ဖလားယူရန် နှစ်မှတ်သာလို

ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် ဟမ်းဘတ်ကို ကိုးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ဖလားဆွတ်ခူးရန် နီးစပ်သွားပြီဖြစ်သည်။ ကလော်ဒီယိုပီဇာရိုက လေးဂိုး၊ အာဂျင်ရော့ဘင်က နှစ်ဂိုးသွင်းယူပေးခဲ့ကြသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဖလားဆွတ်ခူးရန် နှစ်မှတ်သာလိုတော့သည်။ လက်ကျန်ပွဲကစားရန် ခုနစ်ပွဲကျန်ရှိနေသေးသည်။ ၇၂မှတ်ရရှိထားပြီး ဒေါ့မွန်ထက် အမှတ် ၂၀ သာလွန်နေသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် တစ်ပွဲတည်းတွင် ကိုးဂိုးသွင်းယူနိုင်ခြင်းမှာ သမိုင်းတစ်လျှောက်လေးကြိမ်ရှိပြီဖြစ်သည်။

ဂါရက်ဘေးလ် ၂၂ ဂိုးမြောက် သွင်းယူ

စပါးက ဆွမ်ဆီးအိမ်ကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီးနောက် အမှတ်ပေးဇယား တတိယနေရာသို့ ရောက်ရှိလာသည်။ ယင်းပြိုင်ပွဲတွင် စပါးအသင်းအတွက် ဗာတိုဂန်နှင့် ဂါရက်ဘေးလ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဂါရက်ဘေးလ်သည် ယခုနှစ်ရာသီတွင် ၂၂ ဂိုးမြောက်အဖြစ် သွင်းယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ယခုနှစ်အတွင်း အဝေးဂိုး ၁၂ ဂိုးသွင်းယူထားသည်။

မြင့်မောင်စိုး - စုစည်းသည်

ပြည်တွင်းသတင်း

ပဲခူးတိုင်းဒေသကြီးက ပြည်သူ့အကျိုးပြုရေနုတ်မြောင်းကြီးများ

သတင်းမြင်ကွင်း - ပိန်းဇလုပ် သိန်းညွန့်
ဓာတ်ပုံ - ရန်အောင်ထွန်း (ပိန်းဇလုပ်)

ပဲခူးတိုင်းဒေသကြီး . . . ။

မြေပြန့် ပေါများသည့်အပြင် ဆည်မြောင်း၊ တာတမံနှင့်မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ မြောင်းများလည်း အလွန်ပေါများလှသည်။ ယင်းဖြစ်စဉ်များကြောင့်ပင် စိုက်ပျိုးရန် မြေသြဇာကောင်းမွန်ပြီး စပါးနှင့် အခြားသီးနှံများ အောင်မြင်ဖြစ်ထွန်းခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်၏ အားထားရသော ဒုတိယစပါးကျီလည်း ဖြစ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအား အရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသဟူ၍ ပထဝီအနေအထားအရ သတ်မှတ်ခေါ်ဝေါ်ကြသည်။ အဆိုပါဒေသတွင် အရှေ့ခြမ်းဒေသသည် မိုးများသောနှစ်၊ မြစ်ရေကြီးသောနှစ်များ၌ ရေကြီးနစ်မြုပ်မှုကို နှစ်စဉ်ခံစားနေကြရသည်။ ထိုကဲ့သို့ ခံစားကြရာတွင် ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းရှိ ပဲခူးခရိုင်သည် ရေကြီးနစ်မြုပ်ပျက်စီးမှု အန္တရာယ်ကို အခြားခရိုင်များထက် ကြုံတွေ့ရတတ်လေသည်။ ပဲခူးခရိုင်အတွင်း ပဲခူး၊ ဝေါ၊ ဒိုက်ဦး၊ သနပ်ပင်၊ ကဝမြို့နယ်များနှင့် စစ်တောင်းမြစ်ဝှမ်း ပွန်တန်ဆာလွင်ပြင်ဒေသရှိ မြို့ရွာများနှင့် လယ်ယာမြေများသည် မြေပြင်အနေအထားအရ မြေနိမ့်လွင်ပြင်ဖြစ်ခြင်းကြောင့် ရေလွှမ်းမိုးမှု အန္တရာယ်ပိုမိုကြီးမားစွာ ထိခိုက်ပျက်စီးမှုကို နှစ်စဉ်ခံစားနေကြရကာ မိုးစပါးစိုက်ပျိုးထုတ်လုပ်နိုင်မှုများစွာ လျော့နည်းခဲ့ကြရသည်။

ယခုအစိုးရအဖွဲ့လက်ထက်တွင် ယင်းသို့မဖြစ်ပေါ်ရလေအောင် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှသာ တော်ရုံကျပေလိမ့်မည်ဟု မြင့်မားသောရည်ရွယ်ချက်ဖြင့် စစ်တောင်းမြစ်ဝှမ်းပွန်တန်ဆာလွင်ပြင်နှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးအကြောင်းအရင်းကို လေ့လာပြီး ယခုအခါ ကောလိယချောင်းဟောင်း၊ ခမုံ-မြစ်ကျိုးဖြတ်လယ်ကြားမြောင်းနှင့် ကျိုက်ထော်ပလိုင်းမြောင်းကို ရေဆွဲအား ကောင်းမွန်ရန်တူးဖော်နေမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်။ ယင်းသည် နိုင်ငံတော်၏ ပြည်သူ့အကျိုးပြုအားမာန်ဖြစ်သည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းမှာ ဒို့၌ လက်ငင်းအကျိုးသာမက နောင်လာနောက်သားများအတွက်၊ အနာဂတ်အတွက် အခြေခံကောင်းများ ဖော်ဆောင်ခြင်းဖြစ်သည်ဟုလည်း ဆိုချင်ပါသည်။ ပဲခူးတိုင်းဒေသကြီးကို မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီအဖြစ် ဆောင်ရွက်မည့် အစီအမံအတွက်ပါ များစွာအထောက်အကူဖြစ်မည် ဖြစ်ပါသည်။

အဆိုပါ ရေနုတ်မြောင်းများ တူးဖော်ပြီးစီးပါက ဒေသခံတို့အတွက်

(၁) မူလရေကျ နောက်စိုက်မိုးစပါး စိုက်ပျိုးရာဒေသများတွင် ရေတော်မိုးတော် စပါးစိုက်ပျိုးပြီး သင့်လျော်ရာဒေသများတွင် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်စေခြင်း။

(၂) မူလ ရေကြီးနစ်မြုပ်လျက်ရှိသဖြင့် ဆောင်းတစ်သီးသာ စိုက်ပျိုးနိုင်သည့် ဒေသများတွင်မိုးစပါးတစ်သီးနှင့် ဆောင်းတစ်သီး စိုက်ပျိုးနိုင်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဟု သိရှိရသည်။

သို့ဖြစ်၍ မြန်မာ့အလင်းသတင်းအဖွဲ့သည် ရေနုတ်မြောင်းကြီးများ တူးဖော်ရာလုပ်ငန်းခွင်ရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ဦးစီးအရာရှိ ဦးငွေစိုးနှင့် ဦးကံထွေးမြင့်တို့အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ထို့နောက် ဒိုက်ဦးမြို့နယ် ကောလိယချောင်းဟောင်း ရေနုတ်မြောင်းတူးဖော်ရေးလုပ်ငန်းခွင်မှ ဦးစီးအရာရှိ ဦးငွေစိုးက "ကျွန်တော်တို့ ဒီရေနုတ်မြောင်းကြီးများကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)အဖွဲ့က တာဝန်ယူတူးဖော်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ယခင်နှစ်များစွာက တိမ်ကောသွားတဲ့ ချောင်းကောမြောင်းကောတွေ ဖြစ်ပါတယ်။အခုတူးဖော်နေတဲ့ မြောင်းတွေဟာ သဲနုန်းပို့ပြီး ရေစီးရေလာပိတ်ဆို့နေခြင်းနှင့် ဒိုက်ဦးမြို့နယ် ကောလိယချောင်းဟောင်းကလည်း သဲနုန်းပို့ပြီး ချုံနွယ်ပိတ်ပေါင်းတွေကြောင့် ရေစီးရေလာ ပိတ်ဆို့မှုဖြစ်ပေါ်နေခြင်းတို့ဖြစ်တာ တွေ့ရပါတယ်။ ဒီရေနုတ်မြောင်းကြီးများ တူးဖော်ပြီးစီးသွားပါက ဒေသနေပြည်သူများအတွက် လယ်ယာမြေများ ရေကြီးရေလျှံမှု အန္တရာယ် လျော့ပါးစေနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် နွေရာသီရေချိုများရရှိစေကာ ဆောင်းသီးနှံနှင့်နွေစပါး စိုက်ပျိုးလာနိုင်ပြီး ရေနုတ်မြောင်းပေါင်ကို ကုန်ထုတ်လမ်းအသွင် ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံးပြုသွားလာနိုင်မှာဖြစ်ပါတယ်။ လုပ်ငန်းစတင်မှုကိုတော့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှာ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခု မတ် ၂၉ ရက်အထိပြီးစီးမှု ၅၀ရာခိုင်နှုန်းကျော်ရှိနေပါပြီ။ ဧပြီလကုန်မှာ အပြီးသတ် တူးဖော်သွားဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးကံထွေးမြင့်က ရေနုတ်မြောင်းများ တူးဖော်နေမှုကို လိုက်လံပြသခဲ့သည်။ မြောင်းမကြီးများကို စက်ယန္တရားများဖြင့် မြေကြီးများ ဆွဲတင်နေကြသည်။ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ ထိပ်ဝအကျယ် ၁၀၆ ပေ၊ အောက်ခြေအကျယ် ၉၀ ပေ၊ အနက် ၈ပေ၊ အလျား ၁၃ ဒသမ ၅ မိုင်ရှိ ကောလိယချောင်းဟောင်း တူးဖော်ခြင်းအပိုင်းကိုလည်းကောင်း၊ ဒိုက်ဦး၊ ဝေါမြို့နယ်အကြား ထိပ်ဝအကျယ် ၁၀၆ ပေ၊ အောက်ခြေအကျယ် ပေ ၉၀၊ အနက် ၈ပေ၊ အလျား ၁၁ မိုင်ရှိ ခမုံ-မြစ်ကျိုးလယ်ကြားရေနုတ်မြောင်းအပိုင်းကိုလည်းကောင်း တူးဖော်နေမှုနှင့်အတူ ဝေါမြို့နယ် ကျိုက်ထော်ပလိုင်း ရေနုတ်မြောင်းအပိုင်းကိုလည်း ဆက်လက် တူးဖော်နေကြောင်းတွေ့မြင်သိရှိရသည်။

သို့ပါ၍ ချောင်းကော၊ မြောင်းကောတိမ်ကော ပိတ်ဆို့ပျက်စီးခြင်း၊ ချောင်းကြမ်းခင်း(Bed) မြင့်တက်လာခြင်းတို့ကြောင့် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို အလျင်အမြန်တူးဖော် ဆောင်ရွက်နေပြီဖြစ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန၏ "ရေလာရာမြောင်းပေး၍ စေတနာရေတို့ ဝေဖြာမှုကြောင့်" တစ်ထောင့်တစ်နေရာက လယ်ယာမြေရေကြီးရေလျှံမှုကို လျော့ပါးသွားစေနိုင်မည်ဟု ယူဆပါသည်။ ထို့အပြင် စိုက်ပျိုးမှုလယ်ယာမြေဧကပိုမိုရရှိတော့မည်ဖြစ်ကြောင်း ဖော်ညွှန်းရေးသားလိုက်ရပါတော့သည်။

စစ်တွေမြို့တွင် မဟာသင်္ကြန်ပွဲတော် ရခိုင်ရိုးရာအစဉ်အလာဖြင့် ကျင်းပမည်

စစ်တွေ မတ် ၃၁

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးပြီး နှစ်စဉ်ကျင်းပမြဲအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ရခိုင်ရိုးရာ အစဉ်အလာအတိုင်း ကျင်းပသွားမည်ဖြစ်ရာ သင်္ကြန်အကြိုပွဲတော်အဖြစ် နံ့သာသွေးခြင်း၊ ဘုရားရေသပ္ပာယ်ခြင်း၊ လှေလောင်းဖြင့် ရေပက်ကစားခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ဧပြီ ၁၂ ရက်တွင် ရပ်ကွက်အမျိုးသမီးငယ်များ၊ ဌာနဆိုင်ရာအမျိုးသမီးငယ်များ၊ တပ်ရင်းတပ်ဖွဲ့များမှ အမျိုးသမီးငယ်များ၊ သက်ဆိုင်ရာအဖွဲ့အလိုက် စုဖွဲ့ထားသည့် နံ့သာသွေးအဖွဲ့ငယ်များက နံ့သာသွေးပြိုင်ပွဲကို ဦးဥတ္တမခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဧပြီ ၁၃ ရက်တွင် စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီးတွင် ဘုရားရေသပ္ပာယ်ပြီး စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့တွင် ဆောက်လုပ်ထားသည့် ဗဟိုမဏ္ဍပ်၌ ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ဖွင့်ပွဲကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ရပ်ကွက်စုပေါင်း သင်္ကြန်ရေကစားမဏ္ဍပ်များ၊ ဌာနများစုပေါင်းရေကစားအဖွဲ့များမှ အကစင်မြင့်များ တည်ဆောက်၍ ရေပက်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ သင်္ကြန်နေ့ရက်များတွင် ယိမ်းအဖွဲ့များ ကပြဖျော်ဖြေပြီးလှေလောင်းဖြင့် ရေကစားသွားကြမည်ဖြစ်သည်။

ထို့အတူ စစ်တွေမြို့ ရခိုင်ရိုးရာ သင်္ကြန်ပွဲဖြစ်မြောက်ရေးကော်မတီမှ ဦးစီးပြီး ဧပြီ ၁၃ ရက်တွင် နံ့သာသွေးခြင်း၊ ၁၅ ရက်တွင် ဘုရားရေသပ္ပာယ်ခြင်းနှင့် ဧပြီလ ၁၅ ရက်မှ ၁၇ ရက်အထိ ရေပက်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **(ကဝ္ဗပမီဒီယာ)**

ပဲခူးမြို့ ကုသိုလ်ဖြစ်သံဃာ့ဆေးကုဌာန ရေစက်ချပွဲကျင်းပ

ပဲခူး မတ် ၃၁

ပဲခူးမြို့ ကုသိုလ်ဖြစ်သံဃာ့ဆေးကုဌာန၏ ၂၀၁၂ခုနှစ် နှစ်ပတ်လည် ရေစက်ချအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက ကုသိုလ်ဖြစ်သံဃာ့ဆေးကုဌာနတည်ရာ ရွှေမော်ဓောစေတီတော် အရှေ့ဘက်မုခ်လမ်း၌ ကျင်းပသည်။ အခမ်းအနားသို့ ကုသိုလ်ဖြစ် သံဃာ့ဆေးကုဌာန၏ ဥက္ကဋ္ဌ ဦးမြင့်ဦး (အငြိမ်းစားကျောင်းအုပ်ဆရာကြီး) အမှူးပြုသည့် ကော်မတီဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

သံဃာ့ဆေးကုဌာနတွင် သာသနာ့နွယ်ဝင် သီလရှင်များကိုပါ အချိန်နေ့ရက် သတ်မှတ်၍ အခမဲ့ကုသပေးလျက်ရှိပြီး ပတ္တမြားဆရာတော်နှင့်တပည့်များက လစဉ်အလှူငွေထည့်ဝင်ခြင်း၊ ရွှေမော်ဓောစေတီတော်ရှိ သံဃာ့ဆေးခန်းအလှူခံပုံးမှ ရငွေ၊ အလှူရှင်များ၏ ဆေးငွေပင်ငွေရင်းအလှူငွေနှင့် နဝကမ္မအလှူငွေတို့ဖြင့် ဆရာဝန်လေးဦးတို့က အလှည့်ကျဆေးဝါးကုသပေးလျက်ရှိသည်။

ယခုအခါ ပတ္တမြားဆရာတော်ကြီးကို အမှူးထား၍ ရန်ကုန်မြို့နေ ဦးထွန်းထွန်းဦး-ဒေါ်ခင်မာဝေ ဆန်းသစ်ဆေးပစ္စည်း ကိရိယာရောင်းဝယ်ရေးက သွားနှင့်ခံတွင်းရောဂါကု ခုံနှင့် ပစ္စည်းစုံကို လာရောက်လှူဒါန်းခဲ့ရာ သံဃာတော်များနှင့် သီလရှင်များကို သွားနှင့်ခံတွင်းရောဂါများပါ ကုသပေးနိုင်မည်ဖြစ်သည်။ ကုသိုလ်ဖြစ်သံဃာ့ဆေးကုဌာနသို့ လှူဒါန်းလိုသူများသည် ဘဏ္ဍာရေးမှူး ဦးကျော်မောင် ဖုန်း-၀၉-၅၃၀၀၆၁၈ နှင့် ဆေးကုဌာန ဖုန်း-၀၅၂-၂၀၁၇၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၁၂၁)**

မီး ဘေးရှောင် မလောင်ခင်တား

အထက မာန်အောင် စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

အထက မာန်အောင် ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၁၈ရက် (ကြာသပတေးနေ့) မြန်မာနှစ်ဆန်း ၂၈ရက်၊ မွန်းတည့် ၁၂နာရီတွင် မာန်အောင်မြို့ အထက အောင်ဇေယျာခန်းမ၌လည်းကောင်း၊ မေ ၁ရက် (အလုပ်သမားနေ့) (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီ အရှေ့ဘက်မုခ်အနီး၊ ရခိုင်ပြည်နယ်ဓမ္မာရုံတွင်လည်းကောင်းကျင်းပမည်ဖြစ်ရာ အထက မာန်အောင်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ အောက်ပါကျောင်းသား ကျောင်းသူဟောင်းများထံသို့ဆက်သွယ်၍ သင့်တော်ရာနေရာသို့ ပူဇော်ခံတက်ရောက်ပေးကြပါရန် နှင့် ကျောင်းသား ကျောင်းသူဟောင်းများက အလှူငွေများကို ဦးဘိုးတင်နု ဖုန်း-၀၁-၅၂၄၅၇၀၊ ဒေါ်တင်မေ ဖုန်း-၀၉-၅၀၃၀၇၄၃၊ ဦးဘခင် ဖုန်း-၀၉-၄၉၂၂၀၁၇၄၊ ဒေါ်ခင်ခင်ဝင်း ဖုန်း-၀၁-၄၃၀၀၇၅၊ ကိုထွန်းမြင့်ဇော် ဖုန်း-၀၉-၄၂၁၇၃၉၄၅၁၊ ကိုခင်မောင်စိုး ဖုန်း-၀၉-၅၁၁၂၀၉၁၊ ကိုစည်သူကျော် ဖုန်း-၀၉-၄၉၂၁၇၉၈၅၊ ကိုဇော်မင်းထိုက် ဖုန်း-၀၉-၄၉၆၇၂၁၈၇၊ မဝင်းသန္တာထွန်း(နီလာ) ဖုန်း-၀၉-၄၉၆၇၂၂၀၃၊ ကိုအောင်နိုင်ထွေး ဖုန်း-၀၉-၄၉၆၇၂၄၂၉၊ မဇာခြည်ဝင့် ဖုန်း-၀၉-၄၂၁၇၃၃၂၁၆၊ မဖြိုးချိုချိုလင်း(မိလေး) ဖုန်း-၀၉-၇၃၀၄၄၂၃၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၃၃၄၅၇ Kenbo-110ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ထူး ၈/မကန(နိုင်)၀၆၇၃၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး (မကွေး)

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၃၁၆၁၀ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၅/တမန(နိုင်) ၀၃၀၀၁၁က စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(ကလေးမြို့)**

ရေကြောင်းအင်ဂျင်နီယာအရာရှိဖြစ်လိုသူများအတွက်

UNIQUE MARINE TRAINING CENTER

Workshop Skills Training သင်တန်းသားများခေါ်ယူခြင်း

3rd Engineer စာမေးပွဲဖြေလိုသူများအတွက် Unique Marine Training Center တွင် စဉ်ဆက်မပြတ် ဖွင့်လှစ်လျက်ရှိသော WorkShop Skills Training သင်တန်း အမှတ်စဉ်(၂) အတွက် သင်တန်းသားများအား စတင်လက်ခံနေပြီ ဖြစ်ပါကြောင်း။

မှတ်ချက်။ သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့်ဦးရာလူစနစ်ဖြင့် လက်ခံသွားမည်ဖြစ်ပါသည်။

သင်တန်းကြေး – (၁၃)သိန်း

ဆက်သွယ်ရန်လိပ်စာ – ပါးတန်းရွာသစ်ချောင်းလမ်း(ကမ်းနား)၊ ဆိပ်ကမ်းမြို့နယ်။ (လုပ်ငန်းလိုင်စင်ရုံးဘေးမှဝင်ပါ)

ဆက်သွယ်ရန်ဖုန်း – ၀၉၄၉၂၄၇၉၇၉၊ ၀၉၄၉၆၅၀၇၇၇

အမျာသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၃၈လမ်း၊ အမှတ်၉၆ (မြေညီထပ်)နေ ဒေါ်တင်ရီ ၁၂/ကတတ(နိုင်)၀၀၃၂၆၇က ခင်ပွန်း ဦးထွန်းဝင်း ကွယ်လွန်ပြီးနောက်ပိုင်းတွင် သား ဦးအောင်ကျော်ဝင်း ၁၂/ကတတ(နိုင်)၀၀၃၂၆၈ကို ၁၅-၅-၂၀၁၁ရက်တွင်လည်းကောင်း၊ ဦးအောင်ကျော်ခိုင်ကို ၃-၃-၂၀၁၃ရက်တွင်လည်းကောင်း၊ ၄င်းတို့ရရှိမည့် အမွေဝေစုကို မိသားစုစီမံမှုအရ အမွေခွဲဝေပေးခြင်းစာချုပ်ချုပ်ဆို၍ အမွေခွဲဝေအမ်းထုတ်ပေးပြီးဖြစ်ကြောင်း၊ ရွှေစန္ဒာထွန်းစာပေဖြန့်ချိရေးလုပ်ငန်းသည် ကျန်သားသမီးများ (၁) ဦးအောင်ကျော်သူ(ခ)ဦးတင်ဝင်း ၁၂/ကတတ(နိုင်)၀၂၄၄၂၁၊ (၂) ဦးအောင်ကျော်မင်း ၁၂/ကတတ (နိုင်)၀၀၃၂၆၉၊ (၃) ဒေါ်သူဇာဝင်း ၁၂/ကတတ(နိုင်)၀၀၃၂၇၀၊ (၄) ဒေါ်စန္ဒာဝင်း ၁၂/ကတတ(နိုင်) ၀၀၀၁၇၃နှင့်အတူ ဦးအောင်ကျော်ဝင်း ၁၂/ကတတ(နိုင်)၀၀၃၂၆၈သည် ရွှေစန္ဒာထွန်းစာပေဖြန့်ချိရောင်းချရေးနှင့် ပတ်သက်သည့် ၂၅-၃-၂၀၁၃ ရက်စွဲ သဘောတူကတိစာချုပ်အရ ဆက်လက်ပါဝင်ဆက်ခံခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်တင်ရီ

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ သီတာလတ် ၁၃/ကတန(နိုင်)၀၇၆၄၃၄နှင့် အန်ထော်နီ ၁၃/ကတန(နိုင်) ၁၂၂၉၁၁သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှု မရှိတော့ပါသဖြင့် ၂၀-၃-၂၀၁၃ရက်မှစ၍ နှစ်ဖက်မိဘများရှေ့တွင် တရားဝင် လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ပြတ်စဲပြီးစီးပါကြောင်းနှင့် အန်ထော်နီနှင့် ပတ်သက်သည့် ကိစ္စအဝဝသည်ကျွန်မ သီတာလတ်နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အသိပေးအပ်ပါသည်။

သီတာလတ်
အလင်းရောင်ဘော်ဒါ၊ ကျိုင်းတုံမြို့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ်၁၉၆၊ (ပေ ၄၀×ပေ ၆၀)အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် (၁)ဒေါ်နီနီမာ S/OKA-၀၅၄၆၈၉၊ (၂)ဒေါ်ဘေဘီသန်း S/OKA-၀၇၉၉၉၂၊ (၃)ဒေါ်လှလှမြင့် S/OKA-၀၉၇၈၂၆ တို့ သုံးဦးအမည်ပေါက် ပိုင်ဆိုင်ထားသူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ယဉ်ယဉ်ကြည် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၄၃၁၁၄၆၅၄

ကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ တီကျစ်ကျောက်မီးသွေးသုံးစက်ရုံအတွက် အောက်ပါပစ္စည်းများကို နေပြည်တော်၊ ပေါင်းလောင်း (ဂိုဒေါင်)အရောက် တန်ဖိုးမြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ် ပစ္စည်းအမျိုးအမည်
(က) Soot Blower များ
(ခ) Head Pulley With Motor
(ဂ) Control Card များ
(ဃ) Transmitter များ အစရှိသည့် ပစ္စည်း စုစုပေါင်း(၂၂)မျိုး
(င) 66 kV Voltage Transformer(3)Sets

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် မေ ၃၀ ရက် မွန်းတည့် ၁၂ နာရီ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၀၆၇-၄၁၁၀၇၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
ကျွန်းစုမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၂

စာလီမာ(ခ)လာဟီမာဘီ(ခ)သီသီခိုင် **နှင့်** ၁။ မိုဟ်မ္မဒ်ရှစာအိ(ခ)စာအိဘိုင်
၂။ ဦးအာဗင်
တရားလို **တရားပြိုင်များ**

ကျွန်းစုမြို့နယ်၊ ဇေးကမိကျေးရွာအုပ်စု ထန်းတောရပ်နေ မိုဟ်မ္မဒ်ရှစာအိ(ခ)စာအိဘိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ စာလီမာ(ခ)လာဟီမာဘီ(ခ)သီသီခိုင်က လိမ်လည်၍ ကာမရယူကာ စွန့်ပစ်သွားသဖြင့် နစ်နာကြေးငွေကျပ်သိန်း ၅၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၁၀ရက် (၁၃၇၅ခုနှစ် တပေါင်းလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ပျက်ကွက်ခဲ့လျှင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးဝင်း)
မြို့နယ်တရားသူကြီး
ကျွန်းစုမြို့နယ်တရားရုံး

အများသိစေရန် ကြေညာချက်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သဲဖြူကုန်းကျေးရွာအုပ်စု၊ကွင်းအမှတ် (၉၂၇/ဃ)သိုးကျတောင်ကွင်း၊ ဦးပိုင်အမှတ် ၁၈၈၊ ဧရိယာ ၀ဒသမ၁၂ဧကရှိ မြေကွက်နှင့်ကပ်လျက်တစ်ဆက်တည်း ဦးပိုင်အမှတ် ၆၄၊ ဧရိယာ ၀ဒသမ ၉၁ ဧကရှိ မြေကွက်၊ ဦးပိုင်အမှတ် ၅၉၊ ဧရိယာ ၀ ဒသမ ၄၃ ဧကရှိ မြေကွက်၊ စုစုပေါင်းဧရိယာ ၀ ဒသမ ၄၆ ဧကရှိ မြေကွက်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ် ၃၃ နေ ဒေါ်သန်းနွဲ့က ပိုင်ရှင်ဖြစ်သူ ဒေါ်လှမြင့်ထံမှ ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းမြေကွက်များ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါရှိပြီး ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် ခိုင်လုံစွာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
(ဦးခင်မောင်မြင့်၊ LL.B,H.G .P)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၂၄)
အမှတ် ၁၆၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်၊
မော်လမြိုင်မြို့၊
ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၈၇၀၀၇၄၉

ကန့်ကွက်နိုင်ကြောင်းအများသိသာရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကန်သာရပ်ကွက်၊ သစ္စာလမ်းနှင့် ၈ လမ်းထောင့်ရှိ အမှတ် A- ၂၅၉၊ အကွက်အမှတ် ၁၆၄၇/အလယ်ရပ်၊ ဦးပိုင်အမှတ် ၂၅၉ (A)၊ ပေ (၆၀×၄၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ အိမ်ဝိုင်းမြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလဂရန်အမည်ပေါက်ပိုင်ရှင် ဦးအောင်ဇင်ထံမှ ဆက်စပ်စာချုပ်များအရ တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်စိုး ၅/မမတ(နိုင်)၀၄၈၆၀၅ နှင့် ဒေါ်ဒေစီ ၅/မမတ (နိုင်)၀၀၂၉၉၇ ဇနီးမောင်နှံထံမှ ကျွန်ုပ်၏ မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ရန် စီစဉ်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ပြုခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းတင့်အောင်
အထက်တန်းရှေ့နေ(စဉ်-၂၀၃၄၁)
အမှတ် A-၁၆ ၊ အောင်ဇေယျာအထူး၊ တောင်တွင်းကြီးလမ်း၊ မကွေးမြို့
ဖုန်း-၀၉-၄၃၁၀၉၅၀၄

စစ်တက္ကသိုလ် အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်း
(၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ဂေါက်သီးရိုက်ပြိုင်ပွဲ
အလှူတော်မင်္ဂလာနှင့် မိတ်ဆုံညစာစားပွဲ

အမိစစ်တက္ကသိုလ်တွင် အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်းသည် လေးနှစ်လေးမိုးပညာရည်နို့သောက်စို့ခဲ့ပြီး တိုင်းပြည်တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ရာ ၂၀၁၃ ခုနှစ် မေ ၇ ရက်တွင် (၁၃)နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ပါသည်။ (၁၃) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျောင်းဆင်းသူငယ်ချင်းများက တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးလှူသွားကြသော သူငယ်ချင်းများအတွက်ရည်စူး၍ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးရှိ လှူဒါန်းထားသော ကျောက်ဆင်းတုတော်ဘုရားအား အနေကဇာတင်ခြင်း၊ သံဃာတော်များကို ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းကို ၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက် ၇-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ ၁၂ နာရီအထိ၊ ဗိုလ်တထောင်စေတီတော်မွှာရုံ၊ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်းကို ROYAL MINGALA DON GOLF AND COUNTRY CLUB ၊ ၆-၄-၂၀၁၃ ရက်(စနေနေ့)၊ မွန်းလွဲ ၁ နာရီနှင့် မိတ်ဆုံညစာစားပွဲကျင်းပခြင်းကို ၇-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီမှ ည ၁၀နာရီအထိ အမျိုးသားကန်တော်ကြီး ဥယျာဉ်ရှိ ကရဝိက်နန်းတော်ခန်းမတွင် မိတ်ဆုံညစာစားပွဲ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ- ၀၉-၈၆၀၁၄၁၅၊ ၀၉-၅၁၇၂၁၃၀၊ ၀၉-၅၁၃၁၇၉၅၊ ၀၉-၅၁၇၁၆၇၁

လှိုင်မဟာစည်တိုက်ခွဲ(၁) သင်္ကြန်(၇)ရက်တရားစခန်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ ကာယရပ်ကွက်၊ ကာယ(၁၁)လမ်း၊ ပုလဲအိမ်ရာအနီးရှိ လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်ခွဲ(၁)တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာသတိပဋ္ဌာန် မိဂဒါဝုန်ဝိပဿနာသင်တန်း မဟာသင်္ကြန် တရားစခန်းကြီးကို ယခုနှစ်တွင်လည်း ၁၂-၄-၂၀၁၃ ရက်မှ ၁၈-၄-၂၀၁၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများသည် ၁၂-၄-၂၀၁၃ ရက် ညနေအရောက်လာကြရပါမည်။ ယောဂီဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ကျန်မာရေးအရ သို့မဟုတ် အသက်အရွယ်ကြီးရင့်မှုအရ ရှစ်ပါးသီလ ဆောက်တည်ရန် ခက်ခဲသူများသည် မိမိတို့အဆောင်၌ ရှုမှတ်မှုမပျက် ညနေပိုင်းသုံးဆောင်နိုင်သော အသင့်သုံးအစားအစာ ယူဆောင်ခွင့်ပြုပါသည်။ တရားစခန်းဝင် ယောဂီများအတွက် ဆွမ်း၊ အဖျော်ရည်စသည် လှူဒါန်းလိုသူများသည် လှိုင်မဟာစည် တိုက်ခွဲ(၁) ဖုန်း-၀၁-၆၃၈၁၂၉၊ ၀၉-၇၃၀၀၉၀၀၀၊ ၀၉-၄၅၀၀၆၃၃၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

သင်တန်းဖြစ်မြောက်ရေးကော်မတီ

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ဃ/၈၃၂၇၅ ဟွန်ဒါဝေ့(ဖ်) NF 125 MT ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းညွှန့် ၁၀/မလမ(နိုင်)၀၃၅၁၂၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊(မော်လမြိုင်)

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၅၈၁၈၉ Honda Dream 125 m/c ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းခိုင် ၆/မမန(နိုင်)၁၃၆၀၁၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စလင်းမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၄နှင့် ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်(၂၄)

မအောင်အောင်ဝင်းကို **နှင့်** ၁။ ဦးဝင်းမြင့်အောင်
၂။ ဒေါ်လွင်လွင်မာ
တရားနိုင် **တရားရှုံးများ**

ဦးဝင်းမြင့်အောင်နှင့် ဒေါ်လွင်လွင်မာ၊ ကောင်းထက်ဟိန်းပွဲရုံလုပ်ငန်း၊ ကျောင်းကြားရပ်၊ စလင်းမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၄)တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် မအောင်အောင်ဝင်းကိုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၈ရက် မွန်းမတည့်မီ ၁၁ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် မတ် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မင်းထွဋ်)
မြို့နယ်တရားသူကြီး
စလင်းမြို့နယ်တရားရုံး

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စလင်းမြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၃နှင့် ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်(၂၅)

ဦးခင်မောင်တင့် **နှင့်** ၁။ ဦးဝင်းမြင့်အောင်
၂။ ဒေါ်လွင်လွင်မာ
တရားနိုင် **တရားရှုံးများ**

ဦးဝင်းမြင့်အောင်နှင့် ဒေါ်လွင်လွင်မာ၊ ကောင်းထက်ဟိန်းပွဲရုံလုပ်ငန်း၊ ကျောင်းကြားရပ်၊ စလင်းမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၃)တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးခင်မောင်တင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၈ ရက် မွန်းမတည့်မီ ၁၁ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် မတ် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မင်းထွဋ်)
မြို့နယ်တရားသူကြီး
စလင်းမြို့နယ်တရားရုံး

မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းစံပြကျေးရွာ
ရွှေရင်အေးမဟာစည်သာသနာ့ရိပ်သာ
မဟာသင်္ကြန်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းစံပြကျေးရွာ၊ ရွှေရင်အေးမဟာစည်သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော စတုတ္ထအကြိမ် မဟာစည်ဝိပဿနာ သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းကို (၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၁ ရက်မှ ၇ ရက်အထိ) ၁၁-၄-၂၀၁၃ ရက်မှ ၁၇-၄-၂၀၁၃ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီသူတော်စင်များသည် (၁၃၇၄ ခုနှစ် တပေါင်းလကွယ်နေ့) ၁၀-၄-၂၀၁၃ ရက် ညနေအရောက် ကြွရောက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
ရွှေရင်အေး မဟာစည်သာသနာ့ရိပ်သာ
ဖုန်း-၀၉-၇၃၁၀၁၀၈၂၊ ၀၉-၇၃၀၃၈၃၅၁

THE PoliticS
နိုင်ငံရေးဂျာနယ်
အမှတ် ၁၊ ၂၊ ၃ ပေါင်းချုပ်
စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်ပါသည်။
The Politics ဂျာနယ်ကို တော်ဝင်စင်တာ Tab Book, Orange Supermarkets , Capital (ရန်ကုန် ၊ နေပြည်တော်) နှင့် အောက်ပါကိုယ်စားလှယ်တော်ကြီးများထံတွင် ဝယ်ယူရရှိနိုင်ပါသည်။
မန္တလေး- ထွန်းဦး၊ နဂါး။ ရန်ကုန် - ဆင်တောင်ကြီး၊ သီတာနီလာ၊ မြသော်တာ၊ ဖိုးတုတ်၊ ကိုသန်းလွင်၊ ကိုအောင်ကိုကို၊ ဂန္ဓဝင် (ရန်ကုန်၊ စစ်တွေ)၊ မသီတာ၊ နိုင်ဇင်ဦး၊ စိုးအောင်၊ တင်စိုး။
ထွက်ပြီ

အမည်ပြောင်း

ဦးကျော်နု၏သမီး၊ မင်းဂံအထက်တန်းကျောင်း(ခွဲ)စစ်တွေ၊ အဋ္ဌမတန်း(A)မှ မသူဇာလှိုင်၁၁/စတန(နိုင်)၀၉၆၇၆၅အား မအေးစန္ဒာထွန်းဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ဦးလှသိန်းသန်း၏သား ကလောမြို့နယ်၊ အောင်ပန်းမြို့၊ မိုးကောင်းရပ်ကွက်နေ မောင်စိုင်းလီတွေးသိန်းသန်းအား မောင်စိုင်းလီဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုင်းလီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါက်တာ နွယ်နီထွန်း ၁၃/တကန(နိုင်)၁၉၆၃၉၄ သည် မိဘအုပ်ထိန်းသူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏သဘောဆန္ဒအလျောက် ၂၀-၃-၂၀၁၃ ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ် ရာသက်ပန်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းမနွယ်နီထွန်း နှင့်ပတ်သက်၍ လုံးဝတာဝန်မယူတော့ပါကြောင်း အသိပေးကြေညာလိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးထွန်းရွှေ ၁၃/တကန(နိုင်)၀၄၆၅၂၈
မ/၉-ခ၊ ရှမ်းလမ်း၊ ညောင်ရွှေဟော်ကုန်း၊ တောင်ကြီးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ဃ/၉၈၁၃၃ Hensin/110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၈/တတက(နိုင်)၀၆၇၁၂၃ က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊တိုင်းဒေသကြီးရုံး(မကွေး)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ဃ/၆၉၂၀၅၊ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးမြကျော်စိန် ၁၁/စတန(နိုင်)၀၄၈၈၆၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ တာချီလိတ်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)၊ နောင်လျဲ်ရပ်နေ ဦးစိုင်းဆိုက်ကျောက်-ဒေါ်နန်းဝိုးဖတ်တို့၏သား စိုင်းရှဲန်ဝန်း ၁၃/ကတန(နိုင်)၁၁၆၂၆၀ သည် ၂၃-၁-၂၀၁၃ရက်တွင် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နန်းဝိုးဖတ်
၁၃/ကတန(နိုင်)၀၃၆၈၄၇

မွေးစားသားအဖြစ်မှ
စွန့်လွှတ်ကြောင်းကြေညာခြင်း

သကြင်္န်ပိတ်ရက်အလို တစ်ပတ်ကျော်သာရှိချိန်တွင် ကုန်ဝင်ကုန်ထွက်များပြားလာနိုင်ရာ ယခုအချိန်မှစ၍ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း စည်းကမ်းမဲ့မောင်းနှင်မှုများ လျော့နည်းသွားရန် လုပ်ဆောင်ပေးခြင်းဖြင့် ယာဉ်ပိတ်ဆို့မှုလျော့နည်းသွားနိုင်ကြောင်း၊ လမ်းသွယ်နှင့် လမ်းမကြီးများဆုံရာတွင် မျဉ်းဝါကွက်များရေးဆွဲပေးရန် လမ်းပေါ်ကုန်တင် ကုန်ချရပ်ထားနေမှုများ မရှိရန်၊ လမ်းမကြီးများတွင် လမ်းလယ်မျဉ်းများရေးဆွဲပေးရန်၊ ကုန်တင်ယာဉ်များရပ်နားရန်၊ ရပ်နားစခန်းမြေနေရာသတ်မှတ်ပြီး အမြန်ဆုံး ဖွင့်လှစ်အသုံးပြုနိုင်ရန် လိုအပ်ကြောင်း လုပ်ငန်းရှင်များမှ ပြောဆိုမှုရှိကြောင်း သိရသည်။

မတ် ၂၈ ရက် (ကြာသပတေး) ညတွင် ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်း ကုန်တင်ယာဉ်မျိုးစုံ အစီးရေ ၁၂၀၀ ဝန်းကျင် ညအိပ်ရပ်နားကြောင်း သိရသည်။

ခင်ဆိုင်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့တွင် ဓာတ်အားစနစ်ကောင်းမွန်ရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးညွန့်ဝင်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ထွန်းတို့ ကြီးကြပ်၍ 11 KV ဓာတ်အားလိုင်းတွင် ဆွေးမြည့်သစ်သားတန်းများကို သံလက်တန်းဖြင့် အစားထိုးတပ်ဆင်လဲလှယ်ခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂၈ ရက်က ဆောင်ရွက်စဉ်။

ဝေယံလင်း (မိုင်းဆတ်)

စပါးလုပ်ငန်းအသင်း(မူဆယ်)နှစ်ပတ်လည်စည်းဝေး

မူဆယ် မတ် ၃၁

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း (မူဆယ်)၏ ပထမအကြိမ်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို မူဆယ်မြို့ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းရုံး၌ မတ် ၂၄ ရက်မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

ပထမဦးစွာ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း၊ တွဲဖက်စာရင်းစစ် ဦးအာယုနှင့် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးဟန်စိန်တို့က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း(မူဆယ်) ဥက္ကဋ္ဌ ဦးသန်းဌေးဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဦးမောင်မောင်အေးက ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပထမအကြိမ်နှစ်ပတ်လည် အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီးနောက် တက်ရောက်လာသူများ၏ အတည်ပြုချက်ကိုရယူကာ အမှုဆောင်အဖွဲ့သစ်ရွေးချယ်ခြင်းကို အတည်ပြုခဲ့ကြကြောင်း သိရှိရသည်။

အယ်လ်စိုး(ပြန်/ဆက်)

အဖြူရောင်နှလုံးသားအဖွဲ့အခမဲ့ဆေးခန်းနှစ်ပတ်လည်နေ့ကျင်းပ

မော်လမြိုင်ကျွန်း မတ် ၃၁

မော်လမြိုင်ကျွန်းမြို့ အဖြူရောင်နှလုံးသားအဖွဲ့အခမဲ့ဆေးခန်း တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားပရဟိတထူးချွန်ဆု ချီးမြှင့်ပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို မတ် ၂၆ ရက် နံနက် ၉နာရီက မော်လမြိုင်ကျွန်းမြို့ ပုညဝိသုဒ္ဓိသာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က အမှာစကားပြောကြားပြီး အဖြူရောင်နှလုံးသားအဖွဲ့အခမဲ့ဆေးခန်း ဥက္ကဋ္ဌ ဦးခင်မောင်ဇင်က တစ်နှစ်တာအတွင်းလူနာ ၁၅၀၅၅ ဦး တို့ကို အခမဲ့ ဆေးကုသမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပရဟိတထူးချွန်ဆုရ ၁၅ဦးနှင့် ပရဟိတစေတနာရှင်ခြောက်ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ပြီး အလှူငွေများပေးအပ်လှူဒါန်းရာ မြို့နယ်ငါးလုပ်ငန်းရှင်များအဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၂၀ကို ငါးလုပ်ငန်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးနေဝင်းအောင်ကလည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များက လှူဒါန်းငွေကျပ် ၁၈သိန်းကို အဖြူရောင်နှလုံးသားအဖွဲ့ဂုဏ်ထူးဆောင် နာယက KH စက်မှုလုပ်ငန်းမှ ဦးကျော်ကျော်-ဒေါ်ကြူကြူတို့က ပေးအပ်လှူဒါန်းရာ အဖြူရောင်နှလုံးသားအဖွဲ့ အခမဲ့ဆေးခန်းဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရသည်။

(ဝ၆၅)

မတ် ၂၄ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထက(၁)ကျောင်းဝင်း ရေဝတီခန်းမ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဌာန၊ မြောက်ပိုင်းခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူးဦးလှဝင်းအောင်က အမှိုက်စို၊အမှိုက်ခြောက် သတ်မှတ်အိတ်ဖြင့် ခွဲခြားစွန့်ပစ်ရေးသရုပ်ပြ ရှင်းလင်းဆွေးနွေးဟောပြောစဉ်။ မြင့်ဦး(အင်းစိန်)

ထော်လာဂျီယာဉ် ဘရိတ်ပေါက်တိမ်းမှောက် ခရီးကြုံလိုက်ပါလာသူအားလုံး သေဆုံး

အင်္ဂပူ မတ် ၃၁

အင်္ဂပူမြို့နယ် ကွင်းကောက်တိုက်နယ်ဆေးရုံ၌ မတ် ၁၅ ရက် နံနက် ၉ နာရီခန့်က ထော်လာဂျီယာဉ်တိမ်းမှောက်၍ သေဆုံးဒဏ်ရာရရှိသူများ ရောက်ရှိနေကြောင်း သတင်းအရ ကွင်းကောက်ရဲစခန်းမှ ဒုရဲအုပ်ဇော်မိုးလွင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ မတ် ၁၄ ရက် ည ၁၀ နာရီခန့်က ကျီးပင်ကျေးရွာမှ ရခိုင်ရိုးမတောအတွင်း ဝါးတင်ရန် ယာဉ်မောင်းစိုးသူ ၂၀ နှစ် တလုတ်ကုန်းကျေးရွာ အင်္ဂပူမြို့နယ်နေသူ မောင်းနှင်လာသည့် ၉၅/ . . ထော်လာဂျီယာဉ်သည် နန်ကသူတောင်ချောင်းအဆင်း ချောက်ထဲသို့ ထိုးကျတိမ်းမှောက်သဖြင့် ခရီးကြုံလိုက်ပါလာသူများဖြစ်သည့် မန္တယ်နွယ် ၃၇ နှစ် ဂျို့ပင်စုကျေးရွာ၊ မဌေးဦး ၂၃ နှစ် စန္ဒာကွင်းကျေးရွာ၊ မောင်ခိုင်ထက်အောင် ၂၂ နှစ် စန္ဒာကွင်းကျေးရွာတို့ ဒဏ်ရာပြင်းထန်စွာဖြင့်သေဆုံးကြောင်း စစ်ဆေးသိရှိရသဖြင့် ယင်းနေ့ ၁၁ နာရီ ၁၅ မိနစ်ခန့်က ဒုရဲအုပ်ဇော်မိုးလွင်၏ တိုင်တန်းချက်အရ ကွင်းကောက်ရဲစခန်းမှ အမှုဖွင့်၍ ယာဉ်မောင်းစိုးသူကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **ပုသိမ်လှကြည်**

စာအုပ်စာပေ လူ့မိတ်ဆွေ

သကြင်္န်မိုးကုတ်ဝိပဿနာတရားစခန်းနှင့် ဒုလ္လဘရဟန်းခံပွဲ

တောင်ငူမြို့-အေးချမ်းမိုးကုတ်ရိပ်သာ၊ ငှက်ပျောတောကျောင်းတိုက်ကြီးတွင် ၂၀၁၃ ခုနှစ် ဧပြီလ ၁၂ ရက်မှ ၁၈ ရက်အထိ တရားစခန်းဖွင့်လှစ်ပါမည်။ ဒုလ္လဘဝတ်လိုသူ၊ သီလရှင်ဝတ်လိုသူ၊ တရားစခန်းဝင်လိုသူများနှင့် ဆွမ်း၊ ခဲဖွယ်၊ ဖျော်ရည် လှူဒါန်းလိုကြသူများသည် ဖုန်း-၀၉-၄၉၄၃၀၂၅၈သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

Golden Hope (အဆင့်မြင့်ခရီးသွားလုပ်ငန်း)
မဟာသင်္ကြန် အပန်းဖြေခရီး အထူးအစီအစဉ်
(အဆင့်မြင့်ကား/ဝန်ဆောင်မှု)
★ မြဝတီ-မဲဆောက် (၅-ရက်ခရီး) (သီးသန့်) (ဧပြီ- (13-17)
Ph-200276,703220,0973124222

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရှေ့ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ တိုက်အမှတ် ၄ ဟုခေါ်တွင်သော နှစ်ခန်းတွဲ ငါးထပ်တိုက်ကြီး၏ ငါးလွှာ၊ ခြေရင်းဘက်အခြမ်း နေအိမ်တိုက်ခန်းအား တစ်ဦးတည်း ပိုင်ရှင်ဖြစ်ကြောင်း အဆိုပြုသူ ဒေါ်အေမီအေး ၉/မမန(နိုင်)၀၁၇၆၃၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် စပ်လျဉ်း၍ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးဝင်းစိုး (LL.B, DBL, DIL) — တရားလွှတ်တော်ရှေ့နေ(၇၁၈၂)
ဦးသန့်ဇင် (LL.B) — အထက်တန်းရှေ့နေ

ထက်အောင်သျှိုင်း (အိမ်၊ ခြံ၊ မြေနှင့် ခရီးသွားဝန်ဆောင်မှု)
ဖုန်း-၀၉-၅၀၈၀၄၃၂၊ ၂၀၉၃၁၀၊ ၂၀၉၃၁၁၊၀၉-၇၃၁၇၀၅၁၆
အမှတ် (၁၃)၊ ဩဘာလမ်း၊ ကျောက်မြောင်း (သီတာမှတ်တိုင်အနီး)၊ တာမွေမြို့နယ်

သိင်္ဂီရွှေဝါ (ပိုးထည်တိုက်)

ဦးသောင်းညွှန့် + ဒေါ်သောင်းသောင်း သမီး မဇာ

ပိုးထည်ဆိုရင် သိင်္ဂီရွှေဝါ မှာ ဝယ်မှ စိတ်ချရတယ်

၂၀၁၃ ခုနှစ် - နှစ်သစ်တွင် သိင်္ဂီရွှေဝါပိုးထည်တိုက်မှာ ကြိုးကြီးချိတ်ဆန်း၊ ယောက်ျားဝတ် ချိတ်ပုဆိုး၊ အင်္ကျီပိုးစ၊ ပုဝါအမျိုးမျိုးတို့ ရောက်ရှိနေပြီဖြစ်ကြောင်း မိတ်ဟောင်း၊ မိတ်သစ်အပေါင်းအား သတင်းကောင်းပါးလိုက်ပါသည်။

အမှတ် - 111(A) , ရေတာရှည်လမ်းဟောင်းလမ်းမကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel : 01-549430, 552982 , 09-5019164, 09-8613493

အမည်ပြောင်း

ဦးရင်ဖေလီ LSO-၁၄၈၉၆၁၏ သမီး လားရှိုးမြို့၊ အမက(၁၈)မူလွန်၊ ဆဋ္ဌမတန်းမှ နန်းခင်ဝင်းအား မရင်ရင်ဝင်းဟုပြောင်းလဲခေါ်ပါရန်။

မရင်ရင်ဝင်း

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ပျဉ်ခုံကြီးကျေးရွာနေ ဦးအင်ဇမုန်း၏သား မောင်ထင်လွယ်ထန်(ခ) မောင်ထျန်းဟရွယ်ထန်း ၅/ကလထ(နိုင်)၂၁၁၅၃၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်သက်ထွန်းဇော် ၁၀/မဒန(နိုင်)၁၆၆၄၁၅ သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)
ဒေါ်သက်မူစိုး ၁၂/ရကန(နိုင်)၀၄၈၉၃၇

ကွာရှင်းပြတ်စဲပြီး၊ ပစ္စည်းခန်းခွဲဝေပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်မ မနှင်းမာဦး(ဘ)ဦးသိန်းရွှေ (၁၂/ခရန(နိုင်)၀၁၀၈၃၉)နှင့် ကိုအေးမင်းစိုး(ဘ)ဦးစံဝ (၁၂/ဥကမ(နိုင်)၁၅၅၀၀၆)တို့သည်(၂၇-၃-၂၀၁၃) နေ့တွင် အသိသက်သေများရှေ့မှောက်၌ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီး၊ ပစ္စည်းခန်းနှင့်ပတ်သက်၍ နှစ်ဦးသဘောတူ ခွဲဝေပြီးဖြစ်၍ ကိုအေးမင်းစိုးနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်မနှင့်လုံးဝသက်ဆိုင်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မနှင်းမာဦး
(၁၂/ခရန(နိုင်) ၀၁၀၈၃၉)

ပြည်တွင်းသတင်း

ပန်းတနော်မြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၃၁

ပန်းတနော်မြို့နယ် အင်းမကျေးရွာအုပ်စုအောင်မင်္ဂလာတံတားအနီး ရေနုတ်မြောင်းနှင့် ရှင်းလင်းဆောင် တည်ဆောက်နေမှု၊ ပသွယ်ကျေးရွာအုပ်စု ယင်းဖား- ပသွယ်ဆက်သွယ်ထားသော ကျေးလက်ဖွံ့ဖြိုးရေး ကွန်ကရစ်တံတား တည်ဆောက်နေမှု၊ ခနွဲကဘိုကျေးရွာ၌ ငါးခြောက်လှန်းစင်နှင့် ငါးသားပေါက်မွေးမြူရေးကန်၊ ဆင်းသုခန္ဓေစပါးစံကွက်ရိတ်သိမ်းနေမှုနှင့် သဘာဝငါးမျိုးချန်အင်းတို့သို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၂၇ ရက် နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ခနွဲကဘိုကျေးရွာ၊ ထိန်ကုလားကုန်းကျေးရွာ၊ ပြလင်းကျေးရွာ၊ မြစ်ဝကျေးရွာ၊ မိမ္မပြေးကျေးရွာနှင့် တူးချောင်းကျေးရွာအုပ်စုတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝေန်တာတမံ ပျက်စီးမှုများ ဖြစ်ပေါ်မည်ကို ဒေသခံ ပြည်သူအများစိုးရိမ်

ကျွန်တော်တို့နေထိုင်သော ငါးသိုင်းချောင်းမြို့သည် ဝေန်မြစ်အရှေ့ဘက်ခြမ်းတွင် တည်ရှိသော ရေကြည်မြို့နယ်၏ မြို့နယ်ခွဲတစ်ခုဖြစ်သည်။ မြို့၏အနောက်ဘက် ဝေန်တာတမံ၏ အရှေ့ဘက်တွင် ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်များလည်း တည်ရှိသည်။

ယင်းမြို့နယ်များတွင် နေထိုင်သော မိဘပြည်သူများသည် နှစ်စဉ်မိုးတွင်းကာလသို့ ရောက်ရှိပါက တာတမံများ၏ ကြံ့ခိုင်မှုအတွက် စိုးရိမ်သောက ဖြစ်ခဲ့ကြရသည်။ ယခုအခါ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် ဝေန်မြစ်ရေလမ်းကြောင်း လွှဲပြောင်းခြင်းလုပ်ငန်းကို သိန်းပေါင်း ၅၀၀၀ ကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သဖြင့် ပြည်သူများ ဝမ်းသာပီတိဖြစ်ခဲ့ကြရသည်။

ထို့ကြောင့် တာတမံကြီး ကြံ့ခိုင်ရေးနှင့် ရေရှည်တည်တံ့ရေးမှာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး၏ တာဝန် ဖြစ်လာပါသည်။ ကိုလိုနီခေတ်က ကျွဲ၊ နွားများ တာတမံပေါ်သို့ တက်ရောက်ခြင်းကို တာတမံအက်ဥပဒေနှင့် တားမြစ်ခဲ့ပါသည်။

တွေ့ရှိပါက ခွာတစ်လုံး ၅ ကျပ် ဒဏ်ရိုက်သည်ဟု သိရှိရသည်။ ထိုခေတ်က ကျောင်းဆရာတစ်ယောက်၏ လစာမှာ ၁၂၆ ကျပ်သာ ရရှိပါသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် တာတမံ၏ အရေးကြီးပုံကို သိရှိနိုင်ပါသည်။

မြို့မရပ်ကွက် မြို့မဈေးကြီးအနီးရှိ အချို့သော အဆောက်အအုံများသည် တာတမံအားမေတင်၍ ဆောက်လုပ်ထားသဖြင့် တာခြေပျောက်ပြီးတာလုံးမပေါ်ဘဲ ဖြစ်နေပါသည်။ တာခြေမပေါ်သဖြင့် အောက်ခြေတွင် ဖြစ်ပေါ်နေသော အကြောင်းတရားများကို သိရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် တာတမံ၏ကြံ့ခိုင်ရေးအတွက် ဆိုးရွားသော အခြေအနေများကို ဖြစ်ပေါ်လာစေနိုင်သည်။

ယခုအချိန်အခါသည် စပါးပေါ်ချိန်၊ ပဲပေါ်ချိန်ဖြစ်သဖြင့် နယ်အသီးသီးမှ ဂွန်ဒေါင်းများ မြို့ပေါ်ရှိ ပွဲရုံများမှ ကုန်တင်ကားများ၊ ဂွန်ဒေါင်းများသည် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးကို အကြောင်းပြလျက် နေ့ရောညပါတာတမံအပေါ်သို့ တက်ရောက်လျက်ရှိကြပါသည်။

အထူးသဖြင့် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့မဈေးကြီးနှင့် သဘော်ဆိပ်အနီး ကုန်သည်လမ်းနှင့် ကမ်းနားလမ်းဆုံရာ နေရာတွင်လည်းကောင်း၊ မသန်းကုန်းနှင့် နေဝင်းလမ်းဆုံနေရာတွင် လည်းကောင်း၊ ဗိုလ်ချုပ်နေဝင်းလမ်းအစ ရှေ့ဆောင်ဓမ္မာရုံအနီးတွင်လည်းကောင်း၊ ယာဉ်များရပ်နားခြင်း၊ ကုန်တင်ကုန်ချပြုလုပ်ခြင်း၊ စည်းကမ်းမဲ့ မဆင်မခြင် မောင်းနှင်ခြင်းများကို ပြုလုပ်လျက်ရှိကြသည်။ ဤလုပ်ရပ်ကြောင့် မော်တော်ဆိုင်ကယ်၊ အနေးယာဉ်ဆိုက်ကား၊ လမ်းသွားလမ်းလာများနှင့် ထိတွေ့တိုက်ခိုက်မှုများ၊ လမ်းဘေးဝဲ/ယာရှိ ခြံစည်းရိုးနှင့် လှေကားခုံများ ထိခိုက်ပျက်စီးမှုများ ကြုံတွေ့နေကြရသည်။

အထက်ပါ ဖြစ်စဉ်များကြောင့် ဒေသခံပြည်သူများ စိုးရိမ်လျက်ရှိကြောင်း သိရှိရသည်။ **(၁၈၁)**

စာပေပြိုင်ပွဲ၊ ဟောပြောပွဲများ ကျင်းပ

သထုံ မတ် ၃၁

ကျောင်းသား ကျောင်းသူများ ကျောင်းပိတ်ရက်ကာလတွင် စာဖတ်ခြင်းအလေ့အထနှင့် အသိပညာဗဟုသုတများ တိုးတက်မြင့်မားလာစေရန်၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးနှင့် စာပေတန်ဖိုးကို သိရှိလာနိုင်ရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးအထောက်အကူပြု စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲများကို မတ် ၂၇ ရက်က မွန်ပြည်နယ် သထုံမြို့ ကျိုက္ကော်ကျေးရွာ ကျိုက္ကော်အထကကျောင်း၌ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထကကျိုက္ကော်မှ ဆရာ ဆရာမများ ပူးပေါင်း ကျင်းပခဲ့သည်။ **(အပေါ်ပုံ)** မူလတန်းအဆင့် ၂၅ ဦး၊ အလယ်တန်းအဆင့် ၂၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကြီးကြပ်အဖွဲ့များက ဆုများကို စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

ဆုချီးမြှင့်ပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ကျိုက္ကော် အထက ရွှေရတုခန်းမ၌ ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောချစ်သန်းက စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး တာဝန်ရှိသူများက ပြိုင်ပွဲအဆင့်အလိုက် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

ကဒါရဲကင်းဆိုင်းဘုတ်အုတ်ခုံကို ဆိုင်ကယ်ဝင်တိုက် လူငယ်တစ်ဦး သေဆုံး

မော်လမြိုင် မတ် ၃၁

မတ် ၁၈ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကဒါကျေးရွာ ရဲကင်းရှေ့တွင် မော်တော်ဆိုင်ကယ်က ဆိုင်းဘုတ်အုတ်ခုံကို ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျိုက်မရောမြို့နယ် ကျွန်းရွာလမ်းမတန်းရပ်နေ မောင်အပလိုင် မောင်းနှင်လာသော (လိုင်စင်မဲ့) မော်တော်ဆိုင်ကယ်သည် သရက်ကုန်းကျေးရွာဘက်မှ ကဒါကျေးရွာဘက်သို့အသွား ဆိုင်ကယ်အရှိန်မထိန်းနိုင်ဘဲ ကဒါကျေးရွာ ရဲကင်းရှေ့ရှိ အုတ်ခုံဆိုင်းဘုတ်ကို ဝင်တိုက်မိသည်။

ဆိုင်းဘုတ်ကိုဝင်တိုက်သူ မောင်အပလိုင်းသည် ဒဏ်ရာပြင်းထန်စွာရရှိပြီး မွန်ပြည်နယ် မော်လမြိုင်အထွေထွေရောဂါကုဆေးရုံသို့ တင်ပို့စဉ် ဆေးရုံအရောက်တွင် ရရှိထားသောဒဏ်ရာဖြင့် သေဆုံးသွားသည်။ ယင်းအမှုကို ကျိုက်မရော ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကျော်သန်း-မော်လမြိုင်)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေး

မိုးညှင်း မတ် ၃၁

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် Fauna and Flora International (FFI)တို့ ပူးပေါင်းစီစဉ်သည့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ ဒေသအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ၏ အတွေ့အကြုံများဖလှယ်နိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၄ ရက်က မိုးညှင်းမြို့ အထက (၂)မြတ်သရဖူခန်းမ၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းစံဝင်းက အမှာစကားပြောကြားပြီး သက်ဆိုင်ရာဌာန၊ NGO အဖွဲ့ဝင်များ၊ သစ်တောစိုက်ခင်းများမှ လုပ်ငန်းရှင်များတွေ့ဆုံ၍ ဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။ **(ဝဇ္ဇ)**



ကြော်ငြာ

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကြည့်မြင်တိုင်မြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၀

(၁) ဦးအေးချို (၂) ဒေါ်ချိုချိုပြုံး နှင့် ဦးချစ်ပုံ
(၃) ဒေါ်မြင့်မြင့်စိုး (၄) ဒေါ်သန်းသန်းအေး
(၅) ဦးမောင်မောင်

တရားလိုများ **တရားပြိုင်**

တရားပြိုင် (ယခင်နေရပ်လိပ်စာ) အမှတ် ၇၇၊ သရက်တော (၄)လမ်း၊ သရက်တော/တောင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုများက သင့်အပေါ် မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၁၁ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက် အမှုတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကိုလည်း တစ်ပါတည်းယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခိုင်ခိုင်မိုး
ဒုတိယမြို့နယ်တရားသူကြီး(၂)
ကြည့်မြင်တိုင်မြို့နယ်တရားရုံး

ကမ္ဘာ့တီလိုက်ပတ်ယေန်သွင်မန် (ချင်လှိုင်)

မွန်သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲဖိတ်ကြားခြင်း

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) မှ ကြီးမှူး၍ အသက် (၇၅) နှစ်နှင့်အထက် မွန်ဘိုးဘွားများအား (၄၀) ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲနှင့် (၁၀) ကြိမ်မြောက် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို လာမည့် (၁၇-၄-၂၀၁၃) နေ့ ၁၃၇၅ ခုနှစ် မြန်မာနှစ်ဆန်း (၁) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မွန်တိုင်းရင်းသားများအားလုံး ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

မှတ်ချက်
- နံနက် (၇း၀၀) နာရီမှ စ၍ မွန်ရိုးရာသင်္ကြန်ထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။
- ၂၀၁၂ ခုနှစ်တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရရှိသူများ (၉-၄-၂၀၁၃) ရက်နေ့ နောက်ဆုံးထား၍ အမှတ်စာရင်းမိတ္တူနှင့်အတူ စာရင်းပေးပို့ပါရန်။ ✦ *မိမိအစီအစဉ်ဖြင့် လှူဒါန်းနိုင်ပါသည်။* ✦

ဆက်သွယ်ရန် နိုင်မင်းသောင်းချွင် (နာယက) ၀၉-၇၃၁၀၈၂၁၄၊ နိုင်စောဦး (ဥက္ကဋ္ဌ) ၀၉-၄၂၁၀၂၇၅၈၆၊ နိုင်ဖေတင် (ဒုဥက္ကဋ္ဌ) ၀၉-၅၁၉၇၇၃၃၊ မိကွန်ချစ်ချစ် (ဒုဥက္ကဋ္ဌ) ၀၉-၈၆၂၃၆၉၄၊ နိုင်စိုးကြည် (အတွင်းရေးမှူး) ၀၉-၇၃၀၈၄၈၂၂၊ မိနီလာခင် (ဘဏ္ဍာရေးမှူး) ၀၉-၅၁၄၉၉၅၄

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၁၃၆၆/က၊ မြေကွက်တည်နေရာ အမှတ် ၁၃၆၆/က၊ထူပါရုံ ၁၀လမ်းအရှေ့၊ (၁) ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ငွေကြည် အမည် ပေါက် နှစ် ၆၀ရန်မြေအား အမည်ပေါက် ဒေါ်ငွေကြည်(မိခင်)နှင့် ဦးချစ်ဖေ (ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်မြင့်ကြည် ၁၂/သဃက (နိုင်)၀၃၁၀၅၂၊ (၂) ဦးဆံနီ(ခ)ဦးစံနီမောင် ၁၂/စခန (နိုင်)၀၀၉၃၂၀၊ (၃) ဦးနီတွတ် ၁၂/သကတ(နိုင်)၀၅၁၁၉၆၊ (၄) ဦးတင်မောင် ၁၂/ သကတ(နိုင်)၀၃၈၂၇၄၊ (၅) ဒေါ်ပြုံးပြုံးကြည် ၁၂/သကတ(နိုင်) ၀၃၈၃၄၂၊ (၆) ဦးနိုင်နိုင် ၁၂/မဘန(နိုင်) ၀၀၆၆၃၁၊ (၇) ဒေါ်ချိုပြုံး ၁၂/သကတ (နိုင်)၀၉၉၈၈၇တို့ကသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၆၊ လူနေရပ်ကွက်အမှတ် - ကံဘဲ့၊ မြေကွက်အမှတ် - ၁ဈ^A၊ အလျား (၄၇)ပေ × အနံ (၁၀၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် - ၇/က၊ မြဝတီလမ်း၊ ၁၆-ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သည့် မြေကွက်နှင့် အဆောက်အအုံအား အမည်ပေါက်ပိုင်ရှင် (၁) ဒေါ်ညွန့်ညွန့်မင်း (၁၂/အစန (နိုင်) ၂၂၅၂၅၄)၊ (၂) ဒေါ်ခင်စန်းဝင်း (၁၂/ရကန (နိုင်) ၀၅၅၈၂၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက စာချုပ်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အထောက်အထားမခိုင်လုံဘဲကန့်ကွက်လာပါက ပြန်လည်အရေးယူခံရမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်တင်ဝင်းမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၉၄၂)
အမှတ် (၁၆)၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁-၂၀၈၅၈

သဲဖြူတောရဓမ္မရိပ်သာ သင်္ကြန်(၁၀)ရက် တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သဲဖြူကျေးရွာရှိ သဲဖြူတောရဓမ္မရိပ်သာတွင် ၁၂-၄-၂၀၁၃ရက်မှ ၂၂-၄-၂၀၁၃ ရက်အထိ ၁၀ရက်စခန်းကို သဲဖြူတောရ ဓမ္မရိပ်သာကျောင်းမှ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပညာဇောတ(မဟာမြိုင်)ကိုယ်တော်တိုင် ကျင်းပမည်ဖြစ်ပါ၍ ယောဂီများ ဖုန်းနံပါတ်-၉၆၆၇၇၁၆၊ ၉၆၆၂၈၃၆၊ ၉၆၆၆၁၆၃၊ ၆၅၆၆၈၉၊ ၀၉-၈၆၀၁၇၅၁ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ ၁၂-၄-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီ အရောက်လာကြပါရန်။

ဂေါပကအဖွဲ့
သဲဖြူတောရဓမ္မရိပ်သာ

သင်္ကြန်တွင်း ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်ပွဲနှင့် (၅)ရက်အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကျိုက်ဒေးဒလွန်ဘုရားကြီးရှိ မိုးကုတ်ဝိပဿနာ ထေရီဓမ္မရိပ်သာကြီးအတွင်း၌ ၁၃-၄-၂၀၁၃ ရက်မှ ၁၇-၄-၂၀၁၃ ရက်အထိ ငါးရက်အထူးတရားစခန်းပွဲကို ကျင်းပဖွင့်လှစ်သွားမည်ဖြစ်ပါ၍ ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်လိုသူများနှင့် ယောဂီအဖြစ် တရားစခန်းဝင်ရောက်လိုသူများအား ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။

ထေရီဓမ္မရိပ်သာ အကျိုးတော်ဆောင်အဖွဲ့
ဖုန်း-၀၉-၅၄၀၄၃၉၄

ရွှေဝါဝင်းကျောင်း သင်္ကြန်တစ်လတရားစခန်းပွဲ ရှင်အပါး ၁၀၀ ရှင်ပြုပွဲနှင့် သီလရှင်အပါး ၅၀ ဝတ်ပွဲ ကျင်းပမည်

ဒဂုံမြို့သစ်တောင်ပိုင်း၊ (၁၀၄)ရပ်ကွက်၊ ရွှေဝါဝင်းကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် သင်္ကြန်တစ်လအထူးတရားစခန်းပွဲကို ၁၂-၄-၂၀၁၃ရက်မှ ၁၁-၅-၂၀၁၃ရက်အထိ ကျင်းပမည်ဖြစ်ပြီး ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး ဥပနိဿယအတိုင်း ရွှေဝါဝင်းဆရာတော် ဒေါက်တာအရှင်အာသဘ(Ph.D)မှ ဟောကြားပြသမည်။ တရားစခန်းဝင်လိုသောယောဂီများသည် ၁၁-၄-၂၀၁၃ရက်နေ့ ညနေ ၄ နာရီအရောက် ကြွရောက်ပေးကြရမည်။ ရှင်အပါး ၁၀၀ရှင်ပြုပွဲနှင့်သီလရှင်အပါး ၅၀တ်ပွဲကို ရွှေဝါဝင်းဆရာတော် အမှူးပြုသော ရှင်ဒါယကာ ဒါယိကာမ အပေါင်းတို့မှ စုပေါင်းပြုလုပ်လှူဒါန်းကုသိုလ်တော်ပြုကြပါမည်။ ရှင်သာမဏေလောင်းများနှင့်သီလရှင်လောင်းများသည် ၄-၄-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀ နာရီအရောက် ကြွရောက်ရန်နှင့် ရှင်ဒါယကာ ဒါယိကာမအဖြစ် ခံယူလိုသော အလှူရှင်များ သို့မဟုတ် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၁၂၉၆၅၆၊ ၀၉-၄၉၃၀၉၅၂၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ သုဓမ္မာလမ်း၊ မြေကွက်အမှတ်(၁၀၄၉-ခ)၊ မြေအကျယ်အဝန်းပေ(၂၀×၅၀)၊ နှစ်၆၀ဂရန်မြေပေါ်ရှိ အိမ်နှင့်မြေကို လက်ဝယ်ပိုင်ဆိုင်သည့်ဦးညို CG-၀၃၁၇၄၅ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဲစုထွေး LL.B., D.B.L. D.M.L, D.I.L **ဦးမြတ်ထွန်း B.Sc, R.L**
အထက်တန်းရှေ့နေ(စဉ်-၂၇၁၂၈) **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၉၀)**
အမှတ် ၅၅၊ ၁၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၆၅၀၉၀၃

တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် မဟာသင်္ကြန်(၁၀)ရက် အဓိဋ္ဌာန်အထူးတရားစခန်းပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်များ၏ ဦးစီးပဓာနမဟာနာယက ကျေးဇူးတော်ရှင် သက်တော်ရှည် ဆရာတော်ကြီးကိုယ်တိုင်ဦးစီး၍ မဟာသင်္ကြန် ၁၀ရက် အဓိဋ္ဌာန် အထူးတရားစခန်းကို ၁၂-၄-၂၀၁၃ရက်မှ ၂၁-၄-၂၀၁၃ရက်အထိ ဟောကြားပြသ ပေးမည်ဖြစ်ပါ၍ ယောဂီများသည် ၁၁-၄-၂၀၁၃ရက် ညနေ ၄ နာရီအရောက် လာရမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိလိုပါက ဖုန်း-၆၃၇၂၈၁၊ ၆၃၅၄၂၄၊ ၆၃၅၀၂၇ တို့သို့ ဆက်သွယ်နိုင်ပါသည်။

မွေးနေ့မင်္ဂလာ၊ ဂုဏပူဇာနှင့် ဓမ္မရေဓမ္မာရုံတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်များ၏ ဦးစီးပဓာနမဟာနာယက ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေ၊ ရွှေပြည်သာမြို့ဦး၊ သာဓုကန်စေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပ ပရိယတ် ပဋိပတ် သာသနာပြုအကျော် ကျေးဇူးတော်ရှင် သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်၏ သက်ပြည့်သက်ကျော် သက်တော်(၈၁)နှစ်ပြည့် မွေးနေ့မင်္ဂလာ၊ စာအောင်သံဃာ ဂုဏပူဇာနှင့် ဓမ္မရေဓမ္မာရုံတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာကို ၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက် (၇-၄-၂၀၁၃ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း။

“ကန့်ကွက်နိုင်ကြောင်းကြော်ငြာ”

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဂ၀)၊ မြေကွက်အမှတ် (ဂ-ကေ) ၊ ဧရိယာ(၀.၀၇၅) ဧကရှိ မြေပိုင်မြေ (မစိုက်ပျိုးမြေ) ကွက်နှင့်ယင်း မြေကွက်နှင့် ဆက်နွယ်သည့် အကျိုးခံစား ခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးသိန်းဝင်းအောင်(၁၂/ပဇတ(နိုင်) ၀၂၀ဂ၃ဂ) နှင့် (၂) ဒေါ်မာလာကျော် (၁၂/လမန (နိုင်) ၀၀၀၁၃၂) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း မူရင်းများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဝင်အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်ညွှန်ကြားချက်အရ –
ဦးအောင်မြတ် (B.Sc, H.G.P)
အထက်တန်းရှေ့နေ
အမှတ် (၅၀)၊ ဒုတိယထပ်၊ အခန်း– (၉)၊
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉– ၄၃၁၁၇၀၉၆

ပြင်ဦးလွင်မြို့ရှိ ဘန်ဂလိုငယ်(အသစ်)ပါသော
ရှုခင်းအလွန်ကောင်းသည့်မြေကွက်
အမြန်ရောင်းမည်။
မြေအကျယ် – (65' x 75') ၊ ဈေးနှုန်း – (450) သိန်း
Contact Ph : 09 402551 478

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B.) နှင့်သာဆက်သွယ်ပါ

ရေးမူမပျက်ခေတ်မီလှပသောနာမည်လှလှလေးများကိုဖုန်းသာ ဆက်လိုက်ပါ ကင်ပွန်းတပ်ရက်/မင်္ဂလာမော်ကွန်း/ဇာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်

အဟောများ/မိဘနာမည်တွဲသုံး ပုံလမ်းညွှန်/တစ်သက်တာ ဟောစာတမ်းများ/နာမည်ပေး ပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင် ထူးချွန်သောကလေး ဖြစ်စေရန်အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ် အလုံးစုံ ပါဝင်သောအကြားအမြင်ဟောစာတမ်း ပါဦးမည် ကလေးအတွက်အစုံပါသည်။ လာရွေး၆၀၀၀ိ/ အိမ်ပို့ ၇၀၀၀ိ နယ်သို့စာတိုက်မှပို့မည်လူကြီးလိုရာမေး/ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။

အမှတ်(၄၆) မြေညီထပ် (၉၀)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့။
☎01-394727,01-399426,09-73009994, 095152521 (ပိတ်ရက်မရှိ)

သင်္ကြန်လက်မှတ်ရောင်းပြီ
OASIS
ကျိုက်ထီးရိုး
ချောင်းသာ(စား/တည်းငြိမ်း)
Ph:09-5038616, 09-73242469
09-73103031

တစ်ဦးတည်းဖြစ်ပါကြောင်း

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ နမဒါ ကျေးရွာနေ ဦးစံအောင်ကျော်၏သမီး မသန်းသန်းဝေ ၁၁/ကတန(နိုင်)၀၄၈၀၁၆ နှင့် မခင်သန်းဝေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မသန်းသန်းဝေ(ခ)မခင်သန်းဝေ**

အမည်ပြောင်း

တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်နေ ဦးဘိုလေး၏သမီး နန်းဆီထောင်း ၁၃/တခလ(နိုင်)၀၅၉၅၂၁အား ယနေ့မှစ၍ နန်းကြာဖြူသင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **နန်းကြာဖြူသင်း**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တ/ဥက္ကလာပ၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်းမကြီး၊ အင်းဝမှတ်တိုင်အနီး ပေ(၄၁×၆၀) (ပွဲစားမလို) မြေနှင့်တိုက်၊ ရေ၊ မီး၊ ကြိုးဖုန်းပါသည်။
ဖုန်း-၀၁-၉၆၉၉၇၁၁၊ ၀၁-၉၆၉၀၁၂၃၊ ၀၉-၄၅၀၀၀၁၉၈၆

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်စုကို ၈/ပခက(နိုင်)၁၄၂၉၇၆နှင့် ဦးဝင်းမျိုးဦး ၁၀/မလမ(နိုင်)၀၀၅၀၃၀တို့သည် ၂၀၀၄ခုနှစ်တွင် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ဦးဝင်းမျိုးဦးသည် ယခုအခါ ဇနီးဖြစ်သူအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ပြုမူခြင်း၊ လူမှုပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာညှိုးနွမ်းအောင် အမျိုးမျိုးပြုမူပြောဆိုခြင်းများကြောင့် ကျွန်ုပ်၏မိတ်ဆွေက ဦးဝင်းမျိုးဦးနှင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း၊ ထို့အပြင် ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသမျှ ကိစ္စအဝဝတို့သည် ဒေါ်မြတ်စုကိုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မြတ်စုကို၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အုံးအုံး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၅၁၃၅)
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်၊ ဖုန်း-၀၉-၇၃၀၀၇၅၃၄

ကန့်ကွက်နိုင်ပါသည်

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်အတွင်းရှိ အကွက်အမည် (၉/၂)တာပူ၊ ဦးပိုင်အမှတ် (၉/၂)ဟုခေါ်တွင်သော ဦးအဒီးဇတ်လိုက်(ကွယ်လွန်)၏ မြို့မြေခွန်ပြေစာ အမည်ပေါက် မြေကွက်၏ တောင်ဘက်ခြမ်းကို ကျန်ရစ်သူဇနီးဖြစ်သည့် ဒေါ်မတင် ၁/မကန(နိုင်)၀၆၄၉၄၂က အဆိုပါမြေကွက်နှင့်စပ်လျဉ်းပြီး လွှဲပြောင်းခြင်းအမျိုးမျိုးကို လိုအပ်သလိုပြုလုပ်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ပြောဆိုနိုင်ပါသည်။ ယင်းနေ့ကျော်လွန်သည့်တိုင် ကန့်ကွက်မှုမရှိပါက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မတင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ထွန်းသိန်း
အထက်တန်းရှေ့နေ၊ စဉ်-၃၁၉၇၈
အမှတ် (၂၆၁/၇)၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့
ဖုန်း-၀၉-၄၇၀၀၁၀၃၁၊ ၀၉-၄၃၁၅၅၉၁၁

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၆၉၀၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာအောင်မြင့် ၉/ပဥလ(နိုင်)၀၀၃၈၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၈၇၉၂၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးကြည် ၉/မမန(နိုင်)၀၂၅၀၄၈ကေ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)

ကြော်ငြာ

ဂင်္ဂါမြေ

ပြည်တွင်းအဆင့်မြင့်ခရီးစဉ်များ
(၃)ဦးဝယ်လျှင်+(၁)ဦးအခမဲ့

* လားရှိုး၊မူဆယ်၊ရွှေလီ၊မန်စီ	Apr 12	(320000)
* ထားဝယ်(ရှင်ကိုးရှင်)၊မောင်းမကန်	Apr 12	(250000)
* တောင်ကြီး၊အင်းလေး၊ပင်းတယ	Apr 12	(190000)
* ရွှေစက်တော်၊ပုဂံ၊ပခုက္ကူ	Apr 12	(180000)
* မြဝတီ၊မဲဆောက်၊ဖဝေါ	Apr 13	(250000)
* ကသာပ၊မန္တလေး၊ပြင်ဦးလွင်	Apr 13	(230000)
* ပုဂံ၊မန္တလေး၊ပြင်ဦးလွင်	Apr 12/13	(210000)
* ကျိုက်ထီးရိုး၊မော်လမြိုင်၊ကျိုက္ခမီ	Apr 13	(160000)

0973340050,0973340051,0973340052,09420187871
09420187872,09420187873 အမှတ်(၁၀၀)၊လမ်းသစ်လမ်း၊လမ်းမတော်မြို့နယ်။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဝင်းနိုင်၏ နိုင်ငံကူးအမှတ် A-၂၈၂၃၁၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

ဖုန်း-၀၉-၄၂၀၁၈၀၃၀၃၊ ၀၁-၃၉၈၂၄၇

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၆
ကွယ်လွန်သူ မအေးအေးလှိုင် (ဘ) ဦးသန်းနွဲ့၏ ကျန်ရှိသောပစ္စည်းအကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ် ၁၂၆နေ ဒေါ်စန်းစန်းဝင်းက ကွယ်လွန်သူမအေးအေးလှိုင်၏ မိခင်အရင်းဖြစ်သည်ဟူ၍ အထက်လိပ်စာနေ မအေးအေးလှိုင်၊ အင်းစိန်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် စုဆောင်းခဲ့သော ငွေကျပ် ၁၅၀၀၁၀၀ နှင့် စာရင်းသေအပ်ငွေပေါင်း ၂၇၉၀၀၀၀၀/- တို့ ကျန်ရှိရစ်သောကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများသိရှိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ မအေးအေးလှိုင်မှာ ကျန်ရှိရစ်သောပစ္စည်းများအပေါ် ရရန်ရှိသူတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ် ဧပြီ ၁၀ ရက် (၁၃၇၄ ခုနှစ် တပေါင်းလကွယ်နေ့) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူဒေါ်စန်းစန်းဝင်း၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်စာရသင့် မသင့် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် မတ် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်သိန်း)
ခရိုင်တရားသူကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

သေတမ်းစာအတည်ပြု ချက်လက်မှတ်လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံခြင်းဥပဒေပုဒ်မ-၂၂၂ အရ)
မြစ်ကြီးနားခရိုင်တရားမရုံးတော်၌
၂၀၁၃ ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ် (၈)

ကွယ်လွန်သူ ဦးကွမ်ရင်ဘောက်နော် ၁/မကန(နိုင်)၀၁၃၅၇၂၌ ကျန်ရစ်သောပစ္စည်းအကြောင်း။

ဦးကွမ်ရင်ဝွန်ဂျတ် ၁/မကန(နိုင်)၀၁၄၄၆၅ **လျှောက်သူ**

အမှတ် (၈၂)၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့နေ ဦးကွမ်ရင်ဝွန်ဂျတ်က ကွယ်လွန်သူ ဦးကွမ်ရင်ဘောက်နော်၏သေတမ်းစာကို ဆောင်ရွက်သူအဖြစ် ခန့်အပ်ကြောင်း၊ ဦးကွမ်ရင်ဘောက်နော်၏ သေတမ်းစာပါအတိုင်း ပစ္စည်းများကို စီမံခန့်ခွဲနိုင်ရန် သေတမ်းစာအတည်ပြုလက်မှတ်ကို ရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကွမ်ရင်ဘောက်နော်၏ သေတမ်းစာအတည်ပြုပေးရန် ခန့်အပ်ထားခြင်းကို ကန့်ကွက်လိုသူများသည် ဤရုံးသို့ ၂၀၁၃ ခုနှစ် ဧပြီ ၃ ရက် (၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ၏လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(နေလင်း)**

ဒုတိယခရိုင်တရားသူကြီး(၂)၊ မြစ်ကြီးနားခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
မြစ်ကြီးနားမြို့နယ်တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၈

ဒေါ်ဆွေကြောင်	**နှင့်**	ကိုဇော်သက်(ခ)ဖိုးသား
အမှတ်(၁/၅၆)		အမှတ် ၁/၃၆၀၊ အေးမြသာယာ
ကဝါးခကျေးရွာ		အပိုင်း(၅)၊ မြို့သစ်ကြီးရပ်ကွက်၊
မြစ်ကြီးနားမြို့		မြစ်ကြီးနားမြို့
တရားလို		**တရားပြိုင်**

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အေးမြသာယာအပိုင်း(၅)၊ အမှတ် ၁/၃၆၀ နေ ကိုဇော်သက်(ခ) ကိုဖိုးသား (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ဆွေကြောင်က လင်မယားကွာရှင်းပြတ်စဲခွင့်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဧပြီ ၂၆ရက် (၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မတ် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ဇော်မင်း**

ဒုတိယမြို့နယ်တရားသူကြီး(၁)
မြစ်ကြီးနားမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဒေါ်ဟွမ်စီမေ	**နှင့်**	ဦးမောင်အေး(ခ)ဦးတင်ဇ
တရားလို		**တရားပြိုင်**

၁။ ဦးမောင်အေး(ခ) ဦးတင်ဇ အမှတ်(စီ-၃/၉၀)၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ဟွမ်စီမေက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်ထုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၆)၊ ဦးပိုင်အမှတ် ၃၀၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဦးမောင်အေး(ခ)ဦးတင်ဇ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် တရားလိုသာ တရားဝင် လက်ရှိထား နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် တရားလို တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၅ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **တင်မျိုး**

ဒုတိယမြို့နယ်တရားသူကြီး(၃)
ချမ်းမြသာစည်မြို့နယ်တရားရုံး

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၆၆)
ကသာခရိုင်တရားရုံး၌
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅

စိုးသီဟ	**နှင့်**	၁။ ဒေါ်တင်မာလွင်
		၂။ ဦးကျော်ကျော်နိုင်
တရားနိုင်		**တရားရှုံးများ**

ကသာခရိုင်တရားရုံး၊ ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၇ တွင် ချမှတ်သည့် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၃ ခုနှစ် မေ ၆ရက် (၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက်) နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်သူများသည် ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ကသာမြို့၊ အမှတ် (၄)ရပ်ကွက်ရှိ၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ သစ်တောရုံးမြေကွက် အမှတ် ၁၁၄၊ ဦးပိုင်အမှတ် ၃-င၊ မြေနှင့်ယင်းမြေပေါ်ရှိ ၃×၄ခန်း သုံးထပ်တိုက်တစ်လုံး၊ ဧရိယာ $\frac{၀ဒသမ၁၂၀ဧက}{၅၂၅၀}$ ပေနှင့် ဆောင်တွဲမီးဖိုပါက အဆောက်အအုံ (၁)တရားရှုံးမိသားစု လက်ရှိနေထိုင်လျက်ရှိသော ဘယ်ဘက်အဖီအဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၁၅၀

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သူဈေးနှုန်းမှာ ရောင်းချမည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်နှုန်းကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူသည် ကျန်ငွေအားလုံးကို လေလံတင်ရောင်းချသည့်ရက်ပယ်၍ ၁၅ရက်မြောက်တွင် တရားရုံးသို့ အပြေအကျေ ပေးသွင်းရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဆုံး ရုံးတော်စတင်ဖွင့်လှစ်သည့်ရက်တွင် ပေးသွင်းရမည်။

၆။ လေလံကျန်ငွေများကို အထက်ပါရက်များတွင်ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့်လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၇။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ချက်ရှိသည်။

၂၀၁၃ ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မောင်မောင်ကျော်)
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး
ကသာမြို့

ရွှေစေတီကျောင်းတိုက်သစ်ကြီး ရေစက်ချအလှူတော်မင်္ဂလာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ခနောင်ကျေးရွာ (အနောက်) ရွှေစေတီကျောင်းတိုက်သစ်ကြီး ပြန်လည်တည်ဆောက်နိုင်ရန် သဒ္ဓါရှင်လန်းလှူဒါန်းကြသော သာသနာ့ဆွေတော်မျိုးတော်တို့အား ရေစက်ချဝမ်းမြောက်နမော် သာဓုခေါ်ဆိုနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ နှီးဆော်ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၃-၄-၂၀၁၃ ရက် (တပေါင်းလပြည့်ကျော် ၈ ရက်)
ကျင်းပမည့်နေရာ- ရွှေစေတီကျောက်တိုက်၊ ခနောင်အနောက်ဘက်ကမ်း၊

သာသနာ့ဥပဋ္ဌာကအဖွဲ့

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
မြစ်ကြီးနားခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၆
ကွယ်လွန်သူ ဦးကံချွန်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဒေါ်မြသင်းသင်း ၁/မကန(နိုင်)၀၈၇၁၄၂ **လျှောက်ထားသူ**

အမှတ် (၇၀၀)၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့နေ ဒေါ်မြသင်းသင်းက ကွယ်လွန်သူ ဦးကံချွန်၏ မိခင်အရင်းဖြစ်သည်ဟူ၍ အထက်ပါကွယ်လွန်သူ ဦးကံချွန်၏ ကျန်ရစ်ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံခွင့် သက်သေခံလက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုဆိုခဲ့သောလျှောက်ထားကြောင်းကို အများလူတို့ သိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကံချွန် ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ် ဧပြီ ၂၄ ရက် (၁၃၇၄ ခုနှစ် တန်ခူးလဆန်း ၁၄ရက်)နံနက်၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူဒေါ်မြသင်းသင်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် မတ် ၁၉ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(နေလင်း)**

ဒုတိယခရိုင်တရားသူကြီး(၂)၊ မြစ်ကြီးနားခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၆၀(L_{17})၊ မြေကွက်အမှတ် ၁၄၆၄ အမည်ပေါက် ဦးသိန်းအောင် AB-၀၄၁၅၇၉ က ဓာတ်ပုံမိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဓာတ်ပုံမိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၉၈၊ မြေကွက်အမှတ် ၇၉/စ၊ မြေကွက်တည်နေရာအမှတ်-၇၉/စ၊ ၃၉၈(ပဲမီကုန်း) အင်းစိန်၊ A ဘဂေါင်း အမည်ပေါက် B- မြေပိုင် လ/န ၃၉ ရပြီး မြေဧရိယာ ၁၂ ဒသမ ၆၃၀ ဧက အနက်မှ ပေ(၁၀၀×၉၀)အား ဒေါ်အုန်းသွင်(ဘီလစ်)မှ တရားမကြီးမှုအမှတ်-၆၇/၂၀၁၂နှင့် တရားမဇာရီမှုအမှတ်-၄၇/၂၀၁၂တို့အရ တရားရှုံးများကိုယ်စား အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

သက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ အမှတ်(G-7)၊ ခရေပင်လမ်း၊ ၄၁/တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၄၁ တိုးချဲ့၊ မြေကွက်အမှတ်(G-7)၊ ဧရိယာ ၀ ဒသမ ၂၂၂ဧကရှိ နှစ်၆၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးသည် ဦးထွန်းရင်ဦး MPN-၀၀၄၇၈၈ အမည်ပေါက်ဖြစ်ပါသည်။ အမည်ပေါက်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၃၇၄၂/၂၀၀၇အရ ပိုင်ဆိုင်သူဒေါ်စိန်ခိုင် ၁၂/ပဘတ(နိုင်)၀၁၂၂၄၅ ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၄၀၆၇/၂၀၀၇ ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်သီတာဝင်း ၁၂/မရက(နိုင်)၀၂၀၅၀၅ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ (စဉ်-၇၁၂၄)	**ဒေါ်ဖြိုးဖြိုးမြင့် (စဉ်-၂၉၈၁၂)**
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁)	**အထက်တန်းရှေ့နေ**

တရားလွှတ်တော်ရှေ့နေများ
အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်)၊ ခန္တီလမ်း၊ (၁၄၀)ရပ်ကွက်၊ အမှတ်(၇၇၄/ခ)ရှိ မြေကွက်မှာ ဦးမြသင်းနိုင်(၁၂/ကမန(နိုင်) ၁၁၁၃၆၃)အမည်ဖြင့် အိုးအိမ်ဦးစီးဌာနတွင် မှတ်သားတည်ရှိသော အထက်လိပ်စာပါ မြေကွက်၏မြေချပါမစ်အား သမီးဖြစ်သူ ဒေါ်အေးအေးမွန် (၁၂/သကတ(ယ) ၀၀၇၂၁၃)မှ ထုတ်ယူမည်ဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဇော်မင်းနိုင် (စဉ် ၂၉၇၃၇)	ဒေါ်သက်စုရည် (စဉ် ၂၈၅၀၈)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
ဖုန်း - ၀၉၇၃၉၀၃၃၀၇	ဖုန်း - ၀၉-၄၂၁၀၂၄၈၈၆

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၂၇လမ်း၊ အမှတ်၂၀၁၊ ဧရိယာပေ (၁၀×၆၀)မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ကျွန်တော်၏မိတ်ဆွေ ဦးသစ်လွင် ၁၂/ဥကတ(နိုင်)၀၆၈၈၀၄ နှင့် ၎င်း၏ညီမ ဒေါ်မြကြာဖြူတို့ အတူတကွပိုင်ဆိုင်သော မြေနှင့်အဆောက်အအုံဖြစ်ပါသည်။

အထက်ပါမြေနှင့် မြေပေါ်ရှိအဆောက်အအုံအား ကျွန်တော်၏မိတ်ဆွေဦးသစ်လွင်မှ တရားဝင်ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းခြင်းများ မပြုကြပါရန်နှင့် အထက်ပါတားမြစ်ချက်များအားပြုမူခဲ့ပါက ပြုမူသူများအား သက်ဆိုင်ရာတရားဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

ဦးသစ်လွင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ကျော်မိုး (ဥပဒေအဖွဲ့)
အထက်တန်းရှေ့နေ
(ရုံး)ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်